http://www.dhammadownload.com

၁၀၀၀

ပထမငယ်တန်း

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း

# ပထမငယ်တန်း

# ဥကာကျော်စွဓ

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း

http://www.dhammadownload.com

၁၀၀၀

# ပထမငယ်တန်း

# [illegible]

အရှင်ကောဝိဒ

ဝိနယဓရ၊ ဝိနယကောဝိဒ

ကန့်ဦးဇေတဝန်စာသင်တိုက်

ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ

မရမ်းကုန်း

http://www.dhammadownload.com

၁၀၀၀

# ပထမငယ်တန်း

# ဥက္ကာဝေကျောင်ဓုဍ

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရုပ်စ်မိုင်ခွဲ
မရမ်းကုန်း

http://www.dhammadownload.com

ပထမငယ်တန်း

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန်ဦးစေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း

http://www.dhammadownload.com

စာမူခွင့်ပြုချက် ၂၉/၉၅(၉)
အဖုံးခွင့်ပြုချက် ၄၂/၉၅(၁၀)
ထုတ်ဝေသူ ဦးမြသန်း(၀၁၀၅၀)အသိုင်းအဝိုင်းစာပေ
အမှတ် ၃၅၊ဗွဲစုံရပ်ကွက်၊
ကမ္ဘာအေး၊ ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းစာသား
ပုံနှိပ်သူ – ဦးဝင်းအောင် (၀၅၁၃၁)၊ သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ်(၈၄)၊ လမ်း(၅၀)၊ ပုဇွန်တောင်၊ ရန်ကုန်။

http://www.dhammadownload.com

## နိဒါန်း

အဘိဓမ္မာတရားဟူသည် အလွန်ထူးသော အလွန်မြတ်သော အမှန်တကယ်အရှိတရားများဖြစ်ရာ ထိုတရားများကို အကြွင်းအကျန်မရှိ ပြီးပြည့်စုံအောင် ဟောနိုင်ဘို့သည် သာမန်ဉာဏ်တို့၏အရာမဟုတ်ပါ၊ နှစ်ပေါင်း+ ဘဝပေါင်း+ ကမ္ဘာပေါင်းအသင်္ချေ်များစွာ ကျိုးစားရှာဖွေမှ ရရှိသော သဗ္ဗညုတဉာဏ်တို့၏ အရာသာဖြစ်ပါသည်။

ထိုကဲ့သို့ ထူးကဲမွန်မြတ်၍ များပြားလှစွာသော အမှန်တကယ်ရှိသော အဘိဓမ္မာတရားများကို ထူးကဲသော သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပြီးပြည့်စုံအောင် ကျယ်ကျယ်ပြန့်ပြန့် အဘိဓမ္မာ(၇)ကျမ်းအနေအားဖြင့် ဟောကြားထားရာ ထိုအဘိဓမ္မာ(၇)ကျမ်းလာ အဓိပ္ပါယ်+သဘော+ သရုပ်များ ခြုံမိငုံမိအောင် တစ်ကျမ်းတစ်စောင်တည်းဖြင့် အကျဉ်းချုံး၍ရေးသားဘို့ရာလည်း မလွယ်ကူသော ကိစ္စတရပ်ဖြစ်ပါသည်၊သို့အတွက် အဘိဓမ္မာ(၇)ကျမ်းလာ အဓိပ္ပါယ်+ သဘော+ သရုပ်များ ခြုံမိငုံမိဒေဂင်အကျဉ်းချုံး၍ တစ်ကျမ်းတစ်စောင်တည်းဖြင့် သင်္ဂြိုဟ်ကျမ်းကို ရေးသားထားသောအနုရုဒ္ဓါထေရ်၏ ဉာဏ်စွမ်းရည်ကို ချီးကြူးကြရ+ ပူဇော်ကြရပါသည်။

သင်္ဂြိုဟ်ကျမ်းသည် ထိုသို့တစ်ကျမ်းတစ်စောင်တည်းဖြင့် အဘိဓမ္မာ(၇)ကျမ်းလာ အဓိပ္ပါယ်+ သဘော+ သရုပ်များ ပြည့်စုံသောကြောင့်ပင် ထိုသဘောအဓိပ္ပါယ်များ သတ္တဝါတို့၏ နှလုံးသားထဲသို့ အမြန်ဆုံး ရောက်ရှိနိုင်ရန် ရည်ရွယ်၍ အမြော်အမြင်ကြီးမားသော ပုဂ္ဂိုလ်တို့က စာမေးပွဲလောက၌ ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့ကြပါသည်၊ ထိုသင်္ဂြိုဟ်ကျမ်း၌ တိမ်မြုပ်ငုပ်လျှိုးနေသော သဘောအဓိပ္ပါယ်များကို သိသာထင်ရှားအောင် အရှင်သုမင်္ဂလသာမိ မထေရ်သူမြတ်သည် အဘိဓမ္မတ္ထဝိဘာဝိနီခေါ် ဋီကာကျော် ကျမ်းကို ရေးသားတော်မူခဲ့ပြန်ပါသည်။

http://www.dhammadownload.com

ဤအရှင်သည်လည်း ဋီကာကျော်ကျမ်းနှင့် ပတ်သက်၍ သောတုဇနေ အရှင်သူမြတ်တို့၏ အခက်အခဲများကို ကူညီဖြေရှင်းပေးလိုသော ဆန္ဒများ ဖြစ်ပေါ်နေသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဆန္ဒမပြည့်ဝနိုင်ခဲ့ဘဲ ယခုမှပင် သောတုဇနေအရှင်တို့၏ တွေ့ကြုံနိုင်သော အခက်အခဲများကို တဖက်တလမ်းမှ ကူညီဖြေရှင်းပေးနိုင်မည့်"ဋီကာကျော်နိတိ"အမည်ရှိသည့် စာတမ်းတစ်စောင်ကို ရေးသားလိုက်ရပါသည်။

ဤဋီကာကျော်နိတိကျမ်း၌ ဋီကာကျော်လာ အဓိပ္ပါယ်များကိုသာ သီးသီး သန့်သန့် စီစဉ်ထားသည့်အတွက် စာမေးပွဲဝင် အရှင်မြတ်များသည် ဆိုင်ရာ ဆိုင်ရာ အတန်းအသီးသီး၌ အလွယ်တကူ ကြည့်ရှု မှတ်သားနိုင်ခြင်းဖြင့် အောင်ပွဲအဆင့်ဆင့် ဆွတ်ခူးနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ထိုသို့စာမေးပွဲဝင်အရှင်သူမြတ်များ ဋီကာကျော်နိတိကျမ်း အထောက်အကူကြောင့် အောင်ပွဲဆင်နိုင်ကြမည်ဆိုလျှင် ဤအရှင်သည်လည်း ဝမ်းသာရွှင်လမ်း ပီတိပန်းများ ပွင့်လမ်းမည်သာဖြစ်ပါသတည်း။

အရှင်ကောဝိဒ
(တိပိဋက ဝိနယဓရ ဝိနယကောဝိဒ)
ပုရိမပဋ္ဌပကရဏအာဘိဓမ္မိက
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ကန်ဦးဓေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း+ရှစ်မိုင်ခွဲ
မရမ်းကုန်း
☎ ၆၃၀၉၈ — (၁၅–၇–၉၁)

http://www.dhammadownload.com

http://www.dhammadownload.com



# နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**မေး။** သဂြိုဟ်ကျမ်း၏ ဂုဏ်ထူးရှိသေသတို့ကို ဋီကာကျော်လာသည့်အတိုင်း ရေးပါ။

**ဖြေ။** (၁)အလွန်မြတ်သော ဆန်းကျယ်သောနည်းတို့ဖြင့် ပြည့်စုံခြင်း၊
(၂)မိမိအယူ,သူတစ်ပါးတို့၏အယူဟည်းဟူသော တောအုပ်သို့ ဉာဏ်ဖြင့် သက်ဝင်ခြင်းငှါစွမ်းနိုင်ခြင်း၊
(၃)အလွန်အညစ်အကြေးကင်းသော ပြန့်ပြောသော ပညာကို ဖြစ်စေနိုင်ခြင်း၊ တို့ဖြစ်ပါသည်။

**မေး။** သမ္မာသမ္ဗုဒ္ဓ မတုလံ စသောဂါထာကို အဘယ်အကျိုးငှါ အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုပါသနည်း။

**ဖြေ။** (၁)ရတနတ္တယပဏာမ၊ (၂)အဘိဓေယျ၊ (၃)ကရဏပ္ပကာရ (၄)ပကရဏာဘိဓာန၊ (၅)ပယောဇဉ် ဤငါးမျိုးတို့ကို ပြခြင်းအကျိုးငှါ မိန့်ဆိုပါသည်။

**မေး။** ရတနတ္တယပဏာမကို အဘယ်ပါဌ်ဖြင့် ပြပါသနည်း။

**ဖြေ။** ရတနတ္တယပဏာမကို သမ္မာသမ္ဗုဒ္ဓ (ပ) အဘိဝါဒိယ ဟူသော ပါဌ်ဖြင့် ပြပါသည်။

**မေး။** အဘိဓမ္မတ္ထသင်္ဂဟံ ဟူသောပါဌ်ဖြင့် အဘယ်ကို ပြပါသနည်း။

**ဖြေ။** အဘိဓမ္မတ္ထသင်္ဂဟံ ဟူသောပါဌ်ဖြင့် (၁)အဘိဓေယျ (၂)ကရဏပ္ပကာရ (၃)ပကရဏာဘိဓာန တို့ကို ပြပါသည်။

http://www.dhammadownload.com



**မေး။** အဘိဓမ္မတ္ထသင်္ဂဟ ဟူသောပါဠိဖြင့် အဘိဓေယျကို အဘယ်ကြောင့် ပြနိုင်ပါသနည်း။

**ဖြေ။** အဘိဓမ္မာ၌ ဟောတော်မူအပ်သောတရားတို့ကို ဤသင်္ဂြိုဟ်ကျမ်း၌ အကျဉ်းပေါင်းရုံး၍ ယူထားအပ်သည်ကို ပြီးစေအပ်သည်၏ အဖြစ်ကြောင့် အဘိဓေယျကို ပြပါသည်။

**မေး။** အဘိဓမ္မတ္ထသင်္ဂဟဟူသောပါဠိဖြင့် ကရဏပ္ပကာရကို အဘယ်ကြောင့် ပြနိုင်ပါသနည်း။

**ဖြေ။** အဘိဓမ္မတ္ထသင်္ဂြိုဟ် တစ်ကျမ်းတည်းမှာပင် အဘိဓမ္မာ၏အနက်များကို အကျဉ်းပေါင်းရုံး၍ ဆိုပုံအခြင်းအရာကို ပြသောကြောင့် ကရဏပ္ပကာရကို ပြနိုင်ပါသည်။

**မေး။** အဘိဓမ္မတ္ထသင်္ဂဟ ဟူသောပါဠိဖြင့် ပကရဏာဘိဓာနကို အဘယ် ကြောင့် ပြနိုင်ပါသနည်း။

**ဖြေ။** အဘိဓမ္မာ၏အနက်များကို ဤသင်္ဂြိုဟ်ကျမ်း၌ ပေါင်းရုံးယူထားသော အားဖြင့် အနက်သို့အစဉ်လိုက်သောအမည်ကို တစ်ဖန်ပြသောကြောင့် ပကရဏာဘိဓာနကို ပြနိုင်ပါသည်။

**မေး** ပယောဇဉ်ကို အဘယ်ပါဠိဖြင့် ပြပါသနည်း။

**ဖြေ။** အဘိဓမ္မတ္ထသင်္ဂဟ ဟူသောပုဒ်၌ သင်္ဂဟဟူသောပါဠိဖြင့်ပြပါသည်။

**မေး။** သင်္ဂြိုဟ်ကျမ်း၏ မုချအကျိုး ၊ အနုသင်္ဂိကအကျိုးတို့ကို ရေးပါ။

**ဖြေ။** သင်္ဂြိုဟ်ကျမ်းကို သင်ယူခြင်း ၊ အဘန်တစ်လဲလဲ မေးမြန်းခြင်း စသည်တို့၏အစွမ်းအားဖြင့် ထိုအဘိဓမ္မာ၌ ဟောအပ်သောအနက်တို့၏

http://www.dhammadownload.com



သရုပ်လက္ခဏာကို အလွယ်တကူသိနိုင်ခြင်းသည် မုချအကျိုး။ ထိုသို့သိရခြင်းကို အရင်းပြုသဖြင့် မျက်မှောက်ဘဝ၌ဖြစ်သော အကျိုးတရား ,တမလွန်ဘဝ၌ဖြစ်သောအကျိုးတရား,အန္တရာယ်မရှိဘဲ ပြီးပြည့်စုံနိုင်ခြင်းသည် အနုသင်္ဂိကအကျိုးများ ဖြစ်ပါသည်။

**မေး။** ရတနတ္တယပဏ္ဏာမ၏ တရားကိုယ်ကို ထုတ်ပြပါ။

**ဖြေ။** ရှိခိုးခြင်းကြိယာကို ပြီးစေတတ်သော ကုသိုလ်စေတနာကို ရပါသည်။

**မေး။** ရတနာသုံးပါးကို ရှိခိုးခြင်းကြောင့် ရရှိသောအကျိုးတရားတို့ကို ရေးခဲ့ပါ။

**ဖြေ။** (၁)အန္တရာယ်မရှိဘဲ ကျမ်းပြီးစီးခြင်း၊ (၂)စာသင်သားတို့အား ရှိခိုးခြင်း ရှေ့သွားရှိသော အကျင့်ဖြင့် အန္တရာယ်မရှိဘဲ သင်ယူမှတ်သား ဆောင်ရွက်နိုင်ခြင်း ၊အကျိုးရှိပါသည်။

**မေး။** သမ္မာ သာမဥ္စ သမ္ဗုဒ္ဓမ္မေ ၌ သမ္ဗုဒ္ဓမ္မအရ ယူရမည့်တရားတို့ကို ဖော်ပြပါ။

**ဖြေ။** သင်္ခတ ,အသင်္ခတအားဖြင့်ပြားသော အလုံးစုံသောတရားတို့ကို ယူရပါသည်။

**မေး။** သမ္မာသမ္ဗုဒ္ဓံ ဟုဆိုက ပြီးပါလျက် အတုလံသဒ္ဒါထပ်၍ဆိုရခြင်း အကြောင်း ကို ရေးခဲ့ပါ။

**ဖြေ။** သမ္မာသမ္ဗုဒ္ဓသဒ္ဒါသည် မြတ်စွာဘုရား၏ ဂုဏ်ကိုမဟော အမည်ကိုသာ ဟော၍ အတုလံသဒ္ဒါ ထပ်၍ဆိုရပါသည်။

**မေး။** ရတနတ္တယပဏ္ဏာမ၏ တရားကိုယ်ကို ထုတ်ပြပါ။

http://www.dhammadownload.com



**ဖြေ။** ရှိခိုးခြင်းကြိယာကို ပြီးစေတတ်သော ကုသိုလ်စေတနာကို ယူရပါသည်။

**မေး။** အဘိသမ္ဗုဒ္ဓေါအရ အဘယ်တရားဖြင့် အဘယ်ကဲ့သို့ ထိုးထွင်း၍ သိပါသနည်း။

**ဖြေ။** သယမ္ဘုဉာဏ်ဖြင့် ဟုတ်မှန်တိုင်းသော ကိစ္စလက္ခဏာကိုထိုးထွင်း၍ သိ သည်၏အစွမ်းအားဖြင့် သိပါသည်။

**မေး။** သမ္မာသမ္ဗုဒ္ဓမတုလံ ပါဠိဖြင့် ဘုရားရှင်အား အဘယ်အခြင်းအရာတို့ဖြင့် ချီးမွမ်းပါသနည်း။

**ဖြေ။** ဟေတုသမ္ပဒါ,ဖလသမ္ပဒါ,သတ္တုပကာရသမ္ပဒါဟူသော သုံးပါးသော အခြင်းအရာတို့ဖြင့် ချီးမွမ်းပါသည်။

**မေး။** သမ္မာသမ္ဗုဒ္ဓမတုလံမျှသာ မဆိုဘဲ ပသဒ္ဓမ္မဂဏုတ္တမံဟု အဘယ်ကြောင့် ထပ်၍ဆိုရပါသနည်း။

**ဖြေ။** ဓမ္မရတနာ ,သံဃရတနာတို့ကို ရှိခိုးလိုသောကြောင့် ထပ်၍ဆိုပါသည်။

**မေး။** ရတနာသုံးပါးတို့တွင် မုချအားဖြင့် ရှိခိုးအပ်သောရတနာ ,ပရိယာယ်အားဖြင့် ရှိခိုးအပ်သောရတနာတို့ကို ရေးခဲ့ပါ။

**ဖြေ။** အရှင်အနုရုဒ္ဓါသည် ဗုဒ္ဓရတနာကို မုချအားဖြင့် ရှိခိုးပါသည်၊ သသဒ္ဓမ္မဂဏုတ္တမံ၌ သဟသဒ္ဒါနှင့်ယှဉ်ခြင်းကို ထောက်ဆသောအားဖြင့် ဓမ္မရတနာ ,သံဃရတနာတို့ကို ပရိယာယ်အားဖြင့်ရှိခိုးပါသည်။

**မေး။** သသဒ္ဓမ္မဂဏုတ္တမံ၌ပါဝင်သော သဒ္ဓမ္မ၌ ဓမ္မသဒ္ဒါ၏ဂုဏ်သတ္တိနှင့်အရကိုရေးပါ။

http://www.dhammadownload.com



**ဖြေ။** ဓမ္မသည် မိမိကိုဆောင်သူတို့ကို အပါယ်လေးပါးတို့၌ မကျအောင် ပြု၍ ဆောင်ခြင်း၊ ဝဋ်ဆင်းရဲတို့၌ မကျအောင်ပြု၍ ဆောင်ခြင်း ဂုဏ်သတ္တိရှိပါသည်။

၎င်းဓမ္မအရ မဂ်လေးပါး ,ဖိုလ်လေးပါး ,နိဗ္ဗာန် အားဖြင့် (၉)ပါးရပါသည်။ (တနည်း) မဂ်လေးပါး ,ဖိုလ်လေးပါး ,နိဗ္ဗာန် ,ပရိယတ်အားဖြင့် (၁၀)ပါး ရပါသည်။

**မေး။** တရားတော်၏ ဆောင်ပုံအစိပ္ပါယ်ကို ရေးသားခဲ့ပါ။

**ဖြေ။** အပါယ်စသည်တို့၌ဖြစ်စေတတ်သော ကိလေသာကို ဖျက်ဆီးခြင်းကိုပင် ဆောင်သည်ဟု ဆိုပါသည်။

**မေး။** ကိလေသာကို မုချအားဖြင့် သတ်တတ်သောတရား, ပရိယာယ်အားဖြင့် သတ်တတ်သောတရားတို့ကို ရေးခဲ့ပါ။

**ဖြေ။** မဂ်လေးပါးနှင့် နိဗ္ဗာန်သည် မုချအားဖြင့် ကိလေသာကို သတ်တတ်သောတရားဖြစ်ပါသည်၊ ဖိုလ်လေးပါးနှင့်ပရိယတ်သည် ပရိယာယ်အားဖြင့် သတ်တတ်သော တရားဖြစ်ပါသည်။

**မေး။** မဂ်လေးပါး၏ မုချအားဖြင့် ဓမ္မမည်ပုံကို ရေးပါ။

**ဖြေ။** ကိလေသာကို အကြွင်းမဲ့ဖြတ်တတ်သည်၏အဖြစ်ကြောင့် မဂ်လေးပါးသည် မုချအားဖြင့် ဓမ္မမည်ပါသည်။

**မေး။** နိဗ္ဗာန်၏ မုချအားဖြင့် ဓမ္မမည်ပုံကို ရေးခဲ့ပါ။

**ဖြေ။** ကိလေသာကို ဖြတ်ခြင်းကိစ္စပြီးခြင်း၏ အကြောင်းဖြစ်သောကြောင့်

http://www.dhammadownload.com


နိဗ္ဗာန်သည် မုချအားဖြင့် ဓမ္မမည်ပါသည်။

**မေး။** ဖိုလ်လေးပါး၏ ပရိယာယ်အားဖြင့် ဓမ္မမည်ပုံနှင့် ပရိယတ်၏ ပရိယာယ်အားဖြင့် ဓမ္မမည်ပုံတို့ကို အသီးသီး ရေးခဲ့ပါ။

**ဖြေ။** ကိလေသာကို တစ်ဖန်ငြိမ်းစေသည်၏အစွမ်းအားဖြင့် မဂ်အားလျော်စွာဖြစ်ခြင်းကြောင့် ဖိုလ်လေးပါးသည် ပရိယာယ်အားဖြင့်ဓမ္မမည်၏။ မဂ်ဖိုလ်နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့် ပရိယတ်သည် ဓမ္မမည်ပါသည်။

**မေး။** သသဒ္ဓမ္မဂဏာတ္တမံ ၌ သဒ္ဓမ္မမည်ပုံကို ရေးပါ။

**ဖြေ။** သူတော်ကောင်းဖြစ်ကုန်သောအရိယာပုဂ္ဂိုလ်တို့၏ တရားဖြစ်သောကြောင့် သဒ္ဓမ္မမည်၏။

(တနည်း) ပရမတ္ထအားဖြင့် ထင်ရှားရှိသောတရားဖြစ်သောကြောင့် သဒ္ဓမ္မမည်ပါသည်။

(တနည်း)တိတ္ထိတို့ကြံဆအပ်သော အတ္တကဲ့သို့ ပရမတ္ထအားဖြင့် ထင်ရှားမရှိသောတရားမဟုတ်သောကြောင့် သဒ္ဓမ္မမည်ပါသည်။

(တနည်း) သွာက္ခာတစသော ဂုဏ်နှင့်ယှဉ်သော ချီးမွမ်းအပ်သောတရားဖြစ်သောကြောင့် သဒ္ဓမ္မမည်၏။

(တနည်း)သာသနာပြင်ပ တိတ္ထိတို့ဟောအပ်သော တရားကဲ့သို့ စင်စစ်ကဲ့ရဲ့အပ်သော တရားမဟုတ်သောကြောင့် သဒ္ဓမ္မမည်၏။

**မေး။** အဘယ်ကြောင့် သံဃာကို ဂဏဟုငှင်း, ဥတ္တမဟုငှင်း ခေါ်ပါသနည်း။

**ဖြေ။** အရိယာပုဂ္ဂိုလ်တို့၏အပေါင်းဖြစ်သောကြောင့် သံဃာကို ဂဏဟုခေါ်၏

http://www.dhammadownload.com



သုပ္ပဋိပန္နတာအစရှိသော ဂုဏ်ထူးနှင့် ယှဉ်သောကြောင့် သံဃာကို ဥတ္တမ ဟုခေါ်ပါသည်။

**မေး။** အဘိဓမ္မာ၌ဟောအပ်သောတရားတို့သည် အဘယ်ကြောင့် ထူးမြတ်ပါသနည်း။

**ဖြေ။** သမ္မုတိပညတ်မှ သီးခြားထုတ်အပ်သော မဖောက်မပြန် မြတ်သော သဘော၏အဖြစ်ကြောင့် ထူးမြတ်ပါသည်။

**မေး။** အဘိဓမ္မတ္ထသင်္ဂဟ၌ အဘိအရ ,အဘိဓမ္မာအရ, အဘိဓမ္မတ္ထအရ, အဘိဓမ္မတ္ထသင်္ဂဟအရတို့ကို ရေးခဲ့ပါ။

**ဖြေ။** အဘိအရ=မဖောက်မပြန် လွန်ကဲထူးမြတ်သောဂုဏ်ရ၏။
အဘိဓမ္မာအရ=ဓမ္မသင်္ဂဏီစသော အဘိဓမ္မာ(၇)ကျမ်းရ၏။
အဘိဓမ္မတ္ထအရ= စိတ် ,စေတသိက် ,ရုပ် ,နိဗ္ဗာန်ရ၏။
အဘိဓမ္မတ္ထသင်္ဂဟအရ= သင်္ဂြိုဟ်ကျမ်းကိုရ၏။

**မေး။** အဘိဓမ္မာ၌ဟောအပ်သောအနက်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြပါ။

**ဖြေ။** စိတ် ,စေတသိက် ,ရုပ် ,နိဗ္ဗာန်ဖြစ်ပါသည်။

**မေး။** အဘိဓမ္မာ၌ ပရမတ္ထတရားတို့ကို အဘယ်အခြင်းအရာအားဖြင့် ဟောပါသနည်း။

**ဖြေ။** ကုသိုလ်စသည်တို့၏အစွမ်းအားဖြင့်၄င်း, ခန္ဓာစသည်တို့၏ အစွမ်း အားဖြင့်၄င်း ဟောပါသည်။

**မေး။** အဘယ်တရားမျိုးကို စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟုခေါ်ပါသနည်း။

http://www.dhammadownload.com



**ဖြေ။** စိတ်(၈၉)ပါးဟုဆိုအပ်သော ဝိညာဏက္ခန္ဓာကို စိတ်ဟုခေါ်၏။ ဝေဒနာစသော ခန္ဓာသုံးပါးအပေါင်းကို စေတသိက်ဟုခေါ်ပါသည်။ ဘူတရုပ် ,ဥပါဒါရုပ်အားဖြင့်ပြားသော ရူပက္ခန္ဓာကို ရုပ်ဟု ခေါ်ပါသည်။ မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတတရားကို နိဗ္ဗာန်ဟုခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် ပရမတ်ဟု ခေါ်ပါသနည်း။

**ဖြေ။** မဖေါက်ပြန်သည်၏အဖြစ်ကြောင့် ပရမတ်ဟုခေါ်ပါသည်။ (တနည်း)မြတ်သော သမ္မာဉာဏ်၏အာရုံဖြစ်သောကြောင့် ပရမတ်ဟုခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် စိတ်ဟု ခေါ်ပါသနည်း။

**ဖြေ။** အာရုံကိုသိတတ်သောကြောင့်စိတ်ဟုခေါ်ပါသည်။ (တနည်း) အာရုံကို သိကြောင်းဖြစ်သောကြောင့် စိတ်ဟုခေါ်ပါသည်။ (တနည်း) အာရုံကို သိခြင်းမျှသည် စိတ်မည်၏။

**မေး။** စိတ်သည် အာရုံနှင့်ကင်း၍ဖြစ်၏ဟူသောအယူဝါဒ မှန်/မမှန် စိစစ် ပြပါ။

**ဖြေ။** ဝိသယဝိဇာနနလက္ခဏံ စိတ္တံ ဟူသောပါဌ်ကို ထောက်၍ မမှန်၊ စိတ်သည် အာရုံနှင့် ကင်း၍မဖြစ်ပါ။

**မေး။** စိတ္တသဒ္ဒါ၏အဓိပ္ပါယ်ကို မုချ / ဥပစာအားဖြင့် ရေးခဲ့ပါ။

**ဖြေ။** အာရုံကိုသိခြင်းမျှသဘောသည် စိတ်မည်၏ (မုချ) အာရုံကိုသိတတ်သောကြောင့် စိတ်မည်၏၊ (တနည်း)အာရုံကိုသိကြောင်းဖြစ်သောကြောင့် စိတ်မည်၏ (ဥပစာ)။

http://www.dhammadownload.com



**မေး။** စိတ္တသဒ္ဒါ၏ " စိန္တနမတ္တံ စိတ္တံ "ဟူသော ဘာဝသာဓနကို အဘယ်ကြောင့် မုချအားဖြင့် ယူရပါသနည်း။

**ဖြေ။** အကြောင်းအားလျော်စွာဖြစ်ခြင်းမျှသည်သာလျှင် ပရမတ္ထတရားတို့၏ သဘောတရားဖြစ်သောကြောင့် ဘာဝသာဓနကို မုချအားဖြင့် ယူရပါသည်။

**မေး။** စိတ္တသဒ္ဒါ၏အဓိပ္ပါယ်ကို ဋီကာကျော်လာသည့်အတိုင်း ဖြေပါ။

**ဖြေ။** ဝိညတ်ကိုဖြစ်စေတတ်သော (၃၂)ပါးသောစိတ်သည် ဆန်းကျယ်သော ပန်းချီဆေးရေးစသောအမှုကို ပြုတတ်သည်၏အဖြစ်ကြောင့် စိတ်မည်၏။

လောကီကုသိုလ် ,အကုသိုလ်စိတ်သည် ဆန်းကြယ်သော ဘဝ,ဂတိစသည်ကို ပြုတတ်သောကြောင့် စိတ်မည်၏။

အလုံးစုံသောဝိညာဉ်သည် ဘူမိ,ဇာတိ,သမ္ပယောဂစသည်အားဖြင့် ဆန်းကြယ် ထူးခြားသည်၏အဖြစ်ကြောင့် စိတ်မည်ပါသည်။

ဝိပါက်ဝိညာဉ်သည် ကံ,ကိလေသာတို့သည် ဆည်းပူးအပ် ပွါးစေအပ်သောကြောင့်၄င်း၊ ဆည်းပူးအပ်သော အတ္တဘောကို စောင့်တတ်သောကြောင့် စိတ်မည်ပါသည်။

ဇောဝိညာဉ်သည် မိမိဟူသောဇောအစဉ်ကို အာသေဝနစသော ပစ္စည်းအားဖြင့် ပွါးစေတတ်သောကြောင့် စိတ်ဟုခေါ်ပါသည်။

(တနည်း) အထူးထူးသောအာရုံရှိသောကြောင့် စိတ်မည်၏။

**မေး။** စေတသိက်တရားတို့သည် စိတ်နှင့်ကင်း၍ အာရုံကိုယူခြင်းငှါ စွမ်းနိုင်/ မစွမ်းနိုင် အကြောင်းပြ၍ဖြေပါ။

2
A

http://www.dhammadownload.com



**ဖြေ။** စေတသိက်တရားတို့မည်သည် စိတ်နှင့်စပ်သောဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် စိတ်နှင့်ကင်း၍ အာရုံကို မယူနိုင်။

**မေး။** စေတသိက်သည် အဘယ်ကြောင့် စိတ်နှင့်ကင်း၍ မဖြစ်ပါသနည်း။
**ဖြေ။** စိတ်မဖြစ်သော် စေတသိက်တို့သည် အချင်းခပ်သိမ်း မဖြစ်သော ကြောင့် စိတ်နှင့်ကင်း၍မဖြစ်ပါ။

**မေး။** စေတသိက်သည် စိတ်နှင့်ကင်း၍မဖြစ်နိုင်သကဲ့သို့ စိတ်သည်လည်း စေတသိက်နှင့်ကင်း၍ ဖြစ်နိုင် / မဖြစ်နိုင် သိသာအောင်ရေးပါ။
**ဖြေ။** လောဘမှစသောစိတ်သည် သောဘဏစသော စေတသိက်အချို့ နှင့် မယှဉ်ရကား စိတ်သည် စေတသိက်နှင့်ကင်း၍ဖြစ်နိုင်ပါသည်။

**မေး။** ဖေါက်ပြန်သောကြောင့် ရုပ်ဟုဆိုရာ ဖေါက်ပြန်ပုံကို ရေးခဲ့ပါ။
**ဖြေ။** အချမ်းအပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ ညီညွတ်သော် ရှေးရုပ်အစဉ်နှင့်မတူသော နောက်ရုပ်အစဉ်၏ဖြစ်ခြင်းကိုပင်လျှင် ဖေါက်ပြန်သည်ဟုဆိုပါသည်။

**မေး။** ဖေါက်ပြန်သောကြောင့် ရုပ်ဟုဆိုလျှင် ဖေါက်ပြန်ပြောင်းလဲတတ်သောသဘောရှိသော နာမ်တရားများကိုလည်း ရုပ်ဟုခေါ်နိုင်ပါသလော
**ဖြေ။** ထင်ထင်ရှားရှားဖေါက်ပြန်ခြင်းကိုသာလျှင် ရုပ်ဟုခေါ်နိုင်သောကြောင့် မထင်မရှားဖေါက်ပြန်တတ်သောနာမ်တရားများကို ရုပ်ဟု မခေါ်နိုင်ပါ။

http://www.dhammadownload.com



**မေး။** အချမ်းအပူစသောဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖေါက်ပြန်သည့်အတွက် ရုပ်ဟုဆိုလျှင် အချမ်းအပူစသော ဆန့်ကျင်ဘက် အကြောင်းမရှိသော ရူပဘုံ၌ဖြစ်သော ရုပ်တရားများကို ရုပ်ဟုခေါ်နိုင်ပါမည်လော။

**ဖြေ။** ရူပဘုံ၌ ဥပဃာတကဖြစ်သော အချမ်းအပူစသော ဥတုမရှိသော်လည်း အနုဂ္ဂါဟကဖြစ်သော အချမ်းအပူစသော ဥတုစသည်တို့ရှိနိုင်သောကြောင့် ရူပဘုံ၌ဖြစ်သော ရုပ်တရားများကို ရုပ်ဟုခေါ်နိုင်၏။
(တနည်း)ရူပဘုံ၌ရှိသော ရုပ်တရားများသည်လည်း ဖေါက်ပြန်ခြင်းသဘောကို မလွန်ဆန်နိုင်သောကြောင့် ရုပ်ဟုပင် ခေါ်နိုင်ပါသည်။

**မေး။** အဘယ်ကြောင့် နိဗ္ဗာန်ဟု ခေါ်ပါသနည်း၊ နာနာပဒနည်း၊ ကေပဒနည်းအားဖြင့် ခွဲခြားဖြေဆိုပါ။

**ဖြေ။** ဘဝကြီးငယ်ကို ချုပ်စပ်တတ်,မြေးတတ်သောကြောင့် ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟုခေါ်ပါသည်။ (***နာနာပဒနည်း***)
(တနည်း) ရာဂစသောမီးငြိမ်းကြောင်းဖြစ်သောကြောင့် နိဗ္ဗာန်ဟုခေါ်ပါသည်။ (**ကေပဒနည်း** )

**မေး။** စိတ်လေးပါးတို့ကို အဘယ်ကြောင့် ကာမာဝစရ ,ရူပါဝစရ , အရူပါဝစရ, လောကုတ္တရာဟု စဉ်ထားပါသနည်း။

**ဖြေ။** ဘုံလေးပါး၌ဖြစ်သော တရားတို့သည် အစဉ်အတိုင်း မြတ်သည့်အတွက် ဟီန ,ဥက္ကဋ္ဌ ,ဥက္ကဋ္ဌတရ ,ဥက္ကဋ္ဌတမအစဉ်အားဖြင့် ညွှန်ပြလိုသောကြောင့် ဤသို့စဉ်ထားပါသည်။

http://www.dhammadownload.com



**မေး။** ကာမ,ရူပ,အရူပစိတ်များကဲ့သို့ လောကုတ္တရာစိတ်ကို "လောကုတ္တရာဝစရ" ဟု ဆိုသင့်/ မသင့် အကြောင်းပြ ဖြေပါ။

**ဖြေ။** ကာမ,ရူပ,အရူပစိတ်များကဲ့သို့ လောကုတ္တရာစိတ်သည် သီးခြားဖြစ်ရာဘုံဌာနမရှိမူ၍ အဝစ္စာဘုံမျှသာဖြစ်သောကြောင့် လောကုတ္တရာဝစရ ဟု မဆိုနိုင်ပါ။

**မေး။** ကာမာဝစရ၌ အဘယ်တရားကို အဘယ်ကြောင့် ကာမဟုဆိုပါသနည်း။

**ဖြေ။** ဝတ္ထုကာမကို အလိုရှိတတ်,တောင့်တတတ်သောကြောင့် ကာမတဏှာကို ကာမဟုဆိုပါသည်။

**မေး။** အဘယ်ကြောင့် ကာမာဝစရမည်ပါသနည်း။

**ဖြေ။** ကာမတဏှာသည် အာရုံပြုသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောကြောင့် ကာမာဝစရဟုခေါ်ပါသည်။

**မေး။** ရူပဘုံ,အရူပဘုံတို့၌ဖြစ်သော ကာမစိတ်ကို ကာမာဝစရစိတ် ဟု ခေါ်နိုင်ပါသလော။

**ဖြေ။** ကာမစိတ်တို့သည် ရူပဘုံ,အရူပဘုံတို့၌ တစ်ခါတစ်ရံသာဖြစ်၍ ကာမဘုံ၌သာ များသောအားဖြင့် ကျင်လည်တတ်,ဖြစ်တတ်သောကြောင့် ကာမာဝစရဟုသာ ခေါ်နိုင်ပါသည်။ ရူပါဝစရ,အရူပါဝစရဟု မခေါ်နိုင်ပါ။

**မေး။** ကာမာဝစရအရ ကာမဘုံကို ယူခဲ့လျှင် ကာမစိတ်၏ ကာမာဝစရ မည်နိုင်ပုံကို ဥပမာနှင့်တကွရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ "မဇ္ဈာ ဥက္ကဋ္ဌံ ကရောန္တိ"စသည်တို့၌ကဲ့သို့ မှီတတ်သောစိတ်၌ မှီရာဘုံ၏အမည်ကို တင်စား၍ခေါ်သောအားဖြင့် ကာမစိက်ကိုလည်း ကာမာ ဝစရဟု ခေါ်နိုင်ပါသည်။

မေး။ လောကုတ္တရာ၌ လောကအရနှင့် ထိုလောကမှ လွန်မြောက်ပုံကို ရေးခဲ့ပါ။

ဖြေ။ လောကအရ=ဥပါဒါနဲ၏အာရုံဖြစ်သောသင်္ခါရလောကကို ယူရပါသည်၊ ထိုသင်္ခါရလောကမှ အာသဝေါတရားတို့၏အာရုံမဟုတ်သော အားဖြင့် လွန်မြောက်ပါသည်။

မေး။ မဂ်,ဖိုလ်,နိဗ္ဗာန်တို့၏ လောကမှလွန်မြောက်ပုံကို အသီးသီးခွဲခြား၍ ရေးခဲ့ပါ။

ဖြေ။ <u>မဂ်စိတ်သည်</u> ဥပါဒါနက္ခန္ဓာ၏အာရုံဖြစ်သော သင်္ခါရလောကမှ အာသဝေါတရားတို့၏အာရုံမဟုတ်သောအားဖြင့် လွန်မြောက်ဆဲဖြစ်သောကြောင့် လောကုတ္တရာမည်ပါသည်။

<u>ဖိုလ်စိတ်သည်</u> ဥပါဒါနက္ခန္ဓာ၏အာရုံဖြစ်သော သင်္ခါရလောကမှ အာသဝေါတရားတို့၏အာရုံမဟုတ်သောအားဖြင့် လွန်မြောက်ပြီးဖြစ်သောကြောင့် လောကုတ္တရာမည်ပါသည်။

အာသဝေါတရားတို့၏အာရုံမဟုတ်သောအားဖြင့် သင်္ခါရလောကထက် လွန်ကဲထူးမြတ်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို လောကုတ္တရာဟုခေါ်ပါသည်။

မေး။ လောကုတ္တရာတရားကိုးပါးတို့၏ ဂုဏ်ရည်ကို ညွှန်ပြပါ။

http://www.dhammadownload.com



**ဖြေ။** အာသဝေါတရားတို့၏ အာရုံမဟုတ်ခြင်းသည်ပင်လျှင် လောကုတ္တရာတရား၏ ဂုဏ်ရည်ဖြစ်ပါသည်။

## အကုသိုလ်စိတ်(၁၂)ပါးအဖွင့်

**မေး။** ကာမာဝစရစိတ်သည် ကုသိုလ်,အကုသိုလ်,ဝိပါက်,ကြိယာအားဖြင့် လေးပါးရှိပါလျက် အဘယ်အကျိုးငှါ အကုသိုလ်စိတ်ကို ရှေးဦးစွာဆိုရပါသနည်း။

**ဖြေ။** အကုသိုလ်စိတ်,အဟိတ်စိတ်တို့မှလွတ်သော (၅၉)ပါးသောစိတ်တို့ကို (တနည်း) ၉၁ပါးသောစိတ်တို့ကို သောဘနစိတ်ဟု ခေါ်ဝေါ်စေခြင်းအကျိုးငှါ "ပါပါဟေတုကမုတ္တာနိ၊သောဘဏာနီတိဝုစ္စရေ"ဟု ဆိုလတ္တံ့သော ဂါထာအားလျော်သောအားဖြင့် အကုသိုလ်စိတ်ကို ရှေးဦးစွာဆိုရပါသည်။

**မေး။** အကုသိုလ်စိတ်(၁၂)ပါးတွင် လောဘမူစိတ်ကို အဘယ်ကြောင့် ရှေးဦးစွာ ဆိုရပါသနည်း။

**ဖြေ။** ဘုံသုံးပါးတို့၌ဖြစ်သော သတ္တဝါတို့အား ပဋိသန္ဓေနေစကပင် ဝိထိစိတ်၏အစွမ်းအားဖြင့် လောဘမူစိတ်တို့သာ ရှေးဦးစွာဖြစ်သောကြောင့် လောဘမူစိတ်ကို ရှေးဦးစွာဆိုရပါသည်။

**မေး။** လောဘမူစိတ်၏အခြားမဲ့၌ ဒေါသမူစိတ်ကို အဘယ်ကြောင့် ဆိုရပါသနည်း။

**ဖြေ။** ဒွိဟိတ်စိတ်ချင်း တူသောကြောင့် လောဘမူစိတ်၏အခြားမဲ့၌ ဒေါသမူစိတ်ကို ဆိုရပါသည်။

http://www.dhammadownload.com



**မေး။** ဒေါသမူစိတ်၏အခြားမဲ့၌ မောဟမူစိတ်ကို အဘယ်ကြောင့် ဆိုရပါသနည်း။

**ဖြေ။** ဧကဟိတ်စိတ်ဖြစ်သောကြောင့် ဆိုရပါသည်။

**မေး။** သောမနဿသဟဂတံ၌ သုမန အရ,သောမနဿအရတို့ကို ကောက်ပြ၍၊ သောမနဿသဟဂတဖြစ်ပုံကိုလည်း ရေးခဲ့ပါ။

**ဖြေ။** သုမနအရ (က)တင့်တယ်ကောင်းမြတ်သောစိတ်ကို ရပါသည်။
(ခ) တင့်တယ်ကောင်းမြတ်သောစိတ်ရှိသော ပုဂ္ဂိုလ်ကို ရပါသည်။
သောမနဿအရ=မာနသိကသုခဝေဒနာကို ရပါသည်။

ထိုမာနသိကသုခဝေဒနာနှင့် အတူတကွဖြစ်ခြင်း ,အတူတကွချုပ်ခြင်း,အာရုံတူခြင်း ,မှီရာတူခြင်းအားဖြင့် အတူတကွ( သောမနဿသဟဂတ)ဖြစ်ပါသည်။

**မေး။** ဒိဋ္ဌိဂတသမ္ပယုတ္တံ၌ ဒိဋ္ဌိ၏အဓိပ္ပါယ်နှင့် အရတို့ကို ရေးပါ။

**ဖြေ။** ဖေါက်ဖေါက်ပြန်ပြန်မြင်တတ်သောသဘောကို ဒိဋ္ဌိဟုခေါ်၏။
ဒိဋ္ဌိအရ ဤ၌ အကုသိုလ်အရာဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိကို ရပါသည်။

**မေး။** အသင်္ခါရိကံ၌ သင်္ခါရ၏အဓိပ္ပါယ်နှင့်တကွ အရကို ရေးခဲ့ပါ။

**ဖြေ။** ထက်မြက်သည်၏အဖြစ်ဟုဆိုအပ်သော တန်းဆာဆင်ခြင်းအထူးဖြင့် စိတ်ကို ပြုပြင်စီရင်တတ်သောကြောင့် သင်္ခါရမည်၏။
(တနည်း)ထက်မြက်သည်၏အဖြစ်ဟုဆိုအပ်သော တန်ဆာဆင်ခြင်းအထူးသည် ပြုပြင်စီရင်အပ်သောကြောင့် သင်္ခါရမည်၏။
<u>သင်္ခါရအရ</u> ပုဗ္ဗပယောဂကြောင့် ဖြစ်သော စိတ်၏ထက်မြက်သည်၏အဖြစ်ဟုဆိုအပ်သော အကု ိ ပါသည်။

http://www.dhammadownload.com



**မေး။** အသင်္ခါရိကံ,သသင်္ခါရိကံ၌ သင်္ခါရ၏ ထင်ရှားရှိမှု/ မရှိမှုကို ရည်ရွယ်၍ အသင်္ခါရိက,သသင်္ခါရိကဟုဆိုပါသလော၊ သို့မဟုတ် သင်္ခါရနှင့် တကွဖြစ်မှု/ မဖြစ်မှုကို ရည်ရွယ်၍ ဆိုပါသလော။

**ဖြေ။** သင်္ခါရ၏ ထင်ရှားရှိမှု/မရှိမှုကိုသာ ရည်ရွယ်၍ အသင်္ခါရိက, သသင်္ခါ ရိကဆိုပါသည်။

**မေး။** ဥပေက္ခာ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** အသင့်အလျော်အားဖြင့် အာရုံ၏အရသာကို ခံစားတတ်သောကြောင့် ဥပေက္ခာမည်ပါသည်။ (တနည်း) သုခဝေဒနာ,ဒုက္ခဝေဒနာတို့နှင့် မဆန့်ကျင်သောအားဖြင့် အာရုံ၏အရသာကို ခံစားတတ်သောကြောင့် ဥပေက္ခာမည်ပါသည်။

**မေး။** ဥပေက္ခာဝေဒနာ၏ သုခ,ဒုက္ခတို့နှင့် မဆန့်ကျင်ပုံကိုရေးပါ။

**ဖြေ။** ဥပေက္ခာဝေဒနာသည် သုခဒုက္ခတို့၏အခြားမဲ့၌ ဖြစ်နိုင်သောအားဖြင့် သုခ ဒုက္ခတို့နှင့် မဆန့်ကျင်ပါ။

**မေး။** သုခဝေဒနာ၏အခြားမဲ့၌ ဥပေက္ခာဝေဒနာဖြစ်နိုင်/ မဖြစ်နိုင် အကြောင်းပြ၍ဖြေဆိုပါ။

**ဖြေ။** ဥပေက္ခာဝေဒနာသည် သုခ,ဒုက္ခတို့နှင့် မဆန့်ကျင်သောကြောင့် သုခ၏အခြားမဲ့၌ ဥပေက္ခာဝေဒနာဖြစ်နိုင်ပါသည်။

**မေး။** လောဘမူပဌမအသင်္ခါရိကစိတ်သည် ဖဿစသည်တို့နှင့်လည်း အတူ တကွဖြစ်ပါလျက် ဖဿသဟဂတံဟုမဆိုဘဲ သောမနဿ

http://www.dhammadownload.com



သဟာဂတံ ဟု အဘယ်ကြောင့် ဆိုရပါသနည်း။

**ဖြေ။** သောမနဿဝေဒနာစသည်တို့သည်သာလျှင် အလုံးစုံသောစိတ်တို့နှင့် မဆက်ဆံသောကြောင့် ဝေဒနာဖြင့်အထူးပြု၍ သောမနဿသဟဂတံဟု ဆိုပါသည်၊ ဖဿသဟဂတံ ဟု မဆိုပါ။

**မေး။** သောမနဿဝေဒနာစသည်တို့သည် အဘယ်ကြောင့် အချို့စိတ်မှာ ယှဉ်၍ အချို့စိတ်မှာ မယှဉ်ရပါသနည်း။

**ဖြေ။** သောမနဿဝေဒနာစသည်တို့၏ အကြောင်း၏ထင်ရှားရှိသည်၏ အဖြစ်,ထင်ရှားမရှိသည်၏အဖြစ်ကြောင့် အချို့စိတ်မှာ ယှဉ်၍ အချို့စိတ်မှာ မယှဉ်ပါ။

**မေး။** သောမနဿစသည်တို့၏ အကြောင်းများကို ရေးပါ။

**ဖြေ။** <u>သောမနဿဖြစ်ကြောင်း(၃)ပါး</u>

(၁)သဘာဝ ပရိကပ္ပိတအားဖြင့် ဣဋ္ဌာရုံဖြစ်ခြင်း၊

(၂)သောမနဿနှင့် ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်း၊

(၃)မနက်နဲသောသဘောရှိခြင်း။

<u>ဥပေက္ခာဖြစ်ကြောင်း(၃)ပါး</u>

(၁)ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်ခြင်း၊

(၂)ဥပေက္ခာနှင့်ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်း၊

(၃)နက်နဲသောသဘောရှိခြင်း။

<u>ဒိဋ္ဌိဖြစ်ကြောင်း(၂)ပါး</u>

(၁)အယူဖေါက်ပြန်သောပုဂ္ဂိုလ်ကို မှီဝဲခြင်း၊

(၂)သဿတအယူ ဥစ္ဆေဒအယူရှိခြင်း။

3

http://www.dhammadownload.com



**အသင်္ခါရိကဖြစ်ကြောင်း**

လျော့ကပတ်သောဥတု ဘောဇဉ်စသည်တို့ဖြစ်ပါသည်။

**မေး။** လောဘမူစိတ်၏အဆုံး၌ "မောဟသဟဂတစိတ္တာနိနာမ" စသည် မဆိုဘဲ အဘယ်ကြောင့် လောဘသဟဂတစိတ္တာနိနာမ ဟုဆိုရပါသနည်း။

**ဖြေ။** မောဟသည် အကုသိုလ်စိတ်အားလုံးနှင့် ဆက်ဆံသည်ဖြစ်၍ အထူး မပြနိုင်၊ လောဘသည်သာလျှင် ဒေါသမူ,မောဟမူတို့နှင့် မယှဉ်မူ၍ အထူးပြနိုင်သောကြောင့် "လောဘသဟဂတစိတ္တာနိနာမ" ဟူ၍သာ ဆိုရပါသည်။

**မေး။** လောဘမူစိတ်(၈)ပါးဖြစ်ပုံကို ရေးခဲ့ပါ။

**ဖြေ။** ၁။ကာမဂုဏ်တို့၌အပြစ်မရှိ စသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကိုရှေ့သွားပြု၍ ရွှင်လန်းဝမ်းမြောက်လျက် သဘောအားဖြင့် ထက်မြက်သော မတိုက်တွန်းအပ်သောစိတ်ဖြင့် ကာမဂုဏ်ခံစားရာ ဒိဋ္ဌမင်္ဂလာ စသည်တို့ကို အနှစ်သာရအားဖြင့် ယုံကြည်ရာအခါတို့၌ လောဘမူ ပဌမစိတ်ဖြစ်ပါသည်။

၂။ကာမဂုဏ်တို့၌ အပြစ်မရှိစသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ ရွှင်လန်းဝမ်းမြောက်လျက် သဘောအားဖြင့်နုံ့နှေးသော တိုက်တွန်းအပ်သောစိတ်ဖြင့် ကာမဂုဏ်ခံစားရာ , ဒိဋ္ဌမင်္ဂလာစသည်တို့ကို အနှစ်သာရအားဖြင့် ယုံကြည်ရာအခါတို့၌ လောဘမူဒုတိယစိတ် ဖြစ်ပါသည်။

၃။ကာမဂုဏ်တို့၌အပြစ်မရှိစသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားမပြုဘဲ ရွှင်လန်းဝမ်းမြောက်လျက် သဘောအားဖြင့် ထက်မြက်သော

3 B

http://www.dhammadownload.com



မတိုက်တွန်းအပ်သောစိတ်ဖြင့် မေထုန်မှီဝဲရာအခါ, သူတစ်ပါး စီးစိမ်ကို ရှေးရှုကြံစီရာအခါ ,ခိုးယူရာအခါတို့၌ လောဘမူတတိယ စိတ်ဖြစ်ပါသည်။

၄။ကာမဂုဏ်တို့၌အပြစ်မရှိစသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားမပြုဘဲ ရွှင်လန်းဝမ်းမြောက်လျက် သဘောအားဖြင့်နှံ့နှေးသော တိုက်တွန်း အပ်သောစိတ်ဖြင့် မေထုန်မှီဝဲရာအခါ, သူတစ်ပါးစီးစိမ်ဥစ္စာကို ရှေး ရှုကြံစီရာအခါ ,ခိုးယူရာအခါတို့၌ လောဘမူစတုတ္ထစိတ်ဖြစ်ပါ သည်။

၅။ကာမဂုဏ်တို့၌အပြစ်မရှိ စသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ ကာမဂုဏ်တို့၏ မပြည့်စုံမှုနှင့် ဝမ်းမြောက်ခြင်း၏အကြောင်းကင်း သဖြင့် ရွှင်လန်းဝမ်းမြောက်မှုမရှိဘဲ သဘောအားဖြင့် ထက်မြက် သော မတိုက်တွန်းအပ်သောစိတ်ဖြင့် ကာမဂုဏ်ခံစားရာ ,ဒိဋ္ဌ မင်္ဂလာစသည်တို့ကို အနှစ်သာရအားဖြင့် ယုံကြည်ရာအခါတို့၌ လောဘမူ ပဉ္စမစိတ်ဖြစ်ပါသည်။

၆။ကာမဂုဏ်တို့၌အပြစ်မရှိစသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ ကာမဂုဏ်တို့၏ မပြည့်စုံမှုနှင့် ဝမ်းသာခြင်း၏အကြောင်းကင်း သဖြင့် ရွှင်လန်းဝမ်းမြောက်မှုမရှိဘဲ သဘောအားဖြင့်နှံ့နှေးသော တိုက်တွန်းအပ်သောစိတ်ဖြင့် ကာမဂုဏ်ခံစားရာ , ဒိဋ္ဌမင်္ဂလာ စသည်တို့ကို အနှစ်သာရအားဖြင့် ယုံကြည်ရာအခါတို့၌ လောဘမူ ဆဋ္ဌမစိတ်ဖြစ်ပါသည်။

၇။ကာမဂုဏ်တို့၌ အပြစ်မရှိစသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကိုရှေ့သွားမပြုဘဲ ကာမဂုဏ်တို့၏မပြည့်စုံမှုနှင့် ဝမ်းသာခြင်းအကြောင်းကင်းသဖြင့် ရွှင်လန်းဝမ်းမြောက်မှုမရှိဘဲ သဘောအားဖြင့် ထက်မြက်သော မတိုက်တွန်းအပ်သောစိတ်ဖြင့် မေထုန်မှီဝဲရာအခါ , သူတစ်ပါး

http://www.dhammadownload.com



စီးစိမ်ကို ရှေးရှုကြံစည်ရာအခါ ,ခိုးယူရာအခါတို့၌ လောဘမူ သတ္တမစိတ်ဖြစ်ပါသည်။

၈။ ကာမဂုဏ်တို့၌ အပြစ်မရှိစသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားမပြုဘဲ ကာမဂုဏ်တို့၏ မပြည့်စုံမှုနှင့် ဝမ်းသာခြင်း၏အကြောင်းကင်းသဖြင့် ရွှင်လန်းဝမ်းမြောက်မှုမရှိဘဲ သဘောအားဖြင့် နုံ့နှေးသော တိုက်တွန်းအပ်သောစိတ်ဖြင့် မေထုန်မှီဝဲရာအခါ, သူတစ်ပါးစီးစိမ်ကို ရှေးရှုကြံစည်ရာအခါ,ခိုးယူရာအခါတို့၌ လောဘမူအဋ္ဌမစိတ်ဖြစ်၏။

**မေး။** ပဋိဃသမ္ပယုတ္တ ၌ ပဋိဃ၏အဓိပ္ပါယ်နှင့် အရကို ရေးခဲ့ပါ။

**ဖြေ။** အာရုံကို ထိခိုက်တတ်သောကြောင့် ပဋိဃဟုခေါ်ပါသည်။ ၎င်းပဋိဃအရ ဒေါသစေတသိက်ကို ရပါသည်။

**မေး။** ပဋိဃသမ္ပယုတ္တ ၌ ထိခိုက်မှုမဖြစ်ကောင်းသော ဒေါသစေတသိက်ဟူသော နာမ်တရား၏ ပဋိဃ(ထိခိုက်သည်)မည်ပုံကို ရေးပါ။

**ဖြေ။** ဒေါသစေတသိက်သည် ကြမ်းတမ်းသောသဘောရှိသည်၏ အဖြစ်ကြောင့် အာရုံကိုထိခိုက်သကဲ့သို့ ဖြစ်ခြင်းကိုပင် ပဋိဃ(ထိခိုက်သည်) ဟု ခေါ်ပါသည်။

**မေး။** ဒေါသမူဒွေး၌ အခြားသော စေတသိက်တို့လည်း ယှဉ်ပါလျက် ဒေါမနဿသဟဂတံဟု အဘယ်ကြောင့် ဆိုရပါသနည်း။

**ဖြေ။** တစ်ပါးသော လောဘမူ,မောဟမူစိတ်တို့နှင့် မဆက်ဆံသော ဒေါမနဿဝေဒနာ၏အစွမ်းအားဖြင့် ဒေါသမူစိတ်ကို မှတ်သားခြင်း အကျိုးငှါ ဒေါမနဿသဟဂတံ ဟုဆိုရပါသည်။

http://www.dhammadownload.com



**မေး။** ဒေါမနဿသဟဂုတ် ဟုဆိုလျှင်ပြီးကောင်းပါလျက် အဘယ်အကျိုးငှါ ပဋိဃသမ္ပယုတ္တံဟု ထပ်၍ဆိုပါသနည်း။

**ဖြေ။** ဒေါသနှင့်ပဋိဃတို့သည် စင်စစ်ကေန်(အမြဲ)အတူတကွဖြစ်ကုန်၏ဟု ပြခြင်းအကျိုးငှါ ထပ်၍ဆိုရပါသည်။

**မေး။** ဒေါမနဿနှင့်ပဋိဃတို့၏အထူးကို ရေးပါ။

**ဖြေ။** ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိသည်ဖြစ်၍ ဝေဒနက္ခန္ဓာ၌ အကျုံးဝင်သောတရားဖြစ်၏။

ပဋိဃသည် ကြမ်းတမ်းသောသဘောရှိသည်ဖြစ်၍ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သောတရားဖြစ်ပါသည်။ ဤသို့ထူးပါသည်။

**မေး။** ဒေါမနဿနှင့် ပဋိဃတို့၏ ဖြစ်ကြောင်းတရားတို့ကို ရေးပါ။

**ဖြေ။** အနိဋ္ဌာရုံအားလုံးနှင့် အာဃာတဝတ္ထု(၉)ပါးတို့ ဖြစ်ပါသည်။

**မေး။** ဒေါသမူ ၂ မျိုးဖြစ်ပုံကို ရေးခဲ့ပါ။

**ဖြေ။** (၁)ပါဏာတိပါတစသောအမှုတို့ကို ထက်ထက်သန်သန် မတိုက်တွန်းရဘဲ ပြုလုပ်သောအခါ ဒေါသမူပထမစိတ်ဖြစ်ပါသည်။

(၂)ပါဏာတိပါတစသောအမှုတို့ကို နံ့နှေးစွာ တိုက်တွန်းအပ်သည်ဖြစ်၍ ပြုလုပ်သောအခါ ဒေါသမူဒုတိယစိတ်ဖြစ်ပါသည်။

**မေး။** ဝိစိကိစ္ဆာ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** သဘာဝလက္ခဏာကိုစူးစမ်းဆင်ခြင်သောအခါ ပင်ပန်းကြောင်းဖြစ်သောကြောင့် ဝိစိကိစ္ဆာဟုခေါ်ပါသည်။

http://www.dhammadownload.com



(တနည်း)ဉာဏ်တည်းဟူသော ကုစားခြင်းမှ ကင်းသောကြောင့် ဝိစိကိစ္ဆာ ဟုခေါ်ပါသည်။

**မေး။** ဥဒ္ဓစ္စသည် အကုသိုလ်စိတ်အားလုံးနှင့်ယှဉ်ပါလျက် နောက်ဆုံးအကုသိုလ်စိတ်ကိုသာ "ဥဒ္ဓစ္စသမ္ပယုတ္တ "ဟု အဘယ်ကြောင့် ဆိုရပါသနည်း။

**ဖြေ။** နောက်ဆုံးအကုသိုလ်စိတ်၌ ဥဒ္ဓစ္စသည် ပဓာနကျကျ ပြဋ္ဌာန်းသည် ဖြစ်၍ ဖြစ်သောကြောင့် ဥဒ္ဓစ္စသမ္ပယုတ္တံ ဟုဆိုရပါသည်။

(တနည်း) ဥဒ္ဓစ္စသည် နောက်ဆုံးအကုသိုလ်စိတ်၌ အားရှိသောကြောင့် နောက်ဆုံးအကုသိုလ်စိတ်ကို ဥဒ္ဓစ္စသမ္ပယုတ္တံ ဟုဆိုရပါသည်။

**မေး။** မြတ်ဗုဒ္ဓသပါဠိတော်၌ ဥဒ္ဓစ္စကို အဘယ်ကဲ့သို့ ဟောပါသနည်း။

**ဖြေ။** ဥဒ္ဓစ္စကို ဥဒ္ဓစ္စသဟဂုတ်စိတ်၌ သရုပ်အားဖြင့် ဟောပါသည်၊ ကြွင်းသော အကုသိုလ်စိတ်၌ ယေဝါပနကဓမ္မ၏အစွမ်းအားဖြင့် ဟောပါသည်။

**မေး။** မောဟမူဒွးသည် အဘယ်ကြောင့် ဥပေက္ခာသာ ဖြစ်ရပါသနည်း။

**ဖြေ။** မူလတစ်ပါးကင်းသည်ဖြစ်၍ အလွန်ဘွဲဝေသောကြောင့်၄င်း၊ မွေ့လျော်ခြင်း,ပျံ့လွင့်ခြင်းသဘောရှိသော ဝိစိကိစ္ဆာ ဥဒ္ဓစ္စနှင့်ယှဉ်သည်ဖြစ်၍ တုန်လှုပ်သောကြောင့်၄င်း ဥပေက္ခာသာဖြစ်ရပါသည်။

**မေး။** မောဟမူဒွေး၌ အဘယ်ကြောင့် သင်္ခါရအပြား မရှိရပါသနည်း။

**ဖြေ။** သဘောအားဖြင့် ထက်မြက်မှုမရှိသောကြောင့်၄င်း၊ တိုက်တွန်းအပ်သည်၏အဖြစ်မရှိသောကြောင့်၄င်း သင်္ခါရအပြားမရှိပါ။

http://www.dhammadownload.com



**မေး။** မောဟမူ‌ဒွေးသည် အဘယ်ကြောင့် အလွန်တွေဝေရပါသနည်း။

**ဖြေ။** လောဘ,ဒေါသဟူသော မူလတစ်ပါးကင်းသောကြောင့် အလွန်တွေဝေရပါသည်။

**မေး။** ဣစ္ဆေဝံ၏အဓိပ္ပါယ်ကို နာနာပဒနိပါတပုဒ်အနေအားဖြင့်၄င်း၊ ဧက ပဒနိပါတပုဒ်အနေအားဖြင့်၄င်း ရေးခဲ့ပါ။

**ဖြေ။** ဣစ္ဆေဝံ၌ ဣတိသဒ္ဒါသည် သောမနဿသဟဂတံစသောသဒ္ဒါတို့၏ အပေါင်းနှင့် ထိုသဒ္ဒါတို့သည်ဟောအပ်သော အကုသိုလ်စိတ်(၁၂)ပါးတို့၏ အပေါင်းကို ညွှန်ပြပါသည်။

ဧဝံသဒ္ဒါသည် သောမနဿသဟဂတံစသောသဒ္ဒါတို့၏ အစဉ်နှင့် ထိုသဒ္ဒါတို့သည် ဟောအပ်သော အကုသိုလ်စိတ်(၁၂)ပါးတို့၏အစဉ်ကို ညွှန်ပြခြင်းအနက်ရှိပါသည်။ (နာနာပဒနိပါတ)

ဣစ္ဆေဝံသဒ္ဒါသည် ဝစန,ဝစနီယအနက်တို့၏အပြီးနိဂုံးကို အားထုတ်ခြင်းအနက်ကို ညွှန်ပြပါသည်။

**မေး။** သမ္ပယောဂ်၌ သမ္ပာကာရများကို ထုတ်ပြပါ။

**ဖြေ။** သောမနဿ, ဥပေက္ခာ,ဒိဋ္ဌိသမ္ပယောဂစသောအခြင်းအရာ၊ ပဋိဃ သမ္ပယောဂစသောအခြင်းအရာ၊ ဝိစိကိစ္ဆာသမ္ပယောဂ, ဥဒ္ဓစ္စသမ္ပယောဂစသောအခြင်းအရာ များဖြစ်ပါသည်။

**မေး။** အကုသိုလ်၏အဓိပ္ပါယ်ကို ဥပမာဖြင့် ရေးခဲ့ပါ။

**ဖြေ။** မိတ်ဆွေ၏ဆန့်ကျင်ဘက်သည် ရန်သူမည်သကဲ့သို့ ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အကုသိုလ်မည်ပါသည်။

http://www.dhammadownload.com



**မေး။** ကုသိုလ်နှင့် အကုသိုလ်ဆန့်ကျင်ပုံကို ရေးခဲ့ပါ။

**ဖြေ။** ကုသိုလ်သည် ပဟာယက(ပယ်တတ်သောတရား)ဖြစ်၍၊ အကုသိုလ်သည် ပဟာတဗ္ဗ(ပယ်အပ်သောတရား)ဖြစ်ပြီး ပဟာယက+ပဟာတဗ္ဗ အဖြစ်ဖြင့် ဆန့်ကျင်ပါသည်။

**မေး။** လောဘမူလာနိဒ္ဒ လောဘကို အဘယ်ကြောင့် မူလဟုဆိုရပါသနည်း။

**ဖြေ။** သမ္ပယုတ်တရားတို့၏ ကောင်းစွာတည်ရာ၏အဖြစ်ကို ပြီးစေသောအားဖြင့် သစ်မြစ်နှင့်တူသောကြောင့် မူလဟုဆိုရပါသည်။

## အဟိတ်စိတ်အဖွင့်

**မေး။** အဟိတ်စိတ်(၁၈)ပါးတို့တွင် အကုသလဝိပါက်စိတ်ကို အဘယ်ကြောင့် ရှေးဦးစွာဆိုရပါသနည်း။

**ဖြေ။** အကုသိုလ်၏အခြားမဲ့၌ အကုသိုလ်၏အကျိုးကို ဝေဘန်လိုသောကြောင့် အကုသလဝိပါက်စိတ်ကို ရှေးဦးစွာဆိုရပါသည်။

**မေး။** အကုသိုလ်စိတ်ကို အကျဉ်းဆုံးနည်း, မကျဉ်းမကျယ်သောနည်း အကျယ်နည်းအားဖြင့် ညွှန်ပြပါ။

**ဖြေ၊** အကျဉ်းဆုံးနည်းဖြင့် လောဘမူလ,ဒေါသမူလ,မောဟမူလစိတ် ဟူ၍ သုံးပါးရှိပါသည်။

မကျဉ်းမကျယ်နည်းဖြင့် သမ္ပယောဂဘေဒစသော အပြားအားဖြင့် (၁၂)ပါးရှိပါသည်။

အကျယ်နည်းဖြင့် ထို(၁၂)ပါးကိုပင် ကမ္မပထ,ကာလ,ဒေသ,သန္တာန စသည်အားဖြင့် မြောက်ပွါးလျှင် အလွန်များပြားပါသည်။

http://www.dhammadownload.com



**မေး။** အဘယ်ကြောင့် စက္ခုဟု ခေါ်ပါသနည်း။

**ဖြေ။** စက္ခုဝိညာဏ်၏တည်ရာဖြစ်၍ ညီညွတ်သည်, မညီညွတ်သည်ကို ပြောကြားသကဲ့သို့ ဖြစ်တတ်သောကြောင့် စက္ခုမည်၏။
(တနည်း)ရူပါရုံကို သာယာသကဲ့သို့ဖြစ်တတ်သောကြောင့် စက္ခုမည်၏။

**မေး။** ရူပါရုံကို သာယာတတ်သောကြောင့် စက္ခုဟုဆိုလျှင် သဒ္ဒါရုံစသည်တို့ကို သာယာတတ်သော သောတပသာဒစသည်တို့ကိုလည်း စက္ခုဟု ခေါ်နိုင်ပါသလော။

**ဖြေ။** မယူရသဒ္ဒါသည် ဥဒေါင်းငှက်အပေါ်၌သာလျှင် တင်စား၍ဆိုနိုင်သကဲ့သို့ စက္ခုသဒ္ဒါသည်လည်း စက္ခုပသာဒ၌သာလျှင် ထင်သောသောအားဖြင့် တင်စား၍ဆိုနိုင်သောကြောင့်၊ သောတပသာဒစသည်တို့ကို စက္ခုဟုမခေါ်နိုင်ပါ။

**မေး။** စက္ခုဝိညာဏ်၌ စက္ခုအရကို မုချ ,ဥပစာအားဖြင့် ညွှန်ပြပါ။

**ဖြေ။** စက္ခုအရ စက္ခုပသာဒကို မုချအားဖြင့်ရပါသည်။
ထိုစက္ခုပသာဒနှင့်တကွဖြစ်သော မျက်ခုံးရိုးဖြင့်ပိုင်းခြားအပ်သော အသားဆိုင်မျက်လုံးကို ဥပစာအားဖြင့် ရပါသည်။

**မေး။** အဘယ်ကြောင့် ကာယဟုခေါ်ပါသနည်း။

**ဖြေ။** စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့၏ ဖြစ်ရာဖြစ်သောကြောင့် ကာယမည်၏၊ (တနည်း) စက်ဆုပ်အပ်သော ဆံစသော (၃၂)ကောဋ္ဌာသတို့၏ ဖြစ်ရာဖြစ်သောကြောင့် ကာယမည်၏။

http://www.dhammadownload.com



**မေး။** ဒုက္ခမည်ပုံကို ရေးခဲ့ပါ။

**ဖြေ။** စက်ဆုပ်အပ်သောသဘောရှိသည်ဖြစ်၍ ကာယိကသုခကို တူးဖြို ဖျက်ဆီးတတ်သောကြောင့် ဒုက္ခမည်၏၊ (တနည်း) သီးခံနိုင်ခဲသော သဘောရှိသောကြောင့် ဒုက္ခမည်၏။

**မေး။** သမ္ပဋိစ္ဆိုင်းမည်ပုံနှင့် သန္တီရဏာမည်ပုံတို့ကို ရေးခဲ့ပါ။

**ဖြေ။** ပဉ္စဝိညာဏ်သည်ယူအပ်သော အာရုံငါးပါးကို ခံယူသောအခြင်းအရာ အားဖြင့် လက်ခံတတ်သောကြောင့် သမ္ပဋိစ္ဆိုင်းမည်၏။ သမ္ပဋိစ္ဆိုင်းသည် လက်ခံအပ်ပြီးသော အာရုံကို စူးစမ်းတတ်သောကြောင့် သန္တီရဏာမည်၏။

**မေး။** အဘယ်ကြောင့် ဝိပါက်ဟုခေါ်ပါသနည်း။

**ဖြေ။** အချင်းချင်းဆန့်ကျင်ဘက်ဖြစ်ကုန်သော ကုသိုလ်,အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် ဝိပါက်ဟုခေါ်ပါသည်။

**မေး။** ကုသိုလ်,အကုသိုလ်တို့၏အကျိုးဖြစ်သောကြောင့် ဝိပါက်ခေါ်လျှင် ကုသိုလ်,အကုသိုလ်တို့ကြောင့်ဖြစ်သော ကမ္မဇရုပ်တို့ကိုလည်း ဝိပါက် ဟု ခေါ်နိုင်ပါသလော။

**ဖြေ။** ဝိပါက်ဟူသောအမည်သည် ရင့်ကျက်သည်၏အဖြစ်သို့ ရောက်သော နာမ်တရားတို့၏အမည်သာဖြစ်သောကြောင့် ကမ္မဇရုပ်တို့ကို ဝိပါက်ဟု မခေါ်နိုင်ပါ။

**မေး။** ဥပေက္ခာသဟဂုတ် ကုသလဝိပါက်၌ ကုသိုလ်အရ မည်သည့်ကုသိုလ် ကို ယူသင့်ပါသနည်း၊ ယုတ္တိပြ၍ ဆုံးဖြတ်ပါ။ 4B

http://www.dhammadownload.com



**ဖြေ။** တတ္တာပိ တိဟေတုကမုတ္တန္တ (ပ) ဒွါဒသဝိပါကာနိ ဝိပစ္စတိ– ကို ထောက်၍ မဟာကုသိုလ်စိတ်(၈)ပါးကိုသာ ယူသင့်ပါသည်။

**မေး။** သုခ၏ အစိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ကိုယ်စိတ်နှစ်ပါးကို ကျမ္မာစေတတ်သောကြောင့် သုခမည်၏၊
(တနည်း) ကိုယ်စိတ်နှစ်ပါးတို့၏ နာကျင်မှု, မကျမ္မာမှုတို့ကို ကောင်းစွာ တူးဖြိုတတ်သောကြောင့် သုခမည်၏။
(တနည်း) လွယ်ကူသဖြင့် သီးခံအပ်သောကြောင့် သုခမည်၏။

**မေး။** ကုသလဝိပါက်၌ သန္တီရဏနှစ်ပါးဆိုရခြင်း၏ အကြောင်းကိုရေးပါ။

**ဖြေ။** ဣဋ္ဌာရုံ ,ဣဋ္ဌမဇ္ဈတ္တာရုံတို့၏အစွမ်းအားဖြင့် ဝေဒနာပြားသော ကြောင့် နှစ်ပါးဆိုရပါသည်။

**မေး။** ဣဋ္ဌ ,ဣဋ္ဌမဇ္ဈတ္တာရုံကဲ့သို့ အနိဋ္ဌ ,အနိဋ္ဌမဇ္ဈတ္တာရုံဟု အာရုံနှစ်မျိုး ပြား၍ ဝေဒနာပြားသင့်ပါသလော။

**ဖြေ။** အနိဋ္ဌာရုံ၌ ဖြစ်ထိုက်သော ဒေါမနဿသည် ပဋိဃနှင့် ကင်း၍မဖြစ် နိုင်သောကြောင့်၄င်း၊ စင်စစ် အကုသိုလ်သဘောရှိသော ပဋိဃသည် လည်း အဗျာကတတရားတို့၌ မဖြစ်သင့်သောကြောင့်၄င်း၊ အနိဋ္ဌ,အနိဋ္ဌ မဇ္ဈတ္တာရုံဟု အာရုံပြား၍ ဝေဒနာအပြားမရှိသင့်ပါ။

**မေး။** အကုသလဝိပါက် သန္တီရဏစိတ်သည် အဘယ်ကြောင့် ဥပေက္ခာ ဝေဒနာဖြစ်ရပါသနည်း။

http://www.dhammadownload.com



**ဖြေ။** အားရှိသောသူ၏ အရိုက်နှက်ခံရသော အားနည်းသောသူသည် တစ်ဖန်ပြန်လည်၍ မရိုက်နိုင်သောအခါ လျစ်လျူရှုရသကဲ့သို့ အကုသလဝိပါက်စိတ်တို့သည် အလွန်အားနည်းသည့်အတွက် အနိဋ္ဌာရုံ၌လည်း ဒေါမနဿမဖြစ်နိုင်သောကြောင့် အကုသလဝိပါက်သန္တီရဏသည် ဥပေက္ခာဝေဒနာသာဖြစ်ရပါသည်။

**မေး။** အဟိတ်ကုသလဝိပါက်၌ သောမနဿသန္တီရဏရှိသကဲ့သို့ အကုသလဝိပါက်၌ ဒေါမနဿသန္တီရဏရှိသင့်သည်မဟုတ်ပါလော၊ အဘယ်ကြောင့် မရှိရပါသနည်း။

**ဖြေ။** အကုသလဝိပါက်တို့သည် အားနည်းသောကြောင့် အကုသလဝိပါက် ဒေါမနဿသန္တီရဏ မရှိနိုင်ပါ။

**မေး။** ဝေဒနာငါးပါးရှိပါလျက် စက္ခုဝိညာဏ်စသည်တို့၏ ဥပေက္ခာဝေဒနာသာ ဖြစ်ရပုံကို ဥပမာဖြင့် ဖြေဆိုပါ။

**ဖြေ။** ဝါဂွမ်းဆိုင်တစ်ခုနှင့် ဝါဂွမ်းဆိုင်တစ်ခုတို့၏ ထိခိုက်မှုသည် မပြင်းထန်ဘဲ အားနည်းသကဲ့သို့ ထိုစိတ်တို့၏ မှီရာဝတ္ထုနှင့်အာရုံတို့၏ ထိခိုက်မှုအားနည်းသောကြောင့် ဥပေက္ခာဝေဒနာသာဖြစ်ရပါသည်။

**မေး။** ကာယဝိညာဏ်ခွေးသည် အဘယ်ကြောင့် ဝေဒနာပြားရပါသနည်း။

**ဖြေ။** ဝတ္ထုအာရုံတို့၏ထိခိုက်မှု အားကြီးသောကြောင့် သုခဒုက္ခဝေဒနာပြားရပါသည်။

http://www.dhammadownload.com



**မေး။** ကာယဝိညာဏ်၏မှီရာဖြစ်သော ကာယပသာဒဟူသော ဥပါဒါရုပ်နှင့် အာရုံဖြစ်သော ဖေါဋ္ဌဗ္ဗာရုံဟူသော ဘူတရုပ်တို့၏ အားကြီးပုံကို ဥပမာဖြင့် ရှင်းပြခဲ့ပါ။

**ဖြေ။** ပေပေါ်တင်ထားသော ဝါဂွမ်းစိုင်ကို တူဖြင့်ထုသောအခါ တူ၏ ထုနက် ရိုက်ခတ်မှုသည် ဝါဂွမ်းစိုင်ကို ကျော်လွန်ပြီး ပေတိုင်အောင် ထိခိုက်၍ အားကြီးသကဲ့သို့ ဖေါဋ္ဌဗ္ဗာရုံဟူသော ဘူတရုပ်၏ ကာယပသာဒဟူသော ဥပါဒါရုပ်ကို ထိခိုက်ရာ၌ ထိုကာယပသာဒကို ကျော်လွန်၍ ကာယပသာဒ၏မှီရာ မဟာဘုတ်တိုင်အောင် ထိခိုက်သောအားဖြင့် အားကြီးပါသည်။

**မေး။** သမ္ပဋိစ္ဆိုင်းဒွေးသည် အဘယ်ကြောင့် ဥပေက္ခာဝေဒနာဖြစ်ရပါသနည်း။ သမ္ပဋိစ္ဆိုင်းဒွေး၏ ဥပေက္ခာဝေဒနာဖြစ်ရပုံကို ရေးခဲ့ပါ။

**ဖြေ။** သဘောတူသူမှ အထောက်အပန့်ကင်းသော ယောကျ်ားသည် အားမရှိသကဲ့သို့ မှီရာမတူသော ပဉ္စဝိညာဏ်၏ အခြားမဲ့၌ဖြစ်ရ၍ မှီရာတူသောစိတ်မှ အနန္တရပစ္စည်းကို မရအပ်သောကြောင့် အားနည်းပြီး အာရုံ၏အရသာကို မခံစားနိုင်သည့်အတွက် သမ္ပဋိစ္ဆိုင်းဒွေးသည် ဥပေက္ခာဝေဒနာသာ ဖြစ်ရပါသည်။

**မေး။** မှီရာတူသောစိတ်မှ အနန္တရပစ္စည်းကိုရသော အာဝဇ္ဇန်းဒွေး၏ ဥပေက္ခာဝေဒနာဖြစ်ရပုံကို ရှင်းပြခဲ့ပါ။

**ဖြေ။** ပဉ္စဒွါရာဝဇ္ဇန်းသည် သူတစ်ပါးတို့ မယူဘူးသေးသောပဌမာရုံ၌ တစ်ကြိမ်သာဖြစ်၍ အာရုံ၏အရသာကို မခံစားနိုင်သောကြောင့်၄င်း၊ မနောဒွါရာဝဇ္ဇန်းသည် မိမိနှင့်မတူသော ဇောစိတ်, ဘဝင်စိတ်အစဉ်ကို

http://www.dhammadownload.com



ဖြစ်စေရခြင်းဟူသော ဗျာပါရတစ်ပါးကိုင်ရသည်ဖြစ်၍ အာရုံ၏ အရသာကို မခံစားနိုင်သောကြောင့်ပင်း၊ဥပေက္ခာဝေဒနာသာဖြစ်ရ၏။

**မေး။** ကုသလဝိပါကာဟေတုကစိတ္တာနိ၌ အဟိတ်စိတ်သည် ဧနကဟိတ် ရှိသောကြောင့် သဟိတ်စိတ်မည်နိုင်ပါသလော။

**ဖြေ။** အဟေတုကဟူသောအမည်သည် ဇနကဟိတ်၏အစွမ်းအားဖြင့် ခေါ်သည်မဟုတ်၊ သမ္ပယုတ်ဟိတ်၏အစွမ်းအားဖြင့်သာ ခေါ်ရသော ကြောင့် သဟိတ်စိတ်ဟု မခေါ်နိုင်ပါ။

**မေး။** ဇနကဟိတ်၏အစွမ်းအားဖြင့် သဟေတုက(သဟိတ်စိတ်)ဟု ဆိုလျှင် ရရှိသော အပြစ်ကို ရေးခဲ့ပါ။

**ဖြေ။** မဟာဝိပါက်စိတ်တို့နှင့် အဟိတ်ကုသလဝိပါက်စိတ်တို့၏ ထူးခြားမှု မရှိ။ တူညီသည်၏အဖြစ်သို့ရောက်ခြင်းဟူသော အပြစ်ကိုရရှိနိုင်ပါ သည်။

**မေး။** အကုသလဝိပါက်၏အဆုံး၌ အဟေတုကသဒ္ဒါ မထည့်ရခြင်း၏ အကြောင်းကို ရေးပါ။

**ဖြေ။** ထူးခြားသောဖြစ်ခြင်းမရှိသောကြောင့် (ဝါ) လင်းပါးရန် မလိုသော ကြောင့် အဟေတုကသဒ္ဒါ မထည့်ရပါ။

**မေး။** အကုသလဝိပါက်စိတ်တို့သည် တစ်ခါတစ်ရံ သဟိတ်စိတ်ဖြစ်နိုင် ပါသလော။

**ဖြေ။** အကုသလဝိပါက်စိတ်တို့သည် လောဘစသော သာဝဇ္ဇဓမ္မတို့၏ အကျိုးဖြစ်သောကြောင့်ပင်း၊ အလောဘဟိတ်စသည်တို့နှင့်ယှဉ်ခြင်း

http://www.dhammadownload.com



မဖြစ်သင့်သောကြောင့်၄င်း၊ မိမိကိုယ်တိုင် အဗျာကတသဘော နိရဝဇ္ဇသဘောရှိ၍ လောဘစသော အကုသိုလ်တရားတို့နှင့် ယှဉ်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် တစ်ခါတစ်ရံမျှ သဟိတ်စိတ် မဖြစ်နိုင်ပါ။

**မေး။** ပဉ္စဒွါရဝဇ္ဇန်း၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ပဉ္စဒွါရ၌ထင်လာသောအာရုံကို ဆင်ခြင်တတ်,နှလုံးသွင်းတတ်သောကြောင့် ပဉ္စဒွါရဝဇ္ဇန်းဟုခေါ်ပါသည်။ (တနည်း)ဘဝင်စိတ်ဖြစ်ခွင့် မပေးဘဲ ဝီထိစိတ်အစဉ် ဖြစ်စေခြင်းငှါ ညွှတ်စေတတ်သောကြောင့် ပဉ္စဒွါရဝဇ္ဇန်းဟုခေါ်ပါသည်။

**မေး။** မနောဒွါရဝဇ္ဇနစိတ်ဟူ၍ မနောဒွါရအရကို အကြောင်းနှင့်တကွရေး၍၊ မနောဒွါရဝဇ္ဇန်း၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

**ဖြေ။** ဝီထိစိတ်ဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့် မနောဒွါရဝဇ္ဇန်း၏ အနန္တရပစ္စည်းဖြစ်သော ဘဝင်္ဂုပစ္ဆေဒစိတ်ကို မနောဒွါရအရ ယူရပါသည်။

မနောဒွါရ၌ ဒိဋ္ဌ,သုတ,မုတစသည်တို့၏အစွမ်းအားဖြင့် ထင်လာသော အာရုံကို ဆင်ခြင်တတ်သောကြောင့် (တနည်း)ဘဝင်စိတ်ဖြစ်ခွင့် မပေးဘဲ ဝီထိစိတ်အစဉ် ဖြစ်စေခြင်းငှါ ညွှတ်စေတတ်သောကြောင့် မနောဒွါရဝဇ္ဇန်းဟုခေါ်ပါသည်။

**မေး။** မနောဒွါရဝဇ္ဇန်းစိတ်ကို အဘယ်ကြောင့် ဝုဋ္ဌောဟုခေါ်ပါသနည်း။

**ဖြေ။** ပဉ္စဒွါရ၌ သန္တီရဏစိတ်သည် စုံစမ်းအပ်ပြီးသောအာရုံကို ပိုင်းခြား မှတ်သားတတ်သောကြောင့် ဝုဋ္ဌောဟုခေါ်ပါသည်။

http://www.dhammadownload.com



## သောဘဏစိတ်အဖွင့်

**မေး။** အကုသိုလ်စိတ်ကို အဘယ်ကြောင့် ပါပဟု ခေါ်ပါသနည်း။

**ဖြေ။** မိမိကိန်းရာသန္တာနဝါကို အပါယ်စသောဆင်းရဲသို့ ရောက်စေတတ်သောကြောင့် ပါပဟုခေါ်ပါသည်။

**မေး။** သောဘဏစိတ်(၅၉)ပါး၏ (၉၁)ပါးဖြစ်လာရပုံကို ရေးခဲ့ပါ။

**ဖြေ။** လောကုတ္တရာစိတ်(၈)ပါးကို ဈာန်အင်္ဂါနှင့်ယှဉ်သော အပြားအားဖြင့် တစ်ပါးတစ်ပါးလျှင် ငါးပါး ငါးပါးစီဖြစ်လာသောကြောင့် (၉၁)ပါးဖြစ်လာရပါသည်။

**မေး။** အဘယ်ကြောင့် သောဘဏစိတ်ဟုခေါ်ပါသနည်း။

**ဖြေ။** တင့်တယ်သော သဒ္ဓါစသောဂုဏ်ကို ဆောင်တတ်သောကြောင့်၄င်း၊ အလောဘစသော အပြစ်မရှိသော ဟိတ်တို့နှင့် ယှဉ်သောကြောင့်၄င်း၊ သောဘဏစိတ်ဟုခေါ်ပါသည်။

**မေး။** ကာမာဝစရစိတ်တို့တွင် ကုသိုလ်စိတ်ကို အဘယ်ကြောင့် ရှေးဦးစွာ ဆိုရပါသနည်း။

**ဖြေ။** အဗျာကတတရားတို့သည် ကုသိုလ်လျှင်ရှေ့သွားရှိသောကြောင့် မဟာကုသိုလ်စိတ်ကို ရှေးဦးစွာ ဆိုရပါသည်။

**မေး။** ကုသိုလ်၏အခြားမဲ့၌ ဝိပါက်စိတ်ကို၄င်း၊ ဝိပါက်၏အခြားမဲ့၌ ကြိယာကို၄င်း အဘယ်ကြောင့် ဆိုရပါသနည်း။

**ဖြေ။** ကုသိုလ်၏အကျိုးဖြစ်သောကြောင့် ကုသိုလ်နောင် ဝိပါက်ကို ဆိုရ၏။

http://www.dhammadownload.com



ကုသိုလ်,ဝိပါက်တို့နှင့် ဘုံတစ်ခုတည်း၌ အကျုံးဝင်သောကြောင့် ကြိယာကို နောက်ဆုံးထား၍ ဆိုရပါသည်။

**မေး။** အဘယ်ကြောင့် ဉာဏ်ဟုခေါ်ပါသနည်း။

**ဖြေ။** ကက္ခဋ,ဖုသနစသော ဝိသေသသဘောတရား, အနိစ္စစသောသာမည သဘောတရားကို ထိုးထွင်း၍ သိတတ်သောကြောင့် ဉာဏ်ဟုခေါ်ပါ သည်။

**မေး။** သောမနဿဖြစ်ကြောင်းတရားတို့ကို ထုတ်ပြပါ။

**ဖြေ။** (၁)အားကြီးသောသဒ္ဓါတရားရှိခြင်း၊

(၂)ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံခြင်း၊

(၃)လှူဘွယ်ဝတ္ထု, အလှူခံပုဂ္ဂိုလ်စသည်တို့၏ ပြည့်စုံခြင်း၊ စသည်တို့ ဖြစ်ပါသည်။

**မေး။** ဉာဏသမ္ပယုတ်ဖြစ်ကြောင်းတရားများကို ရေးခဲ့ပါ။

**ဖြေ။** (၁)ပညာကိုဖြစ်စေတတ်သော ကံတရားရှိခြင်း၊

(၂)ဗြဟ္မာဘုံ၌ဖြစ်ခဲ့ဘူးခြင်း၊

(၃)ဣန္ဒြေရင့်ကျက်ခြင်း၊

(၄)ကိလေသာမှဝေးခြင်း၊ ဖြစ်ပါသည်။

**မေး။** အသင်္ခါရိကဖြစ်ကြောင်းတရားများကို ရေးခဲ့ပါ။

**ဖြေ။** (၁)အာဝါသသပ္ပါယစသည်တို့၏အစွမ်းဖြင့် ကိုယ်စိတ်(၂)ပါးကျန်းမာခြင်း

(၂)ရှေး၌ ဒါနစသည်ကို ပြုဘူးသော အလေ့အကျင့်ရှိခြင်း၊ စသည်တို့ ဖြစ် ပါသည်။

http://www.dhammadownload.com



(မှတ်ချက်) ဥပေက္ခာ,ဉာဏဝိပ္ပယုတ်,သသင်္ခါရိကဖြစ်ကြောင်းတို့ကို ထိုမှ အပြန်အားဖြင့် သိပါ။

## မဟာကုသိုလ်စိတ်(၈)ပါး ဖြစ်ပုံ

(၁) လှူဘွယ်ဝတ္ထု, အလှူခံပုဂ္ဂိုလ်စသည်တို့၏ ပြည့်စုံမှုကိုငင်း၊ အခြားသော သောမနဿဖြစ်ကြောင်းတစ်မျိုးမျိုးကိုငင်း၊ အကြောင်းပြု၍ ရွှင်လန်းဝမ်းမြောက်လျက် အတ္ထိ ဒိန္နံ စသောနည်းအားဖြင့် ဖြစ်သော သမ္မာဒိဋ္ဌိကိုရှေ့သွားပြု၍ လှုတ်လှုတ်စွန့်ကြဲခြင်းစသည်တို့၏ အစွမ်းအားဖြင့် မဆုတ်မနစ်မတိုက်တွန်းအပ်ဘဲ ဒါနစသောကောင်းမှုကို ပြုသောအခါ *သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်* ဖြစ်ပါသည်။

(၂) လှူဘွယ်ဝတ္ထု, အလှူခံပုဂ္ဂိုလ်စသည်တို့၏ ပြည့်စုံမှုကိုငင်း၊ အခြားသော သောမနဿဖြစ်ကြောင်းတစ်မျိုးမျိုးကိုငင်း၊ အကြောင်းပြု၍ ရွှင်လန်းဝမ်းမြောက်လျက် အတ္ထိ ဒိန္နံ စသောနည်းအားဖြင့် ဖြစ်သော သမ္မာဒိဋ္ဌိကိုရှေ့သွားပြု၍ မလှုတ်မကျွတ်စွန့်ကြဲခြင်းစသည်တို့၏အစွမ်းအားဖြင့် ဆုတ်နစ်တိုက်တွန်းအပ်လျက် ဒါနစသောကောင်းမှုကို ပြုသောအခါ *သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်* ဖြစ်ပါသည်။

(၃) ဆွေမျိုးတို့၏အကျင့်ကိုမြင်သဖြင့်အလေ့အကျက်ရပြီးသော ကလေးသူငယ်တို့၏ ရဟန်းတော်တို့ကိုဖူးမြင်ရသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ အဆောတလျှင် မိမိလက်၌ရှိသော လှူဘွယ်ဝတ္ထု တစ်စုံတစ်ခုကို လှူဒါန်းသောအခါ ,ရှိခိုးသောအခါ, *သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်* ဖြစ်ပါသည်။

(၄) ဆွေမျိုးတို့၏အကျင့်ကိုမြင်သဖြင့် အလေ့အကျက်ရပြီးသော

http://www.dhammadownload.com



ကလေးသူငယ်တို့၏ ဆွေမျိုးတို့က"ရှိခိုးကြ,လှူကြ "ဟု တိုက်တွန်းအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ရှိခိုးသောအခါ,လှူဒါန်းသောအခါ *သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်* ဖြစ်ပါသည်။

(၅) လှူဘွယ်ဝတ္ထု ,အလှူခံပုဂ္ဂိုလ်စသည်တို့၏ မပြည့်စုံခြင်းကိုင်း၊ အခြားသော သောမနဿဖြစ်ကြောင်းတို့၏မရှိခြင်းကိုင်း၊ အကြောင်းပြု၍ ရွှင်လန်းဝမ်းမြောက်မှုမရှိဘဲ အတ္တိ ဒိန္နံ စသောနည်းအားဖြင့် ဖြစ်သော သမ္မာဒိဋ္ဌိကိုရှေ့သွားပြု၍ လွတ်လွတ်စွန့်ကြံခြင်း စသည်တို့၏ အစွမ်းအားဖြင့် မဆုတ်မနစ်မတိုက်တွန်းအပ်ဘဲ ဒါနစသော ကောင်းမှုကို ပြုသောအခါ *ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ်* ဖြစ်ပါသည်။

(၆) လှူဘွယ်ဝတ္ထု ,အလှူခံပုဂ္ဂိုလ်စသည်တို့၏ မပြည့်စုံ[ခြ]င်းကိုင်း၊ အခြားသော သောမနဿဖြစ်ကြောင်းတို့၏မရှိခြင်းကိုင်း၊ အကြောင်းပြု၍ ရွှင်လန်းဝမ်းမြောက်မှုမရှိဘဲ အတ္တိ ဒိန္နံ စသောနည်းအားဖြင့်ဖြစ်သောသမ္မာဒိဋ္ဌိကိုရှေ့သွားပြု၍ မလွတ်မကျွတ်စွန့်ကြံခြင်း စသည်တို့၏ အစွမ်းအားဖြင့် ဆုတ်နစ်တိုက်တွန်းအပ်လျက် ဒါနစသော ကောင်းမှုကို ပြုသောအခါ *ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်* ဖြစ်ပါသည်။

(၇) ဆွေမျိုးတို့၏အကျင့်ကိုမြင်သဖြင့် အလေ့အကျက်ရပြီးသော ကလေးသူငယ်တို့၏ ရဟန်းတော်တို့ကိုဖူးမြင်ရသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ မရှိဘဲ အဆောတလျှင် မိမိလက်၌ရှိသော လှူဘွယ်ဝတ္ထုတစ်စုံ တစ်ခုကို လှူဒါန်းသောအခါ ,ရှိခိုးသောအခါ *ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်* ဖြစ်ပါသည်။

(၈) ဆွေမျိုးတို့၏အကျင့်ကိုမြင်သဖြင့် အလေ့အကျက်ရပြီးသော

http://www.dhammadownload.com



ကလေးသူငယ်တို့၏ ဆွေမျိုးတို့က"ရှိခိုးကြ,လှူကြ" ဟုတိုက်တွန်း အပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာမရှိဘဲ ရှိခိုးသောအခါ,လှူဒါန်းသောအခါ *ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်* ဖြစ်ပါသည်။

**မေး** အဌပိဋ္ဌ ပိသဍ္ဍါဖြင့် ဆည်းအပ်သောကာမာဝစရကုသိုလ်စိတ်များကို ရေတွက်ပြပါ။

**ဖြေ။** ကာမာဝစရကုသိုလ်စိတ်(၈)ပါးကိုတည်၍ ပုညကြိယာဝတ္ထု(၁၀)ပါးနှင့်မြှောက် ၈×၁၀=၈၀၊ ၎င်း ၈၀ကို အာရုံ(၆)ပါးနှင့်မြှောက်၍ ၈၀×၆=၄၈၀၊ ၎င်း ၄၈၀ကို ဉာဏဝိပ္ပယုတ်၂၄၀ ,ဉာဏသမ္ပယုတ်၂၄၀ စီခွဲ၍ ဉာဏဝိပ္ပယုတ်၂၄၀ကို ဝီမံသာဓိပတိမှတစ်ပါး ကြွင်းသော အဓိပတိသုံးပါးနှင့်မြှောက် ၂၄၀×၃=၇၂၀ဖြစ်၏၊ ဉာဏသမ္ပယုတ် ၂၄၀ကို အဓိပတိ၄ပါးနှင့်မြှောက် ၂၄၀×၄=၉၆၀ဖြစ်၏၊ ၎င်း၉၆၀ နှင့်၇၂၀ ကို ပေါင်းသော် ၁၆၈၀ဖြစ်၏။ ၎င်းကို တစ်ဖန် ကံသုံးပါးနှင့်မြှောက်=၁၆၈၀×၃=၅၀၄၀ဖြစ်၏။ ၎င်းကို ဟီန,မဇ္ဈိမ,ပဏီတ သုံးပါးနှင့်မြှောက် ၅၀၄၀×၃=၁၅၁၂၀ ဖြစ်၏။

**ဆရာဗုဒ္ဓဒတ်အလို**

မဟာကုသိုလ်(၈)ပါးကိုတည် ပုညကြိယာဝတ္ထုဆယ်ပါး, အာရုံ၆ပါး, အဓိပတိလေးပါး,ကံသုံးပါး, ဟီန,မဇ္ဈိမ,ပဏီတသုံးပါးနှင့် အစဉ်အတိုင်း မြှောက်ပွါး၍ ၁၇၂၈၀ဖြစ်ပါသည်။

**မေး။** ကာမာဝစရကုသလစိတ္တာနိနာမဋ္ဌ ကုသိုလ်၏အဓိပ္ပါယ်ကို ပြည့်စုံအောင် ရေးခဲ့ပါ။

**ဖြေ။** စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်ဖြင့်

http://www.dhammadownload.com



တုန်လှုပ်စေတတ်, ဝိက္ခမ္ဘနပဟာန်ဖြင့် ပြင်းစွာတုန်လှုပ်စေတတ် ဖျက်ဆီးတတ်သောကြောင့် ကုသိုလ်ဟုခေါ်ပါသည်။

(တနည်း) ကုသဟုဆိုအပ်သော အကုသိုလ်တရားတို့ကို ဖြတ်တတ်သော ကြောင့် ကုသိုလ်ဟုခေါ်ပါသည်။

(တနည်း)ကုသဟုဆိုအပ်သော ဉာဏ်ဖြင့်၄င်း၊ သဒ္ဒါစသောတရား အပေါင်းဖြင့်၄င်း၊ ဖြစ်စေအပ်သောကြောင့် ကုသိုလ်ဟုခေါ်ပါသည်။

***မေး။*** ကုသအရကို အဓိပ္ပါယ်နှင့်တကွ ရေးခဲ့ပါ။

***ဖြေ။*** **ကုသအရ အကုသိုလ်တရားကို ရပါသည်။**

စက်ဆုပ်အပ်သော အခြင်းအရာအားဖြင့် သန္တာန်၌ဖြစ်စေတတ်သော ကြောင့် အကုသိုလ်တရားကို ကုသဟုခေါ်ပါသည်။

***(တနည်း)*** **ကုသအရ ဉာဏ်ကိုရပါသည်။**

စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို ခေါင်းပါးအောင်ပြုတတ် သောကြောင့်၄င်း၊အဆုံးကိုပြုတတ်သောကြောင့်၄င်း၊ ဉာဏ်ကို ကုသဟု ခေါ်ပါသည်။

**(တနည်း) ကုသအရ သဒ္ဒါစသောတရားအပေါင်းရ၏။**

***မေး။*** မဟာဝိပါက်စိတ်၏ ပုညကြိယာဝတ္ထု၏အစွမ်းအားဖြင့်၄င်း၊ ကမ္မဒွါရ၏အစွမ်းအားဖြင့်၄င်း၊ ကံ၏အစွမ်းအားဖြင့်၄င်း၊ အဓိပတိ၏အစွမ်း အားဖြင့်၄င်း၊ မဖြစ်ရခြင်းအကြောင်းကိုရေးခဲ့ပါ။

***ဖြေ။*** ဒါနစသည်တို့၏အစွမ်းအားဖြင့် မဖြစ်သောကြောင့် ပုညကြိယဝတ္ထု ကြောင့် မဖြစ်ပါ။

ဝိညတ်ကိုမဖြစ်စေပေတတ်သောကြောင့်၄င်း၊ အကျိုးပေးခြင်းသဘောမရှိ သောကြောင့်၄င်း၊ ကမ္မဒွါရကြောင့်, ကံကြောင့် မဖြစ်ရပါ။

http://www.dhammadownload.com



ဆန္ဒစသည်ကိုရှေ့သွားပြု၍ မဖြစ်သောကြောင့် အဓိပတိ၏ အစွမ်းဖြင့် မဖြစ်ရပါ။

**မေး။** ကာမာနိ အဋ္ဌပိဋ္ဌ ပိသဒ္ဒါဖြင့်ပေါင်းအပ်သော မဟာဝိပါက်စိတ်တို့ကို ရေတွက်ပြပါ။

**ဖြေ။** မဟာဝိပါက်စိတ်(၈)ပါးကိုတည် အာရုံ(၆)ပါးနှင့်မြှောက်၈×၆=၄၈ ဖြစ်၏၊ ၄င်း၄၈ပါးကို ဟီန,မဇ္ဈိမ,ပဏီတသုံးပါးနှင့်မြှောက်–၄၈×၃ ၁၄၄ပါးဖြစ်ပါသည်။

**မေး။** မဟာဝိပါက်စိတ်၏ သောမနဿ, ဥပေက္ခာစသည်ဖြစ်ကြောင်းတို့ကို ရေးခဲ့ပါ။

**ဖြေ။** မဟာဝိပါက်စိတ်တို့သည် ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံတို့၏အစွမ်းအားဖြင့် သောမနဿ ,ဥပေက္ခာဖြစ်ရပါသည်။

<u>ပဋိသန္ဓေ,ဘဝင်,စုတိကိစ္စတပ်သောအခါ</u> ကံတရားအားကြီးသောကြောင့် ဉာဏသမ္ပယုတ်ဖြစ်၍၊ ကံတရားအားနည်းသောကြောင့် ဉာဏဝိပ္ပယုတ်ဖြစ်ရပါသည်။

<u>တဒါရုံကိစ္စတပ်သောအခါ</u> များသောအားဖြင့် ဇောအားလျော်စွာဖြစ်ခြင်းကြောင့်၎င်း၊ တစ်ခါတစ်ရံ ပဝတ္တိကျိုးမျှကိုပေးသော ကံအားလျော်စွာဖြစ်ခြင်းကြောင့်၎င်း၊ ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ်ဖြစ်ရပါသည်။

**မေး။** မဟာဝိပါက်စိတ်၏ အသင်္ခါရိက, သသင်္ခါရိကဖြစ်ကြောင်းကို ရေခဲ့ပါ။

**ဖြေ။** လုလ္လပယောဂကင်း၍ ကံနိမိတ်စသောအကြောင်းတို့ ထင်သောအခါ, လျောက်ပတ်သောဥတု,ဘောဇဉ်စသည်တို့နှင့် တွေ့သောအခါတို့၌ အသင်္ခါရိကဖြစ်ပါသည်။

http://www.dhammadownload.com


လုလ္လပယောဂနှင့်တကွ ကံနိမိတ်စသည် ထင်သောအခါ,မလျောက်ပတ်သော ဥတု,ဘောဇဉ်စသည်တို့နှင့် တွေ့ကြုံသောအခါ သသင်္ခါရိကဖြစ်ပါသည်။

**မေး။** ကာမာဝစရစိတ်၏နိဂုံး၌သဟေတုကသင်္ဂါကို ကုသိုလ်,ဝိပါက်,ကြိယာ သုံးမျိုးလုံးနှင့် တွဲ၍သုံးသင့်ပါသလော။

**ဖြေ။** ကုသိုလ်တရားတို့မည်သည် သဟိတ်ကေန်ဖြစ်သောကြောင့် သဟေတုကသင်္ဂါကို ဝိပါက်,ကြိယာနှင့်သာ တွဲ၍သုံးရပါသည်။

(မဟာကုသိုလ်စိတ်၏အဆုံး၌ သဟေတုကသင်္ဂါမထည့်ဘဲ ဝိပါက်,ကြိယာ၏အဆုံး၌သာ သဟေတုကသင်္ဂါထည့်ဆိုရခြင်းအကြောင်းမေးလျှင်လည်း အထက်ပါအတိုင်းပင် ဖြေရမည်။)

**မေး။** ကာမာဝစရကုသိုလ်စိတ်၌ သဟေတုကသင်္ဂါကို တွဲစပ်၍ မသုံးသင့်ဘဲလျက် "သဟေတုကကာမာဝစရကုသလဝိပါကကြိယစိတ္တာနိ" ဟု အဘယ်ကြောင့် ဆိုရပါသနည်း၊ ဥပမာဖြင့် ရှင်းပြပါ။

**ဖြေ။** သက္ခရ,ကထလိကမ္ပိ,မစ္ဆ,ကုမ္ဘမ္ပိ စရန္တိမ္ပိ တိဋ္ဌန္တိမ္ပိ"ဟူသော ပါဠိတော်၌ သက္ခရ,ကထလိက(ကျောက်စရစ်,အိုးခြမ်းကွဲ)တို့သည် မသွားနိုင်သောကြောင့် မစ္ဆ,ကုမ္ဘ(ငါး,လိပ်)ကိုငဲ့၍ စရဏကြိယာကို သုံးသကဲ့သို့ ဝိပါက်,ကြိယာကိုငဲ့၍ သဟေတုကသင်္ဂါကို သုံးရပါသည်။

**မေး။** ဝေဒနာ,ဉာဏ,သင်္ခါရဘေဒနေ၌ ဉာဏဘေဒ, သင်္ခါရဘေဒဖြစ်ပုံကို ဥပမာဖြင့် ရှင်းပြပါ။

**ဖြေ။** သာယာဝပြောခြင်း,ငတ်မွတ်ခေါင်းပါးခြင်းနှစ်မျိုးကို မိုးတစ်ခုတည်းကပင် ပြအပ်သကဲ့သို့ ဉာဏ်,သင်္ခါရတို့၏ ရှိခြင်း,မရှိခြင်းကိုလည်း

http://www.dhammadownload.com



ဉာဏ်,သင်္ခါရတို့ကပင် ပြုအပ်သောကြောင့် ဉာဏဘေဒ,သင်္ခါရဘေဒ ဖြစ်နိုင်ပါသည်။

**မေး။** ကာမာဝစရစိတ်သည် ကာလ,ဒေသ,သန္တာန်ဖြင့် ရေတွက်လျှင် လွန်စွာများပြားပါလျက် "စတုပညာသ သမ္ဘဝါ"ဟု အဘယ်ကြောင့် အရှင်အနုရုဒ္ဓါဆိုရပါသနည်း။

**ဖြေ။** ကုသိုလ်စိတ်(၈)ပါး, အကုသိုလ်စိတ်(၁၂)ပါး, ဝိပါက်စိတ်(၂၃)ပါး, ကြိယာစိတ်(၁၁)ပါးတို့၏ အတွင်း၌ဝင်သောကြောင့် စတုပညာသဟု ဆိုရပါသည်။

## ရူပါဝစရစိတ်အဖွင့်

**မေး။** ဝိတက်၏ သဘောလက္ခဏာကို ဥပမာနှင့်တကွ ရေးခဲ့ပါ။

**ဖြေ။** ရှင်ဘုရင်နှင့်အကျွမ်းဝင်သော ဆွေမျိုးတော်စပ်သူသည်၄င်း, မိတ်ဆွေသည်၄င်း၊ တောသားတစ်ယောက်ကို နန်းတော်သို့ဝင်ရောက်နိုင်အောင် တင်ပေးသကဲ့သို့ ဝိတက်သည် သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှု တင်ပေးခြင်း လက္ခဏာရှိပါသည်။

**မေး။** ဝိတက်နှင့်မယှဉ်သောစိတ်တို့၏ ဝိတက်၏အစွမ်းအားဖြင့် အာရုံသို့ တက်ရောက်နိုင်ပုံကို ဥပမာနှင့်တကွ ပြေဆိုပါ။

**ဖြေ။** မင်း၏နန်းတော်သို့ မင်းကျွမ်းဝင်သူနှင့်အတူတကွ အဖန်တလဲလဲ သွားရောက်ခြင်းအလေ့အကျက်ရှိသော တောသားသည် မင်းကျွမ်းဝင်သူနှင့် ကင်း၍လည်း နန်းတော်သို့ဝင်ရောက်နိုင်သကဲ့သို့ သဝိတက္ကစိတ်၏ သန္တာန်၌ အဖန်တစ်လဲလဲဖြစ်သည်၏အစွမ်းအားဖြင့် အလေ့အကျက် ရှိပြီးသော အဝိတက္ကစိတ်သည် ဝိတက်ကင်းသော်လည်း ဝိတက်၏ အစွမ်းအားဖြင့်ပင် အာရုံသို့ တက်ရောက်နိုင်ပါသည်။

http://www.dhammadownload.com

**(တနည်း)** အဝိတက္ကစိတ်တို့တွင် ဒွေးပဉ္စဝိညာဏ်တစ်ဆယ်သည် ဝတ္ထုအာရုံထိခိုက်ခြင်း၏အစွမ်းအားဖြင့်၄င်း၊ ဒုတိယဈာန်စသည်တို့သည် အောက်အောက်၌ဖြစ်သောဘာဝနာ၏အစွမ်းအားဖြင့်၄င်း၊ အာရုံသို့ တက်ရောက်နိုင်ပါသည်။

***မေး။*** ဝိစာရ၏လက္ခဏာကို ပေါ်လွင်ထင်ရှားအောင်ရေးပါ။
***ဖြေ။*** အာရုံနှင့်တကွစိတ်ကို အဘန်တစ်လဲလဲ စပ်တတ်သည်၏အဖြစ်ဖြင့် အာရုံကိုအဘန်တလဲလဲ သုံးသပ်ခြင်း လက္ခဏာရှိပါသည်။

***မေး။*** ဝိတက်နှင့်ဝိစာရတို့၏ ထူးခြားဟန်ကို ဥပမာနှင့်တကွရေးပါ။
***ဖြေ။*** ***ဝိတက်သည်*** ရုန့်ရင်းကြမ်းတမ်းသော သဘောရှိသောကြောင့်၄င်း၊ ဝိစာရ၏ရှေ့သွားဖြစ်သောကြောင့်၄င်း၊ ရှေးဦးစွာ တီးခတ်အပ်သော ခေါင်းလောင်းသံနှင့်၄င်း, ကောင်းကင်သို့ပျံတက်သောငှက်၏ အတောင်ခပ်ခြင်းနှင့်၄င်း၊ ကြာပန်းသို့ ရှေးရှုပျံသန်းသော ပျားပိတုန်းနှင့်၄င်း၊ တူပါသည်။

***ဝိစာရသည်*** သိမ်မွေ့သောသဘောရှိသောကြောင့်၄င်း၊အဘန်တလဲလဲ သုံးသပ်ခြင်း သဘောရှိသောကြောင့်၄င်း, တီးခပ်အပ်ပြီးသော ခေါင်းလောင်း၏ ညီးညွှသံနှင့်၄င်း၊ ကောင်းကင်သို့ပျံတက်ပြီးသောငှက်၏ အတောင်မခတ်ဘဲ ပျံဝဲနေသည်နှင့်၄င်း၊ ကြာပန်းအထက်၌ရစ်ဝဲနေသော ပျားပိတုန်းနှင့်၄င်း၊ တူပါသည်။

6 ***မေး။*** ပီတိ၏အဓိပ္ပါယ်ကို ရေးခဲ့ပါ။
A ***ဖြေ။*** ကိုယ်စိတ်နှစ်ပါးကို ရောင့်ရဲစေတတ်, တိုးပွါးစေတတ်သောကြောင့် ပီတိမည်၏။

http://www.dhammadownload.com



**မေး။** သုခ၏အဓိပ္ပါယ်ကို ဥပမာနှင့်တကွ ရေးပါ။

**ဖြေ။** သမ္ပယုတ်တရားတို့ကို ချမ်းသာစေတတ်သောကြောင့် သုခဟုခေါ်ပါသည်~ ကောင်းသောအရသာကို ခံစားသောမင်းနှင့်တူပါသည်။

**မေး။** ပီတိနှင့်သုခတို့၏ အထူးကိုရေးခဲ့ပါ။

**ဖြေ။** ခရီးပန်းလာသောသူ၏ တောအုပ်အတွင်း၌ ရေကိုမြင်ရသောအခါ ဖြစ်ပေါ်သောနှစ်သက်ခြင်းကဲ့သို့ အာရုံကိုရထိုက်ရာအခါ၌ နှစ်သက်ခြင်းသဘောသည် ပီတိမည်၏။

ရေကိုမြင်ရပြီးနောက် သောက်ရ,ချိုးရသောအခါ အရသာကိုခံစားရသကဲ့သို့ အာရုံကိုခံစားခြင်းသဘောသည် သုခမည်၏။ဤသို့ထူး၏။

**မေး။** ဧကဂ္ဂတာ၌ ဧကဂ္ဂ၏ အဓိပ္ပါယ်နှင့်အရကိုငှင်း၊ ဧကဂ္ဂတာ၏ အဓိပ္ပါယ်နှင့်အရကိုငှင်း ခွဲခြားရေးသားခဲ့ပါ။

**ဖြေ။** အာရုံအမျိုးမျိုး၌ ပျံ့လွင့်ခြင်းမရှိသည့်အတွက် တစ်ခုတည်းသော အာရုံရှိသောကြောင့် ဧကဂ္ဂမည်ပါသည်။ ၎င်းဧကဂ္ဂအရ စိတ်ကို ရပါသည်။

အာရုံအမျိုးမျိုး၌ မပျံ့လွင့်ဘဲ တစ်ခုတည်းသောအာရုံရှိသောစိတ်၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဧကဂ္ဂတာမည်ပါသည်။ ၎င်းဧကဂ္ဂတာအရ သမာဓိကိုရ၏။

**မေး။** ပဌမဈာန်၌ ပဌမမည်ပုံနှင့် ဈာနမည်ပုံကို ခွဲခြားရေးသားခဲ့ပါ။

**ဖြေ။** ဒေသနာအစဉ်အားဖြင့်၎င်း၊ ဖြစ်စဉ်အားဖြင့်၎င်း အစဖြစ်သောကြောင့် ပဌမမည်ပါသည်။

http://www.dhammadownload.com



ကသိုဏ်းစသောအာရုံကို ကပ်၍ရှုတတ်သောကြောင့်၄င်း၊ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့်၄င်း၊ ဈာန်ဟုခေါ်ပါသည်။

**မေး။** ဝိတက်စသောငါးပါးအပေါင်းကို ဈာန်ဟုခေါ်ရပုံကို ရှင်းပြပါ။

**ဖြေ။** အကွပ်,ဝင်ရိုးစသည်တို့၏ အပေါင်းကို ရထားဟုခေါ်သကဲ့သို့ ဝိတက်စသောငါးပါးအပေါင်းကိုသာ ဈာန်ဟုခေါ်ရပါသည်။ ဝိတက်,ဝိစာရစသော အစိတ်အစိတ်ကို ဈာန်ဟု မခေါ်ရပါ။

**မေး။** ပထမဈာန်၌ စေတသိက်(၃၅)ပါး ယှဉ်ပါလျက် ဝိတက်စသောငါးပါးကိုသာ ဈာနင်ဟုဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** ကသိုဏ်းစသောအာရုံကို ကပ်၍ရှုခြင်းကိစ္စရှိသောကြောင့်၄င်း၊ ကာမစ္ဆန္ဒစသည်တို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၄င်း၊ ဝိတက်စသောငါးပါးကိုသာ ဈာနင်ဟု ဆိုရပါသည်။

**မေး။** ဈာနင်ငါးပါးတို့၏ ဥပနိဇ္ဈာနကိစ္စရှိပုံကို ရေးခဲ့ပါ။

**ဖြေ။** ဝိတက်သည် အာရုံပေါ်သို့ စိတ်ကို ရှေးရှုတင်ပေးခြင်းကိစ္စရှိပါသည်။
ဝိစာရသည် စိတ်ကို အာရုံနှင့် ဖွဲ့စပ်ပေးခြင်းကိစ္စရှိပါသည်။
ပီတိသည် နှစ်သက်ခြင်းကိစ္စရှိပါသည်။
သုခသည် အာရုံ၌ စိတ်ကို တိုးပွါးစေခြင်းကိစ္စရှိပါသည်။
ဧကဂ္ဂတာသည် တစ်ခုတည်းသောအာရုံ၌ စိတ်ကို ကောင်းစွာထားပေးခြင်းကိစ္စရှိပါသည်။

**မေး။** ဈာနင်ငါးပါးတို့၏ ဆန့်ကျင်ဘက် နီဝရဏတရားတို့ကိုရေးခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ဝိတက္ကော ထိနမိဒ္ဓဿ၊ ဝိစိကိစ္ဆာယ ဝိစာရော။
ပီတိ စာပိ ဗျာပါဒဿ ၊ သုခံ ဥဒ္ဓစ္စ ကုက္ကုစ္စံ ။
သမာဓိ ကာမစ္ဆန္ဒဿ ၊ ပဋိပက္ခောတိ ပေဋကေ။

မေး။ ဈာနင်ငါးပါးတို့သည် နီဝရဏငါးပါးတို့၏ ဆန့်ကျင်ဘက်ဖြစ်ခြင်း၏ အကြောင်းတို့ကို ရေးခဲ့ပါ။

ဖြေ။ ရာဂတည်းဟူသော တောင့်တခြင်း၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်သောကြောင့် သမာဓိသည်ကာမစ္ဆန္ဒ၏ဆန့်ကျင်ဘက်ဖြစ်ပါသည်။

ပီတိသည် ပါမောဇ္ဇသဘောရှိသောကြောင့် ဗျာပါဒ၏ဆန့်ကျင်ဘက် ဖြစ်ရပါသည်။

ကောင်းစွာကြံစီခြင်း၏အစွမ်းအားဖြင့် ပျံ့လွင့်ခြင်းသဘောရှိသော ကြောင့် ဝိတက်သည် ထိနမိဒ္ဓ၏ ဆန့်ကျင်ဘက်ဖြစ်ရပါသည်။

သုခသည် ငြိမ်သက်ခြင်း,ချမ်းမြေ့ခြင်းသဘောရှိ၍ ဥဒ္ဓစ္စကုက္ကုစ္စ သည် မငြိမ်သက်ခြင်း,ပူပန်ခြင်းသဘောရှိသောကြောင့် ဆန့်ကျင်ဘက် ဖြစ်ပါသည်။

ဝိစာရသည် အာရုံ၌ အဘန်တလဲလဲသုံးသပ်ခြင်း၏အစွမ်းအားဖြင့် ပညာနှင့်တူသောသဘောရှိသောကြောင့် ဝိစိကိစ္ဆာ၏ ဆန့်ကျင်ဘက် ဖြစ်ရပါသည်။

မေး။ ဥပေက္ခာကို အဘယ်၌သွင်းယူရသည်ကို အကြောင်းနှင့်တကွဖြေပါ။

ဖြေ။ ဥပေက္ခာသည် ငြိမ်သက်သော သဘောရှိသောကြောင့် သုခ၌သွင်း ယူရပါသည်။

http://www.dhammadownload.com



**မေး။** ကာမာဝစရစိတ်တို့၌ကဲ့သို့ ရူပါဝစရစိတ်၌ သင်္ခါရအပြားကို အဘယ်ကြောင့် မယူပါသနည်း။

**ဖြေ။** မဂ်ကိုရသည်၏အစွမ်းအားဖြင့် မဂ္ဂသတ္တိကြောင့် ရအပ်သောစျာန်သည်ပင်လျှင် နောက်အဖို့၌ ပရိကမ်၏အစွမ်းအားဖြင့်သာ ဖြစ်ခြင်းကြောင့် သင်္ခါရအပြားကို မယူရပါ။

(တနည်း) ပုဗ္ဗာဘိသင်္ခါရ၏အစွမ်းအားဖြင့်ဖြစ်သောစျာန်သည် မည်သည့်အခါမျှ အသင်္ခါရိကမဖြစ်သောကြောင့် အသင်္ခါရိကဟူ၍၎င်း၊ လင်းပါးဘွယ်မရှိသောကြောင့် သသင်္ခါရိကဟူ၍၎င်း၊ မဆိုသင့်သည့်အတွက် သင်္ခါရအပြားကို မယူရပါ။

**မေး။** ရူပါဝစရစိတ်၌ သင်္ခါရအပြား လုံးဝမရှိဟု မှတ်ရမည်လော,ဖြစ်သင့်သော သင်္ခါရကို အကြောင်းနှင့်တကွ ဖြေဆိုပါ။

**ဖြေ။** မဂ်ကိုရသည်၏အစွမ်းအားဖြင့် မဂ္ဂသတ္တိကြောင့် ရအပ်သောစျာန်သည်ပင်လျှင် နောက်အဖို့၌ ပရိကမ်၏အစွမ်းအားဖြင့်သာ ဖြစ်ခြင်းကြောင့်၎င်း၊ ပုဗ္ဗာဘိသင်္ခါရ၏အစွမ်းအားဖြင့်ဖြစ်သောစျာန်သည် မည်သည့်အခါမျှ အသင်္ခါရိကမဖြစ်သောကြောင့်၎င်း၊လင်းပါးဘွယ် မရှိသောကြောင့်၎င်း၊ သသင်္ခါရိကဖြစ်သင့်ပါသည်။

**မေး။** ဣမာနိ ပဉ္စပိ ၌ ပိသဒ္ဒါဖြင့် ပေါင်းအပ်သော တရားတို့ကိုရေးပါ။

**ဖြေ။** စတုက္ကနည်း, ပဉ္စကနည်း၏ အစွမ်းအားဖြင့် သုဒ္ဓိကနဝကတစ်ပါး၊ ၎င်းကို ပဋိပဒါလေးမျိုးနှင့်မြှောက်၍ ပဋိပဒါနဝကလေးပါး၊ အာရမ္မဏနဝကလေးပါး၊ ပဋိပဒါ,အာရုံလေးပါးစီ ရော၍ မိဿကနည်း၏အစွမ်းအားဖြင့် နဝက(၁၆)ပါး၊ ပေါင်းနဝက(၂၅)ပါးတို့ကို ပေါင်းယူပါသည်။

http://www.dhammadownload.com



**မေး။** ရူပါဝစရဝိပါက်ကို ကုသိုလ်နှင့်တူအောင်ပြ၍ အဘယ်ကြောင့် ငါးပါးဆိုရပါသနည်း။

**ဖြေ။** ကုသိုလ်ဈာန်အထူးသည် ဖြစ်စေအပ်သောဝိပါက်သည် စင်စစ်အားဖြင့် ထိုထိုဈာန်နှင့်တူစွာသာလျှင်ဖြစ်သောကြောင့် ငါးပါးဆိုရပါသည်။

## အရူပါဝစရစိတ်အဖွင့်

**မေး။** အာကာသာနဉ္စာယတန၌ အာကာသကို အနန္တဟုဆိုရခြင်း အကြောင်းကို ရေးပါ။

**ဖြေ။** ဥပါဒ်စသောအပိုင်းအခြားမရှိသောကြောင့် အာကာသကို အနန္တဟုဆိုပါသည်။

**မေး။** အာကာသာနဉ္စာယတန၌ အာယတနမည်ပုံကို ရေးခဲ့ပါ။

**ဖြေ။** အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ပညတ်သည်သာလျှင် သမ္ပယုတ်တရားနှင့်တကွဖြစ်သော ဈာန်၏တည်ရာဖြစ်သောကြောင့် အာယတနဟုဆိုပါသည်။

(တနည်း) အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ပညတ်ဟု ဆိုအပ်သော အာရုံရှိသောကြောင့် အာကာသာနဉ္စာယတနဟုဆိုပါသည်။

**မေး။** ပထမာရုပ္ပဝိညာဏ်သည် ဥပါဒ်စသောအပိုင်းအခြားရှိပါလျက် အဘယ်ကြောင့် အနန္တဟုဆိုရပါသနည်း။

**ဖြေ။** ဥပါဒ်စသောအပိုင်းအခြားမရှိသော ကောင်းကင်ပညတ်၌ဖြစ်သောကြောင့်၎င်း၊ မိမိဟူသော ပထမာရုပ္ပဝိညာဏ်ကို အာရုံပြု၍ဖြစ်သော ဘာဝနာသည် ဥပါဒ်စသောအပိုင်းအခြားကိုမယူမူ၍ အပိုင်းအခြားမရှိ

http://www.dhammadownload.com



သောအားဖြင့် ဖုံးနှံ၍ဖြစ်သောကြောင့်၄င်း၊ **အနန္တ** ဟုဆိုပါသည်။

**မေး။** ဝိညာဏဉ္စာယတနကုသလ,ဝိပါက,ကြိယာ၌ ပါသော **ဝိညာဏသဒ္ဒါ** သုံးခုတို့၏ ထူးခြားပုံကို ရေးခဲ့ပါ။

**ဖြေ။** ဝိညာဏဉ္စာယတနကုသလစိတ္တုပ္ပါဒ်၌ပါသော ဝိညာဏအရ= ဤဘဝ ရှေးဘဝအရှုတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်စိတ်ကိုရပါသည်။

ဝိညာဏဉ္စာယတနဝိပါကစိတ္တုပ္ပါဒ်၌ ပါသော ဝိညာဏအရ= ရှေးဘဝ အရှုတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်စိတ်ကိုရပါသည်။

ဝိညာဏဉ္စာယတနကြိယစိတ္တုပ္ပါဒ်၌ ပါသော ဝိညာဏအရ= ရှေးဘဝ အရှုတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်နှင့် ဤဘဝ အရှုတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကြိယာစိတ်ကို ရပါသည်။

**မေး။** အာကိဉ္စညာ၌ အဘယ်မျှ အကြွင်းအကျန်မရှိသည်ကို ယူရပါသနည်း။

**ဖြေ။** အောက်ထစ်ဆုံးအပိုင်းအခြားအားဖြင့် ဘင်မျှ အကြွင်းအကျန်မရှိသည်ကို ယူရပါသည်။

**မေး။** နေဝသညာနာသညာ၌ သညာတစ်ခုတည်းကိုပင် အဘယ်ကြောင့် နေဝသညာဟု၄င်း, နာသညာဟု၄င်း ဆိုရပါသနည်း။

**ဖြေ။** ရုန့်ရင်းသောသညာမရှိသောကြောင့် နေဝသညာဟု၄င်း၊ သိမ်မွေ့သော သညာ ရှိသောကြောင့် နာသညာဟု၄င်း၊ ဆိုရပါသည်။

http://www.dhammadownload.com



**(တနည်း)** ဝိပဿနာ၏အာရုံအဖြစ်သို့ ရောက်၍ ငြီးငွေ့ခြင်းကိုဖြစ်စေတတ်သည်ဟုဆိုအပ်သော ထင်ရှားသောသညာ၏ကိစ္စမရှိသောကြောင့် နေဝသညာဟု၄င်း၊ ရုန့်ရင်းသောသင်္ခါရတို့မှကြွင်းသော သိမ်မွေ့သောသင်္ခါရ၏အဖြစ် ထင်ရှားရှိသောကြောင့် နာသညာဟု၄င်း ဆိုရပါသည်။

**မေး။** နေဝသညာနာသညာယတန၌ အာယတနအဓိပ္ပါယ်ကိုရေးပါ။

**ဖြေ။** မနာယတန, ဓမ္မာယတန၌ အကျုံးဝင်သောကြောင့် အာယတနမည်၏။ (တနည်း) သမ္ပယုတ်တရားနှင့်တကွဖြစ်သောစျာန်၏ နိဿယပစ္စည်းဖြစ်သောကြောင့် အာယတနမည်၏။

**မေး။** နေဝသညာနာသညာ၌ သညာတစ်ခုတည်းသာ နေဝသညာနာသညာမည်နိုင်ပါသလော ရှင်းပြပါ။

**ဖြေ။** နေဝသညာနာသညာဟုဆိုခြင်းသည် နိဒဿနနည်းမျှသာဖြစ်သောကြောင့် ဖဿစသည်တို့သည်လည်း နေဝဖဿနာဖဿ, နေဝဝေဒနာနာဝေဒနာစသည် မည်နိုင်ပါသည်။

**မေး။** အာရုပ္ပဇ္ဈာနပဉ္စမဘေဒေန၌ အာရုံအပြားကို အသီးသီး သရုပ်နှင့်တကွရေးပါ။

**ဖြေ။**

| စိတ် | အတိက္ကမိတဗ္ဗအာရုံ | အာလမ္ဗိတဗ္ဗအာရုံ |
|---|---|---|
| အာကာသာနဉ္စာယတန | ကသိုဏ်းပညတ် | ကောင်းကင်ပညတ် |
| ဝိညာနဉ္စာယတန | ကောင်းကင်ပညတ် | ပထမာရုပ္ပဝိညာဏ် |
| အာကိဉ္စညာယတန | ပထမာရုပ္ပဝိညာဏ် | နတ္ထိဘောပညတ် |
| နေဝသညာနာသညာ | နတ္ထိဘောပညတ် | တတိယာရုပ္ပဝိညာဏ် |

http://www.dhammadownload.com



**မေး။** ရူပါဝစရစိတ်နှင့်အရူပါဝစရစိတ်တို့၏ဖြစ်ပုံအထူးကို ရေးပါ။

**ဖြေ။** ရူပါဝစရစိတ်သည် အင်္ဂါတိက္ကမ၏အစွမ်းအားဖြင့် ဖြစ်ပါသည်။ အရူပါဝစရစိတ်သည် အာရမ္မဏာတိက္ကမ၏အစွမ်းအားဖြင့် ဖြစ်ပါသည်၊

## လောကုတ္တရာစိတ်အဖွင့်.

**မေး။** သောတာပတ္တိမဂ္ဂစိတ္တုံ၌ အဘယ်ကြောင့် အဘယ်တရားကို သောတ ဟု ခေါ်ပါသနည်း။

**ဖြေ။** နိဗ္ဗာန်သို့ ရှေးဦးစွာကပ်ရောက်တတ်သောကြောင့်၄င်း၊ နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ စီးဝင်တတ်သည်၏အဖြစ်ဖြင့် ရေအယဉ်နှင့်တူသောကြောင့်၄င်း၊ မဂ္ဂင်(၈)ပါးကို သောတဟုခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် သောတာပတ္တိဟုခေါ်ပါသနည်း။

**ဖြေ။** အရိယာမဂ်တည်းဟူသော အယဉ်သို့ ရှေးဦးစွာရောက်သောကြောင့် သောတာပတ္တိဟုခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် မဂ်ဟုခေါ်ပါသနည်း။

**ဖြေ။** နိဗ္ဗာန်ကိုရှာမှီးတတ်သောကြောင့် မဂ်ဟုခေါ်ပါသည်။

(တနည်း)နိဗ္ဗာန်ကိုအလိုရှိသူတို့သည် ရှာမှီးအပ်သောကြောင့် မဂ်ဟုခေါ်ပါသည်။

(တနည်း)ကိလေသာတို့ကိုသတ်လျက် နိဗ္ဗာန်သို့ သွားတတ်သောကြောင့် မဂ်ဟုခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် သောတာပတ္တိမဂ်စိတ်ဟုခေါ်ပါသနည်း။

**ဖြေ။** အရိယာမဂ်တည်းဟူသောအယဉ်သို့ ရှေးဦးစွာရောက်ခြင်းဖြင့် ရအပ်

http://www.dhammadownload.com



သော မဂ်နှင့်ယှဉ်သောစိတ်သည် သောတာပတ္တိမဂ်စိတ်မည်၏။ (တနည်း) အရိယာမဂ်တည်းဟူသောအယာဉ်သို့ ရှေးဦးစွာရောက်ခြင်းရှိသောပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သောကြောင့် သောတာပတ္တိမဂ်စိတ်မည်၏။

**မေး။** သကဒါဂါမိမဂ္ဂစိတ္တံ၌ သကဒါဂါမိအရ အဘယ်နည်းဖြင့် အဘယ်သို့လာသည်ကို သကဒါဂါမိဟုခေါ်ပါသနည်း။

**ဖြေ။** ပဋိသန္ဓေနေသည်၏အစွမ်းအားဖြင့် ဤလူ့ဘုံသို့ တစ်ကြိမ်သာလာခြင်းကို သကဒါဂါမိဟု ခေါ်ပါသည်။

**မေး။** သကဒါဂါမ်အပြားနှင့် ဤ၌ယူသင့်သော သကဒါဂါမ်ကိုရေးပါ။

**ဖြေ။** (၁) ဣဓ ပတွာ ဣဓ ပရိနိဗ္ဗာယီ (၂)တတ္ထ ပတွာ တတ္ထ ပရိနိဗ္ဗာယီ
(၃) ဣဓ ပတွာ တတ္ထ ပရိနိဗ္ဗာယီ (၄)တတ္ထ ပတွာ ဣဓ ပရိနိဗ္ဗာယီ
(၅) ဣဓ ပတွာ တတ္ထ နိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီ။
ဤ၌ ပဉ္စမမြောက် သကဒါဂါမ်ကို ယူရပါသည်။

**မေး။** ဤ၌ ပဉ္စမမြောက် သကဒါဂါမ်ကို အဘယ်ကြောင့် ယူရပါသနည်း။

**ဖြေ။** ပဉ္စမမြောက် သကဒါဂါမ်ပုဂ္ဂိုလ်သည် ဤလူ့ဘုံမှ နတ်ပြည်သို့သွား၍ တစ်ဖန် ဤလူ့ဘုံသို့ တစ်ကြိမ်လာတတ်သောကြောင့် ယူရ၏။

**မေး။** သကဒါဂါမိမဂ္ဂစိတ္တံ၌ သကဒါဂါမိအရ ဖြစ်သင့်သောပုဂ္ဂိုလ်ကို ညွှန်ပြပါ။

**ဖြေ။** မဂ်ပုဂ္ဂိုလ်သည် ပဋိသန္ဓေ၏အစွမ်းဖြင့် ဤလူ့ဘုံသို့ တစ်ကြိမ်လာခြင်း မဖြစ်ကောင်းသောကြောင့် သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်သာလျှင် သက

7
B

http://www.dhammadownload.com



ဒါဂါမိအရ ဖြစ်သင့်ပါသည်။

**မေး။** သကဒါဂါမိမဂ္ဂစိတ္တုံ၌ သကဒါဂါမိအရ ဖိုလ်ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ အဘယ်ကြောင့် ဆိုရပါသနည်း။

**ဖြေ။** သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၏ အကြောင်းဖြစ်သော သကဒါဂါမိမဂ်သည် သကဒါဂါမိဖိုလ်မှ ရှေး၌ဖြစ်ခြင်းကြောင့် အခြားတစ်ပါးသောမဂ်ကို ဖြတ်ခြင်းငှါ ဖိုလ်ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ဆိုရပါသည်။

**(မှတ်ချက်)** အနာဂါမိမဂ္ဂစိတ္တုံ ၌လည်း အတူတူပင်။

**မေး။** အဘယ်ကြောင့် အနာဂါမ်ဟုခေါ်ပါသနည်း။

**ဖြေ။** ပဋိသန္ဓေ၏အစွမ်းအားဖြင့် ဤကာမဘုံသို့ မလာတတ်သောကြောင့် အနာဂါမ်ဟုခေါ်ပါသည်။

**မေး။** အရဟတ္တမဂ္ဂစိတ္တုံ၌ အရဟာမည်ခြင်း၏အကြောင်းတို့ကို ရေးခဲ့ပါ။

**ဖြေ။** မြတ်သောအလှူကိုခံထိုက်သည်၏အဖြစ်ဖြင့် ပူဇော်အထူးကို ခံထိုက်သောကြောင့် အရဟာမည်ပါသည်။

**(တနည်း)** ကိလေသာတည်းဟူသော ရန်သူတို့ကို သတ်ဖြတ်တတ်သောကြောင့် အရဟာမည်ပါသည်။

**(တနည်း)** သံသရာစက်၏ အကန့်အကွက်နှင့်တူသော ကိလေသာတို့ကို ဖျက်ဆီးအပ်ပြီးသောကြောင့် အရဟာမည်ပါသည်။

**(တနည်း)** မကောင်းမှုပြုလုပ်ရာ၌ ဆိပ်ကွယ်ရာအရပ်မရှိသောကြောင့် အရဟာမည်ပါသည်။

http://www.dhammadownload.com



**မေး။** အရဟတ္တမဂ္ဂစိတ္တုပ္ပါဒ်၌ အရဟာအရ, အရဟတ္တအရတို့ကို ရေးပါ။

**ဖြေ။** အရဟာအရ= အရဟတ္တဖိုလ်ပုဂ္ဂိုလ်ရပါသည်။
အရဟတ္တအရ= အရဟတ္တဖိုလ်ကိုရပါသည်။

**မေး။** အရဟာမည်ခြင်း၏ အကြောင်းတို့ကို ထုတ်ပြပါ။

**ဖြေ။** မြတ်သောအလှူကို ခံထိုက်သည်၏အဖြစ်ဖြင့် ပူဇော်အထူးကို ခံထိုက်သောကြောင့် အရဟာမည်၏။
(**တနည်း**)ကိလေသာတည်းဟူသော ရန်သူကို သတ်ဖြတ်တတ်သောကြောင့် အရဟာမည်၏၊ (**တနည်း**) သံသရာစက်၏ အကန့်အကွက်နှင့် တူသော ကိလေသာတို့ကို သတ်ဖြတ်တတ်သောကြောင့် အရဟာမည်ပါသည်။ (**တနည်း**) မကောင်းမှုကို ပြုလုပ်ရာ၌ ဆိတ်ကွယ်အရပ်မရှိသောကြောင့် အရဟာမည်၏။

**မေး။** ဣမာနိ စတ္တာရိပိ ၌ ပိသဒ္ဒါဖြင့် ပေါင်းအပ်သောတရားများကို ထုတ်ပြပါ။

**ဖြေ။** ပိသဒ္ဒါဖြင့် မဂ်တစ်ခုတစ်ခု၌ နည်းတစ်ထောင်စီ၏အစွမ်းဖြင့် မဂ်လေးပါး၌ နည်းလေးထောင်ကိုငှင်း၊ သစ္စဝိဘင်း၌လာသောနည်းပေါင်းခြောက်သောင်းကိုငှင်း၊ ပေါင်းယူရပါသည်။

**မေး။** သောတာပတ္တိမဂ် တစ်ထောင်ဖြစ်ပုံကို ရေးခဲ့ပါ။

**ဖြေ။** သောတာပတ္တိမဂ်သည် သုညတမဂ်, အပ္ပဏိဟိတမဂ်အားဖြင့် နှစ်မျိုးပြား၏၊ ထိုနှစ်မျိုးတို့တွင် တစ်မျိုးမျိုးကို ပဋိပဒါလေးပါးဖြင့် မြောက်ပွါးသော် ရှစ်ပါးဖြစ်၏၊ ငှင်းရှစ်ပါးကို ပဋိပဒါမဖက်

http://www.dhammadownload.com



သက်သက်သော(၂)ပါးနှင့် ပေါင်း၍ ဈာန်ဟုသောအမည်ဖြင့် သောတာပတ္တိမဂ်(၁၀)ပါးဖြစ်ပါသည်။ ထို့အတူ မဂ်ဟုသောအမည်ဖြင့် (၁၀)ပါး၊ သတိပဋ္ဌာန်,သမ္မပ္ပဓာန်,ဣဒ္ဓိပါဒ်,ဣန္ဒြေ,ဗိုလ်,ဗောဇ္ဈင်,သစ္စာ သမထ,ဓမ္မ, ခန္ဓာ, အာယတန,ဓာတ်, အာဟာရ, ဖဿ,ဝေဒနာ,သညာ, စေတနာ,စိတ်ဟုသောအမည်ဖြင့် (၁၀)ပါးစီရှိရာ အားလုံးပေါင်းလျှင် (၂၀၀)ဖြစ်၏။ ၎င်း(၂၀၀)ကို အဓိပတိလေးပါးနှင့်မြှောက်သော် သောတာပတ္တိမဂ်(၈၀၀)ဖြစ်၏။ ထို(၈၀၀)ကို အဓိပတိနှင့် မရော မယှက် သက်သက်သော (၂၀၀)နှင့်ပေါင်းလျှင် သောတာပတ္တိမဂ်ပေါင်း တစ်ထောင်ဖြစ်ပါသည်။

**မေး။** အဘယ်ကြောင့် မဂ်စိတ်လေးမျိုး ပြားရပါသနည်း။

**ဖြေ။** ဣန္ဒြေတို့၏ မထက်မြက်ခြင်း, ထက်မြက်ခြင်း, အထူးထက်မြက် ခြင်း, အလွန်အထူးထက်မြက်ခြင်းအားဖြင့် သတ္တိလေးမျိုးရှိသည်ဖြစ်၍ သံယောဇဉ်ကိုပယ်ပုံ လေးမျိုးပြားသောကြောင့် မဂ်စိတ် လေးမျိုးပြားရ ပါသည်။

**မေး။** သံယောဇဉ်ကိုပယ်ပုံလေးမျိုးပြားသောကြောင့် မဂ်စိတ်လေးမျိုးပြား သည်ဟုဆိုရာ အဘယ်ကြောင့် သံယောဇဉ်ပယ်ပုံ လေးမျိုးပြားရပါသ နည်း။

**ဖြေ။** ဣန္ဒြေတို့၏မထက်မြက်ခြင်း,ထက်မြက်ခြင်း, အထူးထက်မြက်ခြင်း, အလွန်အထူးထက်မြက်ခြင်းအားဖြင့် သတ္တိလေးမျိုးပြားသောကြောင့် သံယောဇဉ်ပယ်ပုံ လေးမျိုးပြားရပါသည်။

**မေး။** မဂ်(၄)မျိုးဖြင့် သံယောဇဉ်ပယ်ပုံ အသီးသီးကို ရေးခဲ့ပါ။

http://www.dhammadownload.com

**ဖြေ။** (၁)သောတာပတ္တိမဂ်သည် သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသ သံယောဇဉ်သုံးမျိုးကို အကြွင်းမဲ့ပယ်ပါသည်။

(၂) သကဒါဂါမိမဂ်သည် ကာမရာဂသံယောဇဉ်, ဗျာပါဒသံယောဇဉ် (၂)ပါးကို ခေါင်းပါးအောင်ပြုပါသည်။

(၃) အနာဂါမိမဂ်သည် ကာမရာဂနှင့် ဗျာပါဒသံယောဇဉ်(၂)ပါးကို အကြွင်းမဲ့ ပယ်ပါသည်။

(၄)အရဟတ္တမဂ်သည် ရူပရာဂ,အရူပရာဂ,မာန,ဥဒ္ဓစ္စ,အဝိဇ္ဇာ ဟူသော သံယောဇဉ်ငါးပါးကို အကြွင်းမဲ့ပယ်ပါသည်။

**မေး။** မဂ်(၄)ပါး,ဖိုလ်(၄)ပါးကို အဘယ်ကြောင့် အနုတ္တရ(လောကုတ္တရာ) ဟု ခေါ်ပါသနည်း။

**ဖြေ။** မိမိထက်လွန်မြတ်သောတရားမရှိသောကြောင့် အနုတ္တရဟုခေါ်ပါသည်

**မေး။** အဘယ်ကြောင့် လောကုတ္တရာစိတ် (၁၂)ပါး မပြားရပါသနည်း။

**ဖြေ။** လောကုတ္တရာကြိယာစိတ် မရှိသင့်,မဖြစ်သင့်သောကြောင့် လောကုတ္တရာစိတ်(၁၂)ပါးမဖြစ်ရပါ။

**မေး။** အဘယ်ကြောင့် လောကုတ္တရာကြိယာစိတ် မရှိရပါသနည်း။

**ဖြေ။** မဂ်စိတ်သည် တစ်ကြိမ်သာဖြစ်သောကြောင့် ကြိယာစိတ်မရှိရပါ။

**မေး။** အဘယ်ကြောင့် မဂ်စိတ်တစ်ကြိမ်သာ ဖြစ်ရပါသနည်း။

**ဖြေ။** မဂ်စိတ်သည် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း၏အစွမ်းဖြင့်

http://www.dhammadownload.com



ရထိုက်သောကြောင့်၄င်း၊ မင်္ဂစိတ်တစ်ကြိမ်တည်းဖြင့်ပင်လျှင် ဆိုင်ရာကိလေသာတို့ကို မဖြစ်နိုင်တော့အောင် ပြီးစေနိုင်သောကြောင့် ၄င်း၊ မဂ်စိတ်အကြိမ်ကြိမ်ဖြစ်နေခြင်းဖြင့် ပြုဘွယ်ကိစ္စမရှိသော ကြောင့်၄င်း၊ မဂ်စိတ်တစ်ကြိမ်သာဖြစ်ရပါသည်။

**မေး။** အရိယာပုဂ္ဂိုလ်များ အဘယ်ကြောင့် ဖလသမာပတ်ဝင်စားရပါ သနည်း။

**ဖြေ။** ဒိဋ္ဌဓမ္မသုခဝိဟာရအကျိုးငှါ ဖလသမာပတ်ဝင်စားရပါသည်။

**မေး။** ကာမဘုံမှအခြားဘုံ၌ ဖြစ်သောစိတ်တို့ကိုလည်း ကာမစိတ်ဟုပင် ခေါ်နိုင်ပုံကို ဥပမာဖြင့်ရေးခဲ့ပါ။

**ဖြေ။** လူမိမ္မမှမွေးသောတိရစ္ဆာန်ကို တိရစ္ဆာန်မျိုး၌အကျုံးဝင်သောကြောင့် လူဟုမခေါ်ဘဲ တိရစ္ဆာန်ဟုပင်ခေါ်ရသကဲ့သို့ ကာမဘုံမှအခြားဘုံ၌ဖြစ် သောစိတ်တို့ကိုလည်း ကာမတဏှာ၏အာရုံဖြစ်သောကြောင့် ကာမ စိတ်ဟုပင် ခေါ်ရပါသည်။

**မေး။** သောတာပတ္တိမဂ်စသော မဂ်စိတ်(၄)ပါး၏ ငါးပါးစီ ငါးပါးစီ ပြား ရခြင်းအကြောင်းကို ရေးခဲ့ပါ။

**ဖြေ။** ပါဒကဈာန်,သမ္မသိတဈာန်,ပုဂ္ဂလဇ္ဈာသယဈာန်တို့တွင် တစ်ပါး တစ် ပါး၏အစွမ်းအားဖြင့် ထိုထိုဈာန်နှင့်တူသည်၏အဖြစ်ဖြင့် ဝိတက်စသော ဈာန်အင်္ဂါများထင်ရှားရှိသောကြောင့် ပထမဈာန်စသော ဝေါဟာရကိုရ ကြ၍ ငါးပါးစီပြားရပါသည်။

**မေး။** အဘယ်ဈာန်ကို အဘယ်ကြောင့် ပါဒကဈာန်ဟုခေါ်ပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ပထမစျာန်စသည်တို့တွင် တစ်ပါးပါးသောစျာန်ကိုဝင်စား၍ ထိုထိုစျာန်မှထလျက် သင်္ခါရတရားတို့ကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်၏ ဝုဋ္ဌာနဂါမိနီဝိပဿနာဖြစ်ကြောင်း အခြေခံဖြစ်သောစျာန်သည် ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ နီးစွာသောအကြောင်းဖြစ်သောကြောင့် ပါဒကစျာန်မည်ပါသည်။

**မေး။** အဘယ်ကြောင့် သမ္မသိတစျာန်ဟုခေါ်ပါသနည်း။

**ဖြေ။** ဝုဋ္ဌာနဂါမိနီဝိပဿနာဖြစ်ရန် အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်အပ်သောစျာန်သည် သမ္မသိတစျာန်မည်၏။

**မေး။** အဘယ်ကြောင့် ပုဂ္ဂလဇ္ဈာသယစျာန်ဟု ခေါ်ပါသနည်း။

**ဖြေ။** ငါ့အား ပထမစျာန်နှင့်တူသော ပဉ္စင်္ဂိကမဂ်စသည်ဖြစ်ပါမူ ကောင်းလေစွဟုဖြစ်သော ယောဂီပုဂ္ဂိုလ်၏အလိုဆန္ဒသည် ပုဂ္ဂလဇ္ဈာသယစျာန်မည်၏။

**မေး။** ပါဒကစျာန်နှင့်တူသော မဂ်ဖြစ်ပုံကို ရေးပါ။

**ဖြေ။** ပထမစျာန်စသည်တို့တွင် တစ်ပါးပါးသောစျာန်ကိုဝင်စားပြီး ၄ မှထ၍ ပကိဏ္ဏကသင်္ခါရတရားတို့ကို သုံးသပ်လျက် ဖြစ်ပေါ်လာမဂ်သည် ပါဒကစျာန်နှင့်တူသောမဂ်ဖြစ်ပါသည်။

**မေး။** သမ္မသိတစျာန်နှင့်တူသော မဂ်ဖြစ်ပုံကို ရေးပါ။

**ဖြေ။** ဝိပဿနာအခြေခံစျာန်ကိုမဝင်စားဘဲ အမှတ်မထားတစ်ပါးပါး ပထမစျာန်စသည်ကို သုံးသပ်လျက်ဖြစ်ပေါ်လာသောမဂ်သည်

http://www.dhammadownload.com

သိတစျာန်နှင့်တူစွာဖြစ်ပါသည်။

ပုဂ္ဂလဇ္ဈာသယစျာန်နှင့်တူသော မဂ်ဖြစ်ပုံကို ရေးပါ။

အမှတ်မထားတစ်ပါးပါးသော စျာန်ကိုဝင်စား၍ ထိုစျာန်မှထပြီး ၄င်းစျာန်ကိုပင် သုံးသပ်လျှက် ပုဂ္ဂိုလ်၏အလို့အဇ္ဈာသယအားလျော်စွာ ဖြစ်ပေါ်လာသောမဂ်သည် ပုဂ္ဂလဇ္ဈာသယစျာန်နှင့်တူသောမဂ်ဖြစ်၏။

ပုဂ္ဂလဇ္ဈာသယစျာန်မရှိခဲ့လျှင် အဘယ်စျာန်နှင့်တူသောမဂ်ကို ရနိုင်ပါသနည်း။

အောက်အောက်စျာန်မှထ၍ အထက်ထက်စျာန်တရားတို့ကို သုံးသပ်လျှင် သမ္မသိတစျာန်နှင့်တူစွာသော မဂ်ကိုရနိုင်ပါသည်။

အထက်အထက်စျာန်မှထ၍ အောက်အောက်ဖြစ်သောစျာန်ကို သုံးသပ်လျှင် ပါဒကစျာန်နှင့်တူစွာသောမဂ်ကို ရနိုင်ပါသည်။

(အကြောင်းကား) အောက်အောက်ဖြစ်သောစျာန်ထက် အထက်အထက်ဖြစ်သောစျာန်သည် အထူးသဖြင့် အားရှိသောကြောင့်ဖြစ်ပါသည်။

သုက္ခဝိပဿကပုဂ္ဂိုလ်များ မဂ်ရသောအခါ အဘယ်ကဲ့သို့သော မဂ်မျိုးကို ရနိုင်ပါသနည်း။ (မှတ်ချက်)ပဉ္စဂ်ီကမဂ်ဖြစ်ပုံကို ရေးပါဟု မေးလျှင်လည်း အဖြေအတူတူပင်။

သုက္ခဝိပဿကပုဂ္ဂိုလ်အား ပါဒကစျာန်စသည်မရှိသောကြောင့် ဝိပဿနာနိယမအားဖြင့် ပဉ္စဂ်ီကမဂ်မျိုးကိုသာ ရပါသည်။

8 A (တနည်း) စျာနလာဘီပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း စျာန်ကိုအခြေခံမပြုဘဲ မဝင်စားဘဲ ပကိဏ္ဏကသင်္ခါရတရားတို့ကို သုံးသပ်လျှက် မဂ်ရသောအခါ၌လည်း ဝိပဿနာနိယမအားဖြင့်သာ ပဉ္စဂ်ီကမဂ်မျိုးကိုသာ ရနိုင်၏။

http://www.dhammadownload.com



**မေး။** သဗ္ဗတ္ထ ဂါမိ ပဋိပဒါ ... တိတ္ထိဝါဒ ... ကုသိုလ်,ဝိပါက်တို့၏ အရေအတွက်ကိုသာ အဘယ်ကြောင့် ပြဆိုရပါသနည်း။

**ဖြေ။** ပါဒကစျာန်စသည်တို့၏အစွမ်းအားဖြင့် အရေအတွက်တိုးပွါးခြင်းသည် ကုသိုလ်,ဝိပါက်တို့၌သာ ဖြစ်သင့်သောကြောင့် ဆိုရပါသည်။

**စိတ်ပိုင်းအဖွင့်ပြီး၏**

# စေတသိက်ပိုင်း

***************************

**မေး။** စိတ်(၈၉)ပါးကို အဘယ်မျှသော အပြား ဘို့ဖြင့် အရှင်အနုရုဒ္ဓါဆရာ ဝေဘန်၍ပြသည်ကို ဋီကာကျော်လာသည့်အတိုင်း ရေးခဲ့ပါ။

**ဖြေ။** ဘုံအပြား, ဇာတ်အပြား,သမ္ပယောဂအပြား,သင်္ခါရအပြား,ဈာန်အပြား, အာရုံအပြား,မဂ်အပြားတည်းဟူသော(၇)ပါးသောအပြားတို့ဖြင့် ဝေဘန်၍ ပြပါသည်။

**မေး။** စေတော ယုတ္တာ ၌ ယုဉ် ဟူသောစကား၏အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** စိတ်နှင့်အတူတကွဖြစ်ခြင်း, အတူတကွချုပ်ခြင်း, အာရုံတူခြင်း, မှီရာတူခြင်းကို ယှဉ်သည်ဟုဆိုပါသည်။

8
B

**မေး။** ဧကနိရောဓသဒ္ဒါဆိုရခြင်း အကျိုးကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** စိတ်နှင့်အတူတကွဖြစ်သော စေတရေပ်တို့ကို နှစ်စေခြင်း အကျိုးရှိပါသည်။

**မေး။** စိတ်နှင့်အတူတကွဖြစ်သောကြောင့် စေတသိက်ဟုဆိုလျှင် စိတ်နှင့်အတူတကွဖြစ်သော စေတရေပ်တို့ကို စေတသိက်ဟုခေါ်နိုင်ပါသလော၊ သင်္ဂဟထောက်၍ဖြေပါ။

**ဖြေ။** ဧကနိရောဓကိုထောက်၍ စေတသိက်ဟုမခေါ်နိုင်ပါ။

**မေး။** ကောလမ္ဗဏာသဒ္ဒါကို ဆိုခြင်းဖြင့် ရနိုင်သောအကျိုးနှင့် မဆိုခြင်းကြောင့် ရနိုင်သောအပြစ်တို့ကို ရေးခဲ့ပါ။

**ဖြေ။** ကောလမ္ဗဏာသဒ္ဒါကို ဆိုခြင်းဖြင့် စိတ်နှင့်အတူတကွဖြစ် /ချုပ်သော ဝိညတ်ဒွေးကို နှစ်စေခြင်းအကျိုးရှိပါသည်။

**(တနည်း)** ဝိညတ်ဒွေးနှင့်တကွ စုတိစိတ်မှပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော ဘဝင်စိတ်၏ ဥပ္ပါဒက္ခဏ၌ဖြစ်၍ စုတိစိတ်၏ ဘင်ခဏ၌ချုပ်ကုန်သော ကမ္မဇရုပ်တရားတို့ကို နှစ်စေခြင်းအကျိုးရှိပါသည်။

ကောလမ္ဗဏာသဒ္ဒါကို မဆိုခြင်းကြောင့် စိတ်နှင့်အတူတကွဖြစ် /ချုပ်သော ဝိညတ်ဒွေးသည်လည်း စေတသိက်မည်၏ဟူသောအပြစ်ကို ရနိုင်ပါသည်။

**မေး။** ကေဝဏ္ဏကသဒ္ဒါထည့်ဆိုရခြင်းအကျိုးကို ရေးခဲ့ပါ။

**ဖြေ။** ကေပ္ပါဒ,ဧကနိရောဓ,ကောလမ္ဗဏလက္ခဏာသုံးပါးနှင့် ပြည့်စုံသော တရားတို့သည် အမြဲမှီရာတူကြသည်ဟု ပြခြင်းအကျိုးငှါ ကေဝဏ္ဏက သဒ္ဒါကို ထည့်ဆိုရပါသည်။

http://www.dhammadownload.com



**မေး။** စေတသိက်လက္ခဏာ(၄)ပါးအမြဲရသောအခါနှင့် မရသောအခါကို ခွဲခြားပြပါ။

**ဖြေ။** ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ စေတသိက်လက္ခဏာ(၄)ပါးလုံးကို ရနိုင်၍၊ စတုဝေါကာရဘုံ၌ဖြစ်သောအခါ စေတသိက်လက္ခဏာ(၃)ပါးကိုသာ ရနိုင်ပါသည်။

**မေး။** တွေ့ထိ၍မရကောင်းသော ဖဿဟူသောနာမ်တရား၏ တွေ့ထိပုံကို ဥပမာဖြင့် ထင်ရှားအောင်ရေးခဲ့ပါ။

**ဖြေ။** ဖဿသည် တွေ့ထိ၍ မရကောင်းသော်လည်း အချဉ်သီးစားသောသူတို့ကို မြင်ရသောသူအား မိမိကိုယ်တိုင်မစားရသော်လည်း စားရသကဲ့သို့ တံတွေးဖြစ်ခြင်းစသည်တို့ကဲ့သို့ တွေ့ထိသောအခြင်းအရာအားဖြင့် (**တွေ့ထိသယောင်ယောင်**) ဖြစ်ခြင်းကိုပင် တွေ့ထိသည်ဟုဆိုပါသည်။

**မေး။** ဖဿစသည်၏ အာရုံ၏အရသာခံစားပုံနှင့် ဝေဒနာ၏အာရုံ၏ အရသာခံစားပုံကို ထင်ရှားအောင်ရေးခဲ့ပါ။

**ဖြေ။** ရှင်ဘုရင်၏စားဖိုမှူးသည် ပွဲတော်အုပ်ကိုစားသုံးရာ၌ အရသာသိရုံမျှ တစ်စိပ်တစ်ဒေသကိုသာ စားသုံးသကဲ့သို့ ဖဿစသည်တို့သည် အာရုံ၏ အရသာကို တစ်စိတ်တစ်ဒေသမျှသာ ခံစားခြင်းလက္ခဏာရှိပါသည်၊

ရှင်ဘုရင်သည် ပွဲတော်အုပ်ကို အစိုးတရ သုံးဆောင်ခံစားသကဲ့သို့ ဝေဒနာသည် အာရုံ၏အရသာကို အစိုးတရအားဖြင့် ခံစားခြင်း လက္ခဏာ ရှိပါသည်။

**မေး။** သညာမည်ပုံကို ရေးခဲ့ပါ။

http://www.dhammadownload.com



**မေး။** အညှိ,အဖြူစသောအာရုံကို အမှတ်အသားပြု၍ သိတတ်သောကြောင့် သညာဟုခေါ်ပါသည်။

ပထမအသိသည် ဒုတိယအသိ၏ အကြောင်းဖြစ်သောကြောင့် သညာမည်သကဲ့သို့ ဒုတိယအသိစသည်တို့သည်လည်း တတိယအသိစသည်တို့၏အကြောင်းဖြစ်သောကြောင့် သညာဟုပင်ခေါ်နိုင်ပါသည်။

**မေး။** စေတနာမည်ပုံကို ရေးခဲ့ပါ။

**ဖြေ။** အာရုံနှင့်သမ္ပယုတ်တရားတို့ကို ဖွဲ့စပ်ပေးတတ်သောကြောင့် စေတနာမည်ပါသည်။ (တနည်း)ပြုပြင်အပ်သော တရားတို့ကို ပြုပြင်ခြင်း၌ အားထုတ်တတ်သောကြောင့် စေတနာမည်ပါသည်။

**မေး။** ဓိဝိတိန္ဒြေ၌ ဇီဝိတ၏အဓိပ္ပါယ်နှင့် ဇီဝိတိန္ဒြိယအဓိပ္ပါယ်ကိုရေး၍၊ ဇီဝိတနှင့်ဇီဝိတိန္ဒြိယအရ တူ/မတူရေးခဲ့ပါ။

**ဖြေ။** သမ္ပယုတ်တရားတို့၏ အသက်ရှည်ကြောင်းဖြစ်သောကြောင့် ဇီဝိတမည်၏။ သဟဇာတ်တရားတို့ကို စောင့်ရှောက်ခြင်း၌ အစိုးရသည်၏ အဖြစ်နှင့်ယှဉ်သောကြောင့် ဇီဝိတိန္ဒြိယမည်၏။
၎င်း(၂)ပုဒ်တို့၏အရသည် အတူတူပင်ဖြစ်ပါသည်။

**မေး။** ဝိတက်,စေတနာ,မနသိကာရတို့၏ အထူးကို ရေးခဲ့ပါ။

**ဖြေ။** **ဝိတက်သည်** သဟဇာတ်တရားတို့ကို အာရုံသို့ရှေးရှုတင်ပေးခြင်း သဘောရှိသောကြောင့် ထိုသဟဇာတ်တရားတို့ကို အာရုံ၌ထည့်ပေးသကဲ့သို့ ဖြစ်၏။

**စေတနာသည်** အာရုံသို့တက်ရောက်ပြီးသော သဟဇာတ်တရားတို့ကို ထိုထိုအာရုံ၌ ယှဉ်စေတတ်သောကြောင့် မိုလ်မှူးကြီးကဲ့သို့ ဖြစ်၏။

http://www.dhammadownload.com



**မနသိကာရသည်** အာရုံသို့တက်ရောက်ပြီးသောတရားတို့ကို အာရုံသို့ ရှေးရှုယှဉ်စေတတ်သောကြောင့် ရထားထိမ်းကဲ့သို့ဖြစ်၏။ ဤသို့ ထုံးကြပါသည်။

***မေး။*** ပရမတ္ထသဘောတရားတို့နှင့် ပတ်သက်သော ဆရာအစဉ်အဆက်၏ အဆုံးအမကိုရေးခဲ့ပါ။

***ဖြေ။*** ယုံကြည်လျှက် သင်ကြားခြင်း, မေးမြန်းခြင်းစသည်၏အစွမ်းအားဖြင့် အားထုတ်မှုကို ပြုသင့်၏၊ ဖေါက်ဖေါက်ပြန်ပြန် ကျင့်သုံးခြင်းဖြင့် မတွေဝေထိုက်ပါ။

***မေး။*** ပရမတ္ထတရားတို့၏ ဖွသနစသောလက္ခဏာအသီးသီး၏ မတူထူးခြားပုံကို ယုံကြည်ထိုက်ပုံကို ရေးခဲ့ပါ။

***ဖြေ။*** ဘုရားရှင်သည် ပရမတ္ထတရားတို့၏ မဖေါက်မပြန်မှန်ကန်သော လက္ခဏာကို မှန်ကန်သည့်အတိုင်း ထိုးထွင်းသိပြီး၍ ဝေဘန်ပိုင်းခြား ဟောကြားတော်မူ၏ဟု ဘုရားရှင်အပေါ်၌ ယုံကြည်မှုသဒ္ဓါတရားဖြင့် ပရမတ္ထတရားတို့၏ လက္ခဏာစသည် မတူထူးခြားပုံကို မှတ်သားသင့်ပါသည်။

***မေး။*** ဝိရိယ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

***ဖြေ။*** လုံ့လရှိသူတို့၏ ဖြစ်ကြောင်းကို ဝိရိယဟု ခေါ်ပါသည်။
(တနည်း) လုံ့လရှိသူတို့၏အလုပ်ကို ဝိရိယဟုခေါ်ပါသည်။
(တနည်း)အကြောင်းအားလျော်စွာ ဖြစ်စေအပ်သောကြောင့် ဝိရိယမည်ပါသည်။

http://www.dhammadownload.com



**မေး။** ဆန္ဒ၏အဓိပ္ပါယ်ကို ဥပမာဖြင့် ဖြေပါ။

**ဖြေ။** ဆန္ဒသည် စိတ်၏ အာရုံကိုယူရာအခါ၌ လက်ကိုဆန့်တန်းသည်နှင့် တူ၏၊ အလှူပေးလို၍ လှူဘွယ်ဝတ္ထုကို အလိုရှိသောအခါ ပစ်အပ် ပြီးသော မြားကို ကောက်ယူလိုသော လေးသမားနှင့်တူပါသည်။

**မေး။** အဘယ်ကြောင့် ပကိဏ်းစေတသိက်ဟု ခေါ်ပါသနည်း။

**ဖြေ။** သောဘဏစိတ်တို့၌၄င်း၊အသောဘဏစိတ်တို့၌၄င်း ရောပြွမ်း၍ ယှဉ်သောကြောင့် ပကိဏ်းစေတသိက်ဟုခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် အညသမာန်း ခေါ်ပါသနည်း။

**ဖြေ။** အညမည်သော သောဘဏစိတ်, အသောဘဏစိတ်တို့နှင့်တူသော ကြောင့် အညသမာန်းခေါ်ပါသည်။

**မေး။** အကုသိုလ်စေတသိက်, သောဘဏစေတသိက်တို့တွင် အကုသိုလ် စေတသိက်တို့ကို အဘယ့်ကြောင့် ရှေးဦးစွာ ဆိုရပါသနည်း။

**ဖြေ။** စိတ်ပိုင်း၌ စိတ်တို့ကိုအကျယ်ဝေဘန်၍ ပြရာအစဉ်အားဖြင့် ပြလို သောကြောင့် အကုသိုလ်စိတ်၌သာ ယှဉ်သော အကုသိုလ်စေတသိက် တို့ကို ရှေးဦးစွာ ညွှန်ပြပါသည်။

**မေး။** အာရုံကိုယူခြင်း၏အစွမ်းအားဖြင့်ဖြစ်သောမောဟသည် အာရုံ၌တွေ ဝေပုံ, မသိပုံကို ရေးသားခဲ့ပါ။

**ဖြေ။** အာရုံ၏ ဟုတ်မှန်တိုင်းသော အနိစ္စစသောသဘောကို ဖုံးလွှမ်းသော အခြင်းအရာအားဖြင့်ဖြစ်ခြင်းကိုပင်လျှင် အာရုံ၌တွေဝေသည်,

http://www.dhammadownload.com



မသိသည် ဟုဆိုပါသည်။

**မေး။** အဟိရိကဓါ ရွာ၀က်နှင့်တူပုံ, အနောတ္တပ္ပ၏ ပိုးဖလံနှင့်တူပုံတို့ကို ရေးသားခဲ့ပါ။

**ဖြေ။** ရွာ၀က်သည် မစင်စားခြင်းဟူသော အကြောင်းကြောင့် မရွံသကဲ့သို့ အဟိရိကသည်လည်း ကာယဒုစရိုက်စသည်ကိုပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် မစက်ဆုပ်သောအားဖြင့် ရွာ၀က်နှင့်တူ၏။

ပိုးဖလံသည် မီးလောင်မည်မှမကြောက်လန့်သကဲ့သို့ အနောတ္တပ္ပသည်လည်း ကာယဒုစရိုက်စသည်မှ မလန့်ခြင်းအားဖြင့် ပိုးဖလံနှင့်တူပါသည်

**မေး။** လောဘနှင့် ဆန္ဒအထူးကို ရေးခဲ့ပါ။

**ဖြေ။** စိတ်၏ အာရုံကို အာရုံပြုကာမျှမတ္တသည် ဆန္ဒမည်၏။ ထိုအာရုံ၌ အလွန်ငြိကပ်ခြင်းသည် လောဘမည်၏။ ဤသို့ထူးပါသည်။

**မေး။** ဒိဋ္ဌိ၏ ဖေါက်ပြန်သောအားဖြင့် မြင်ပုံကို ရေးပါ။

**ဖြေ။** ငါ၏အမြင်သည်သာ မှန်၏၊ အခြားသောအမြင်သည် အချီးနှီးသာတည်း ဟု ဖေါက်ပြန်သောအားဖြင့် မြင်တတ်သောသဘောသည် ဒိဋ္ဌိမည်၏။

**မေး။** ဉာဏ်နှင့်ဒိဋ္ဌိအထူးကို ရေးခဲ့ပါ။

**ဖြေ။** ဉာဏ်သည် အာရုံကို မှန်ကန်သောသဘာ၀အတိုင်း သိတတ်၏၊ ဒိဋ္ဌိသည် အာရုံ၏မှန်ကန်သောသဘောကိုစွန့်၍ မမှန်ကန်သောအားဖြင့် ယူတတ်၏။ ဤသို့ထူးပါသည်။

http://www.dhammadownload.com



**မေး။** မစ္ဆရိယ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** အံ့ဩဖွယ်မှန်သမျှသည် အခြားသူတစ်ပါးတို့အား မဖြစ်ပါစေသတည်း, ငါ့အားသာလျှင် ဖြစ်စေသတည်း,ဟု ဖြစ်သောအခြင်းအရာသည် မစ္ဆရိယမည်၏။ (တနည်း) မိမိစီးစိမ်ကို ဝန်တိုသောသူ၏ အဖြစ်သည် မစ္ဆရိယမည်၏။

**မေး။** ကုက္ကုစ္စ၌ ကုကတအပြားနှင့် ဤ၌ယူရမည့် ကုကတကို ရေးခဲ့ပါ။

**ဖြေ။** ကုကတသည် ပြုအပ်ပြီးသောဒုစရိုက်အမှုနှင့် မပြုမိသောသုစရိုက်အမှု ဟူ၍နှစ်မျိုးရှိပါသည်။ ဤ၌ ထိုနှစ်ပါးတို့ကို အာရုံပြု၍ ဖြစ်သော ဝိပ္ပဋိသာရစိတ္တုပ္ပါဒ်ကို ယူရပါသည်။

**မေး။** ထိနနှင့် မိဒ္ဓအထူးကို ရေးပါ။

**ဖြေ။** စိတ်၏ အမှု၌ မကောင်းသည်၏အဖြစ်ဟူသော လက္ခဏာရှိသော သဘောတရားသည် ထိနမည်၏၊ စေတသိက်(၅၂)ပါးတို့၏ အမှု၌ မကောင်းသည်၏အဖြစ်ဟူသော လက္ခဏာရှိသောသဘောတရားသည် မိဒ္ဓမည်၏။ ဤသို့ထူးပါသည်။

**မေး။** ရုပ်တရားဖြစ်သော မိဒ္ဓရှိသင့်/ မရှိသင့် ဖြေဆိုပါ။

**ဖြေ။** မိဒ္ဓကို ကာမစ္ဆန္ဒစသည်တို့ကဲ့သို့ ပဟာတဗ္ဗတရားတို့၌ ဟောတော်မူအပ်သောကြောင့် မိဒ္ဓသည် ရုပ်တရားမဖြစ်သင့်ပါ။

**မေး။** န တုမှံ ဘိက္ခဝေ ရူပံ ပဇဟေထ ဟူသော ဘုရားစကားတော်အရ ရုပ်တရားကို ပဟာတဗ္ဗအဖြစ် ဟောအပ်သောကြောင့် မိဒ္ဓရုပ် ရှိသင့်ပါ

http://www.dhammadownload.com



သလော။

**ဖြေ။** ၄င်းဘုရားစကားတော်သည် ထိုရုပ်တရားလျှင်အာရုံရှိသော ဆန္ဒရာဂ ကိုပယ်ရန် ဟောထားခြင်းဖြစ်သောကြောင့် မိဒ္ဓသည် ရုပ်မဖြစ်သင့်ပါ။

ဘုရားရှင်သည် နာမ်ခန္ဓာတို့ကို သမ္ပယုတ်တရားဟုဟောတော်မူ သောကြောင့် ထိုနာမ်ခန္ဓာတို့၌ မိဒ္ဓပါဝင်သည့်အတွက် သမ္ပယုတ်တရား ဖြစ်၍ မိဒ္ဓသည် နာမ်တရားသာဖြစ်ပြီး ရုပ်တရားမဖြစ်သင့်ပါ။

ရုပ်မရှိသော အရူပဘုံ၌ မိဒ္ဓတရားဖြစ်ခြင်းကို ဟောတော်မူသော ကြောင့် မိဒ္ဓသည် ရုပ်တရားမဖြစ်သင့်ပါ၊ နာမ်တရားသာဖြစ်သင့်ပါ သည်။

**မေး။** ရဟန္တာများ မိဒ္ဓရှိသောကြောင့် အိပ်ချင်ကြပါသလော။

**ဖြေ။** မိဒ္ဓရှိသောကြောင့် အိပ်ချင်ကြသည်မဟုတ်ပါ၊ ကရဇကာယ ကြင်နာ ခြင်းကြောင့် အိပ်ချင်မှုဖြစ်ပါသည်။

**မေး။** အကုသိုလ်စေတသိက်ရှိသကဲ့သို့ အဟိတ်စေတသိက် အဘယ်ကြောင့် မရှိရပါသနည်း။

**ဖြေ။** အဟိတ်စိတ်၌သာ သီးခြားယှဉ်သော စေတသိက်မရှိသောကြောင့် အဟိတ်စေတသိက်ကို မဆိုရပါ။

**မေး။** သဒ္ဓါအရ အဘယ်တရားတို့၌ ယုံကြည်မှုကို သဒ္ဓါဟုခေါ်ရပါသနည်း၊ ၄င်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။

**ဖြေ။** ရတနာသုံးပါးတို့၌ ယုံကြည်မှုကိုသဒ္ဓါဟုခေါ်ပါသည်၊ ၄င်းသဒ္ဓါသည် ယှဉ်ဘက်သမ္ပယုတ်တရားတို့ကို ကြည်လင်စေခြင်းလက္ခဏာရှိပါသည်။

9
B

http://www.dhammadownload.com



(ဥပမာ) ရေကိုကြည်လင်စေတတ်သော စကြာဝတေးမင်း၏ ပတ္တမြားရတနာကဲ့သို့ ဖြစ်ပါသည်။

**မေး။** ဟိရီနှင့် ဩတ္တပ္ပအထူးကို ရေးခဲ့ပါ။

**ဖြေ။** အမျိုးကောင်းသို့ချွေးမကဲ့သို့ မိမိကိုယ်ကို ရိုသေလေးစားသောအားဖြင့် အကုသိုလ်တရားမှ စက်ဆုပ်ခြင်းသည် ဟိရိမည်၏၊

ပြည့်တန်ဆာအမျိုးသို့ကဲ့သို့ သူတစ်ပါးကို ရိုသေလေးစားသောအားဖြင့် အကုသိုလ်တရားမှ ထိန့်လန့်ခြင်းသည် ဩတ္တပ္ပမည်၏။ဤသို့ထူး၏။

**မေး။** ကာယပဿဒ္ဓိစသည်ကို အဘယ်ကြောင့် (၂)ပါးစီတွဲ၍ ဟောရပါသနည်း။

**ဖြေ။** ကာယပဿဒ္ဓိစသော နှစ်ပါးနှစ်ပါးသောတရားတို့သည်သာလျှင် တစ်ပေါင်းတည်းအတူတကွဖြစ်၍ ဆိုင်ရာဆိုင်ရာ ဆန့်ကျင်ဘက်တရားတို့ကို သတ်တတ်သောကြောင့် နှစ်ပါးစီ နှစ်ပါးစီ တွဲ၍ဟောရပါသည်။

(တနည်း)စိတ္တပဿဒ္ဓိစသည်တို့ဖြင့် စိတ်၏ငြိမ်းအေးမှုကိုသာပြ၏၊ ကာယပဿဒ္ဓိစသည်ဖြင့်ကား ကာယပဿဒ္ဓိစသည်လျှင် ဖြစ်ကြောင်းရှိသော ပဏီတရုပ်ကို ပြန့်နှံ့သည်၏အစွမ်းအားဖြင့် ရူပကာယ၏ ငြိမ်းအေးမှုကိုလည်း ပြ၏ ဟူသောအဓိပ္ပါယ်ကို ပြခြင်းအကျိုးငှါ နှစ်ပါးစီတွဲ၍ ဟောရပါသည်။

**မေး။** ကာယပဿဒ္ဓိစသည်၌ ကာယအရ ကောက်ပြပါ။

**ဖြေ။** ကာယအရ ဝေဒနာစသော ခန္ဓာသုံးပါးအပေါင်းကိုရပါသည်။

http://www.dhammadownload.com



**မေး။** ဝိရတီသုံးပါးတို့၏အပြားကို အသီးအသီးရေးခဲ့ပါ။

**ဖြေ။** **သမ္မာဝါစာအပြား**

(၁)မုသာဝါဒါ ဝေရမဏီ (၂) ပိသုဏာဝါစာဝေရမဏီ

(၃)ဖရုသဝါစာ ဝေရမဏီ (၄) သမ္ဖပ္ပလာပါ ဝေရမဏီ။

**သမ္မာကမ္မန္တအပြား**

(၁)ပါဏာတိပါတာ ဝေရမဏီ (၂)အဒိန္နာဒါနာ ဝေရမဏီ

(၃)ကာမေသု မိစ္ဆာစာရာ ဝေရမဏီ။

**သမ္မာအာဇီဝအပြား**

အာဇီဝဟေတုက ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်း၊ အာဇီဝဟေတုက ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းအားဖြင့် (၇)ပါးရှိပါသည်။ ကုဟနႇလပနစသော မိစ္ဆာဇီဝမှ ရှောင်ကြဉ်သည်၏အစွမ်းအားဖြင့် အလွန်များပြားပါသည်။

**မေး။** ဝိရတီ၏ အဓိပ္ပါယ်နှင့် အပြားကို ‌ေ ခဲ့ပါ။

**ဖြေ။** ဒုစရိုက်တရားတို့မှ ရှောင်ကြဉ်တတ်သောကြောင့် ဝိရတီမည်ပါသည်။ ထိုဝိရတီသည် သမ္ပတ္တဝိရတီ, သမာဒါနဝိရတီ, သမုစ္ဆေဒဝိရတီ ဟူ၍ သုံးမျိုးရှိပါသည်။

**မေး။** အဘယ်ကြောင့် ကရုဏာဟုခေါ်ပါသနည်း။

**ဖြေ။** ဆင်းရဲဒုက္ခရောက်နေသူတို့ကို တွေ့ရသော် သူတော်ကောင်းတို့၏ စိတ်နှလုံး ပင်ပန်းဆင်းရဲခြင်းသဘောတရားသည် ကရုဏာမည်၏။

(တနည်း) သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ဖျောက်တတ်သောကြောင့် ကရုဏာမည်၏။

http://www.dhammadownload.com



(တနည်း)သူတစ်ပါးတို့၏ဆင်းရဲဒုက္ခကို ဖျက်ဆီးတတ်သောကြောင့် ကရုဏာမည်၏။

(တနည်း)ဒုက္ခိတသတ္တဝါတို့အပေါ်၌ ပြန့်နှံ့၍ဖြစ်တတ်သောကြောင့် ကရုဏာမည်၏။

**မေး။** သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကိုပယ်ဖျောက်လိုပါလျက် ထိုဆင်းရဲဒုက္ခ မကင်းပျောက်လျှင် ကရုဏာဟုခေါ်နိုင်ပါသလော။

**ဖြေ။** သူတစ်ပါးတို့၏ဆင်းရဲဒုက္ခ ပျောက်သည်ဖြစ်စေ, မပျောက်သည် ဖြစ်စေ ထိုဆင်းရဲဒုက္ခကို ပယ်ဖျောက်လိုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကိုပင် ကရုဏာဟုခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် အပ္ပမညာဟုခေါ်ပါသနည်း။

**ဖြေ။** အတိုင်းမရှိသောသတ္တဝါပညတ်ကိုအာရုံပြု၍ဖြစ်သောကြောင့် အပ္ပ မညာဟု ခေါ်ပါသည်။

**မေး။** ကမ္မဋ္ဌာန်းပိုင်း၌ အပ္ပမညာ(၄)ပါးရှိပါလျက် စေတသိက်ပိုင်း၌ အဘယ် ကြောင့် နှစ်ပါးသာ ဆိုရပါသနည်း။

**ဖြေ။** အဒေါသစေတသိက်ဖြင့် မေတ္တာကိုလည်း၊ တတြမဇ္ဈတ္တတာဖြင့် ဥပေက္ခာကိုလည်း၊ ယူပြီးဖြစ်သောကြောင့် နှစ်ပါးသာ ဆိုရပါသည်။

**မေး။** အဘယ် အဒေါသနှင့်တတြမဇ္ဈတ္တတာမျိုးကို မေတ္တာ+ဥပေက္ခာဟု ခေါ်ပါသနည်း။

**ဖြေ။** သတ္တဝါတို့အပေါ်၌ အကျိုးစီးပွါးကို လိုလားသည်၏အစွမ်းအားဖြင့် ဖြစ်သော အဒေါသကိုသာလျှင် မေတ္တာဟုခေါ်ပါသည်။

http://www.dhammadownload.com



သတ္တဝါတို့အပေါ်၌ ချစ်ခြင်း,မုန်းခြင်း ငြိမ်းသည်၏အစွမ်းအားဖြင့် ဖြစ်သော တတြမဇ္ဈတ္တတာကိုသာလျှင် ဥပေက္ခာဟုခေါ်ပါသည်။

**မေး။** ပညာမည်ပုံနှင့် ပညာကို ဣန္ဒြေဟုဆိုရပုံကို ရေးခဲ့ပါ။

**ဖြေ။** အနိစ္စစသည်တို့၏အစွမ်းအားဖြင့် ထိုးထွင်း၍ သိတတ်သောကြောင့် ပညာမည်၏။

ဟုတ်တိုင်းမှန်စွာ သိခြင်း၌ အကြီးအမှူး၏အဖြစ်နှင့် ယှဉ်သောကြောင့် ပညာကို ဣန္ဒြေဟု ဆိုရပါသည်။

**မေး။** သညာ, ဝိညာဏ်, ပညာသုံးပါးတို့၏ အထူးကို ရေးခဲ့ပါ။

**ဖြေ။** **သညာသည်** အဖြူ,အနီစသည်ကို အမှတ်ပြု၍ သိခြင်းမျှကိုသာ ပြု၏ လက္ခဏာရေးသုံးပါးကို ထိုးထွင်း၍သိအောင်မပြုနိုင်။

**ဝိညာဏ်သည်** အဖြူ,အနီစသည်ကိုလည်း သိ၏၊ လက္ခဏာကိုလည်း ထိုးထွင်း၍ သိနိုင်၏၊ မဂ်သို့ရောက်အောင် မပြုနိုင်။

**ပညာသည်** အဖြူ,အနီစသည်ကို သိခြင်း၊ လက္ခဏာကို ထိုးထွင်း၍ သိခြင်း၊ မဂ်သို့ရောက်စေနိုင်ခြင်း၊သုံးမျိုးလုံးကို ပြုနိုင်၏။

(ဥပမာ) <u>သညာသည်</u> ကလေးသူငယ်တို့၏ ရွှေကိုသိခြင်းနှင့်တူ၏ <u>ဝိညာဏ်သည်</u> ရွာသားလူကြီးတစ်ယောက်၏ ရွှေကိုသိခြင်းနှင့်တူ၏ <u>ပညာသည်</u> ပန်းတိမ်သည်၏ ရွှေကို သိခြင်းနှင့်တူ၏။ ဤသို့ထူး၏။

**မေး။** သညာ,ဝိညာဏ်,ပညာသုံးပါးတို့တွင် မည်သည့်တရားကပြဋ္ဌာန်းသည်ဟု ခွဲခြားပြပါ။

http://www.dhammadownload.com



ဖြေ။ ဉာဏဝိပ္ပယုတ်စိတ်၌ အခြင်းအရာကိုယူသည်၏ အစွမ်းအားဖြင့် ဖြစ်သောအခါ သညာကပြဌာန်း၍၊ ဝိညာဏ်သည် မပြဌာန်းပါ။ ကြွင်းသောကာလ၌ ဝိညာဏ်သည် ပြဌာန်း၍ သညာသည် မပြဌာန်းပါ၊ ဉာဏသမ္ပယုတ်စိတ်၌ ပညာကသာ ပြဌာန်း၍ သညာ,ဝိညာဏ်(၂)ပါး တို့သည် ပညာ၏နောက်လိုက်များသာ ဖြစ်ကြပါသည်။

မေး။ စိတ္တုပ္ပါဒေသု ပစ္စေကံ ၌ စိတ္တုပ္ပါဒအပြားနှင့် ဤ၌ယူရမည့် စိတ္တုပ္ပါဒ ကို ညွှန်ပြပါ။

ဖြေ။ စိတ္တုပ္ပါဒသည် စိတ်သက်သက်ကိုသာ ယူရသော စိတ္တုပ္ပါဒ, စိတ်နှင့် တကွသော စေတသိက်တို့ကို ယူရသော စိတ္တုပ္ပါဒဟု နှစ်မျိုးရှိပါသည်၊ ဤ၌ စိတ်သက်သက်ကိုသာ ယူရပါသည်။

## "အညသမာန်းစေတသိက် သမ္ပယောဂနည်း"

မေး။ ဒွေးပဉ္စဝိညာဏ်တစ်ဆယ်၌ အဘယ်ကြောင့် ဝိတက်မယှဉ်ပါသနည်း။

ဖြေ။ သဘောအားဖြင့် ဝိတက်မရှိသောကြောင့် မယှဉ်ပါ။

မေး။ ဒုတိယဈာန်စသည်တို့၌ အဘယ်ကြောင့် ဝိတက်မယှဉ်ပါသနည်း။

ဖြေ။ ဘာဝနာ၏အစွမ်းအားဖြင့် ဝိတက်မရှိသောကြောင့် မယှဉ်ပါ။

## *အကုသိုလ်စေတသိက် သမ္ပယောဂနည်း*

မေး။ မောစတုတ်လေးပါးသည် အကုသိုလ်စိတ်(၁၂)ပါးလုံး၌ အဘယ် ကြောင့် ယှဉ်ပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ပါဏာတိပါတစသည်ကို ပြုသောသူသည် မောဟဖြင့် အပြစ်ကို မမြင်သောကြောင့်၎င်း၊ အဟိရိကဖြင့် မစက်ဆုပ်သောကြောင့်၎င်း၊ အနောတ္တပ္ပဖြင့် မလန့်သောကြောင့်၎င်း၊ ဥဒ္ဓစ္စဖြင့် မငြိမ်သက်သောကြောင့်၎င်း၊ အကုသိုလ်စိတ်(၁၂)ပါးလုံး၌ ယှဉ်ရပါသည်။

(မှတ်ချက်) မောစတုတ်စေတသိက်(၄)ပါး၏ သဗ္ဗာကုသလသာဓာရဏ အမည်ရခြင်းအကြောင်းကို မေးလျှင်လည်း အထက်ပါအတိုင်းပင်ဖြေ။

**မေး။** ဒိဋ္ဌိသည် လောဘမူစိတ်တို့၌သာ အဘယ်ကြောင့် ယှဉ်ရပါသနည်း။

**ဖြေ။** သက္ကာယစသည်တို့၌ မှားသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ထိုသက္ကာယစသည်တို့၌ ငါ့,ငါ့ဥစ္စာဟု မြတ်နိုးခြင်းဖြစ်သင့်သောကြောင့် လောဘမူစိတ်၌သာ ယှဉ်ရပါသည်။

**မေး။** ဒိဋ္ဌိနှင့်မာနတို့၏ စိတ်တစ်ခုတည်း၌ အတူမဖြစ်နိုင်ပုံကို ဥပမာဖြင့် ရေးခဲ့ပါ။

**ဖြေ။** ကေသရာဇာခြင်္သေ့မင်းနှစ်ကောင်သည် ဂူတစ်ခုတည်း၌ အတူမနေသကဲ့သို့ မာနသည်လည်း ငါဟူသောမာန၏အစွမ်းအားဖြင့် ဖြစ်သောကြောင့် ဒိဋ္ဌိနှင့်အလားတူရကား စိတ်တစ်ခုတည်း၌ အတူမဖြစ်ပါ။

**မေး။** မာနသည် ဒေါသမူစိတ်စသည်တို့၌ အဘယ်ကြောင့် မယှဉ်ပါသနည်း။

**ဖြေ။** မိမိ၌ချစ်ခြင်းလျှင်မှီရာရှိသည်၏အဖြစ်ဖြင့် စင်စစ် လောဘသည်သာ နီးစွာသောအကြောင်းရှိသောကြောင့် ဒေါသမူစသည်၌မယှဉ်။

http://www.dhammadownload.com



မေး။ ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စတို့သည် အဘယ်ကြောင့် ဒေါသမူဒွေး၌သာ ယှဉ်ရပါသနည်း။

ဖြေ။ သူတစ်ပါးစီးစိမ်ကိုငြူစူသူ, မိမိစည်းစိမ်၏ သူတစ်ပါးတို့နှင့်ဆက်ဆံမှုကိုမလိုလားသူ,ပြုပြီးသောဒုစရိုက်,မပြုမိသောသုစရိုက်တို့၌ နှိုးရိမ်သောသူတို့အား ထိုထိုပရသမ္ပတ္တိ,အတ္တသမ္ပတ္တိ,ကတာကတဒုစ္စရိတ သုစရိတအမှုတို့၌ ထိပါးခြင်း၏အစွမ်းအားဖြင့်သာလျှင် ဖြစ်သောကြောင့် ဒေါသမူဒွေး၌သာ ယှဉ်ရပါသည်။

မေး။ ထိနမိဒ္ဓသည် အဘယ်ကြောင့် သသင်္ခါရိကစိတ်(၅)ပါးတို့၌သာ ယှဉ်ရပါသနည်း။

ဖြေ။ သဘောအားဖြင့်ထက်မြက်ကုန်သော အသင်္ခါရိကစိတ်တို့၌ မဖြစ်နိုင်သောကြောင့် သသင်္ခါရိကစိတ်တို့၌သာ ယှဉ်ရပါသည်။

## "သောဘဏစေတသိက်အဖွင့်"

မေး။ လောကုတ္တရာစိတ်၌ ဝိရတီတို့သည် အဘယ်ကြောင့် အမြဲတမ်းယှဉ်ရပါသနည်း။

ဖြေ။ မဂ်သည် ကာယဒုစရိုက်စသည်တို့ကို အကြွင်းမဲ့ဖြတ်သည်၏အစွမ်းအားဖြင့် ဖြစ်သောကြောင့်၄င်း၊ ဖိုလ်သည် ထိုမဂ်အားလျော်သည်၏အစွမ်းအားဖြင့် ဖြစ်သောကြောင့်၄င်း၊ ဝိတက်စသည်တို့ကဲ့သို့တစ်ခါတစ်ရံ မယှဉ်ဘဲ အမြဲတမ်းယှဉ်ရပါသည်။

မေး။ သမ္မာပါဝ နိယတာ ကေတော၀ လဗ္ဘန္တိ၌ သမ္မာပါဝအဓိပ္ပါယ်ကို ရေးခဲ့ပါ။

10 A

http://www.dhammadownload.com



**ဖြေ။** ထိုထိုဒုစရိုက်ဒုရာဇဝတ်တို့ကို ဖျက်ဆီးသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းကိုပင် သမ္ဗထာပိဟုဆိုပါသည်။

**မေး။** လောကီဝိရတိနှင့် လောကုတ္တရာဝိရတိတို့၏ ဒုစရိုက်ပယ်ပုံအထူးကို ရေးခဲ့ပါ။

**ဖြေ။** လောကီဝိရတိသည် ဒုစရိုက်တရားတို့ကို အသီးသီး ပယ်နိုင်၏၊ လောကုတ္တရာဝိရတိတို့သည် ဒုစရိုက်,ဒုရာဇဝအားလုံးတို့၏ အပါယဂမနီယစသော အပိုင်းအခြားအားလုံးကို တစ်ပြိုင်နက်တည်းသောခဏ၌ အကြွင်းမဲ့ပယ်နိုင်ပါသည်။

**မေး။** သမ္ဗထာပိနှင့် ကေတောဝ နစ်ပုဒ်တို့၏ အဓိပ္ပါယ်အထူးကို ရေးခဲ့ပါ။

**ဖြေ။** သမ္ဗထာပိဖြင့် ဒုစရိုက် ဒုရာဇဝအားလုံးတို့၏ အခြင်းအရာအားလုံးတို့ကို ပယ်နိုင်ပုံကိုပြ၏၊ ကေတောဝဟူသောပါဠိဖြင့် ထိုထိုမဂ်ခဏ၌ ဒုစရိုက်ဒုရာဇဝတို့ကိုပယ်ရာဝယ် ဝိရတိသုံးခုတို့၏ တစ်ပြိုင်နက်အတူတကွဖြစ်ပုံကို ပြ၏။ ဤသို့ထူးပါသည်။

**မေး။** ကာမာဝစရကုသလေသွေဝ၌ ဝေသဒ္ဓါဖြင့် အဘယ်အဓိပ္ပါယ်ကို ပြပါသနည်း။

**ဖြေ။** ဝေသဒ္ဓါဖြင့် ဗဟာဝိပါက်,မဟာကြိယာ,မဟဂ္ဂုတ်စိတ်တို့၌ ဝိရတိမယှဉ်ဟူသော အဓိပ္ပါယ်ကိုပြပါသည်။ (တနည်း) ယှဉ်သည်ဟူသောအဓိပ္ပါယ်ကို တားမြစ်ပါသည်။

**မေး။** နိယတာဖြင့် အဘယ် အဓိပ္ပါယ်ကို ပြပါသနည်း။

http://www.dhammadownload.com



**ဖြေ။** နိယတာဟူသောပါဠိဖြင့် လောကုတ္တရာဝိရတီတို့သည် လောကီဝိရတီတို့ကဲ့သို့ တစ်ခါတစ်ရံယှဉ်သည်ဟူသော အဓိပ္ပါယ်ကို ထားမြစ်ပါသည်။

**မေး။** ဝိသုံ ဝိသုံဟူသောပါဠိအရ လောကီဝိရတီတို့သည် အဘယ်ကြောင့် အသီးအသီးယှဉ်ရပါသနည်း။

**ဖြေ။** ဝီတိက္ကမိတဗ္ဗဝတ္ထုဟုဆိုအပ်သော မိမိ၏အာရုံကို ငဲ့၍ ဖြစ်ကြသောကြောင့် အသီးအသီး ယှဉ်ကြရပါသည်။

**မေး။** မဟဂ္ဂုတ်ပဉ္စမဈာန်တို့၌ အပ္ပမညာမယှဉ်ခြင်း အကြောင်းကိုရေး၍၊ အပ္ပမညာအမျိုးအစားကိုလည်း ခွဲခြားပြပါ။

**ဖြေ။** အပ္ပနာသို့ရောက်ပြီးသော အပ္ပမညာတို့သည် မညီသည့်အခါမျှသောမနသသနင့်ကင်း၍ မဖြစ်သောကြောင့် မဟဂ္ဂုတ်ပဉ္စမဈာန်၌ အပ္ပမညာမယှဉ်ရပါ။

အပ္ပမညာသည် အပ္ပနာသို့ရောက်သော အပ္ပမညာ, အပ္ပနာသို့ မရောက်သော အပ္ပမညာဟူ၍ နှစ်မျိုးရှိပါသည်။

**မေး။** မဟဂ္ဂုတ်၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** နီဝရဏစသည်ကင်းသည်၏အဖြစ်ဖြင့် မြတ်သည်၏အဖြစ်သို့ ရောက်ကုန်သောကြောင့် မဟဂ္ဂုတ်ဟုခေါ်ပါသည်။

(တနည်း) မြတ်သောဈာနလာဘီပုဂ္ဂိုလ်တို့သည် ရောက်အပ်သောကြောင့် မဟဂ္ဂုတ်ဟုခေါ်ပါသည်။

http://www.dhammadownload.com



**မေး။** ကရုဏာ,မုဒိတာတို့သည် အဘယ်ကြောင့် အသီးအသီးယှဉ်ပါသနည်း။

**ဖြေ။** ကရုဏာသည် ဒုက္ခိတသတ္တဝါပညတ်ကိုငှင်း၊ မုဒိတာသည် သုခိတသတ္တဝါပညတ်ကိုငှင်း၊ အာရုံပြုသည်ဖြစ်၍ အာရုံကွဲပြားသောကြောင့် အသီးအသီးယှဉ်ရပါသည်။

**မေး။** ကာမာဝစရ ဉပေက္ခာသဟဂုတ်စိတ်တို့၌ ကရုဏာ မုဒိတာမယှဉ်ဟုသော ဝါဒကို အဘယ်ကြောင့် ကေစိဝါဒဟု ဆိုပါသနည်း။

**ဖြေ။** အလေ့အလာများသောကျွမ်းစာကို သရဇ္ဈာယ်သောပုဂ္ဂိုလ်အား တစ်ခါတစ်ရံ တစ်ခြားတစ်ပါးကို အာရုံပြုလျက်လည်း သရဇ္ဈာယ်နိုင်သကဲ့သို့ငှင်း၊ ဝိပဿနာအားထုတ်ခြင်း အလေ့အကျက်ရှိပြီးသူအား တစ်ခါတစ်ရံ ဉာဏဝိပ္ပယုတ်စိတ်ဖြင့်လည်း သင်္ခါရတရားတို့ကို သုံးသပ်နိုင်သကဲ့သို့ငှင်း၊ အပ္ပနာဝီထိမှရှေးအဘို့၌ ကရုဏာ,မုဒိတာဘာဝနာကို ပွါးများသောအခါ ပရိစယ၏အစွမ်းအားဖြင့် ဉပေက္ခာသဟဂုတ်စိတ်တို့ဖြင့်လည်း ပရိကမ်ပြုနိုင်သောကြောင့် ကေစိဝါဒဟုဆိုရပါသည်။

**မေး။** သောမနဿ, ဉပေက္ခာတို့ဖြင့် ကရုဏာ,မုဒိတာကို ပွါးများရာအခါအထူးကို ရေးပါ။

**ဖြေ။** အပ္ပနာသို့မရောက်မီှရှေးအဘို့၌ သောမနဿဖြင့်ငှင်း၊ ပရိစယ၏အစွမ်းအားဖြင့် ဉပေက္ခာသဟဂုတ်စိတ်တို့ဖြင့်ငှင်း၊ ကရုဏာမုဒိတာကို ပွါးနိုင်ပါသည်။ **အပ္ပနာဝီထိ၌ကား** သောမနဿဖြင့်သာ ပွါးနိုင်ပါသည်။

**မေး။** ကရုဏာ,မုဒိတာတို့သည် အပ္ပနာဝီထိ၌ သောမနဿဝေဒနာနှင့်သာ အဘယ်ကြောင့် ယှဉ်ရပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ဇာတ်ပြားသောစိတ်သည် ဇာတ်ပြားသောအခြားစိတ်အား အာသေ၀န ပစ္စည်းမတပ်သကဲ့သို့ ဝေဒနာပြားသောစိတ်သည်လည်း ဝေဒနာပြားသောစိတ်တစ်ပါးအား အာသေဝနပစ္စည်းမတပ်နိုင်သောကြောင့် သောမနဿဝေဒနာနှင့်သာ ယှဉ်ရပါသည်။

**မေး။** ဣဿာ,မစ္ဆရိယစသော စေတသိက်တို့၏ "နာနာ,ကဒါစိ,သဟ" စသောအမည်ထူးများကို အသီးသီးတွဲစပ်ပြပါ။

**ဖြေ။** __နာနာ ကဒါစိ__ ။ ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိရတီ,ကရုဏာ,မုဒိတာ။

__ကဒါစိ__ ။ မာန

__သဟ ကဒါစိ__ ။ ထိန မိဒ္ဓ။

*(တနည်း)*

__*သဟ ကဒါစိ*__ ။ထိန မိဒ္ဓသည် ဒေါသမူ သသင်္ခါရိကၷ ဣဿာ,မစ္ဆရိယ ကုက္ကုစ္စတို့နှင့်၄င်း၊

ဒိဋ္ဌိဂတဝိပ္ပယုတ်သသင်္ခါရိကစိတ်၌ မာနနှင့်၄င်း၊ သဟကဒါစိဖြစ်ပါသည်။

*(တနည်း)*

***နာနာ ကဒါစိ +သဟ ကဒါစိ***။ မာန,ထိန ,မိဒ္ဓ။

**မေး။** သမ္ပယောဂနည်း, သင်္ဂဟနည်းတို့၏ အထူးကိုရေးပါ။

**ဖြေ။** ဤမည်သော စေတသိက်သည် ဤမျှသောစိတ်တို့၌ ယှဉ်၏ဟု စိတ်တို့၏အရေအတွက်ကို ပိုင်းခြားသောအားဖြင့် ပြသောနည်းသည် သမ္ပယောဂနည်းမည်၏။

ဤမည်သောစိတ်၌ ဤမျှသော စေတသိက်တို့ကို ရအပ်ကုန်၏ ဟု

http://www.dhammadownload.com



စေတသိက်တို့၏အစုကို ပိုင်းခြားသည်၏ အစွမ်းအားဖြင့် ပြသော နည်းသည် သင်္ဂဟနည်းမည်၏။ ဤသို့ထူးပါသည်။

## လောကုတ္တရာစိတ်သင်္ဂဟနည်း

**မေး။** လောကုတ္တရာစိတ်၌ အဘယ်ကြောင့် အပ္ပမညာမယှဉ်ပါသနည်း။

**ဖြေ။** အပ္ပမညာသည် သတ္တဝါပညတ်ကို အာရုံပြုသည်ဖြစ်၍၊လောကုတ္တရာစိတ်တို့သည်ကား နိဗ္ဗာန်ကို အာရုံပြု၏၊ ဤသို့အာရုံကွဲပြားသောကြောင့် မယှဉ်ရပါ။

**မေး။** လောကုတ္တရာစိတ်သင်္ဂဟနည်းကို ဘာဝနာဘေဒ(ပွါးများပုံအထူး) အားဖြင့် ခွဲခြားပြပါ။

**ဖြေ။** ဈာန်မထက်သော နာတိတိက္ခဉာဏပုဂ္ဂိုလ်၏ ဝိတက်,ဝိစာရတို့ကို အသီးအသီးလွန်၍ ပွါးများသောအခါ ပဉ္စကနည်း၏အစွမ်းအားဖြင့် သင်္ဂဟနည်း(၅)နည်းဖြစ်ပါသည်။

ဈာန်ထက်မြက်သော တိက္ခဉာဏပုဂ္ဂိုလ်၏ ဝိတက်,ဝိစာရတို့ကို တစ်ပေါင်းတည်း,တစ်ပြိုင်နက် ကျော်လွန်စေ၍ ပွါးများသောအခါ စတုက္ကဈာန်၏အစွမ်းအားဖြင့် သင်္ဂဟနည်း(၄)နည်းဖြစ်ပါသည်။

## မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း

**မေး။** မဟဂ္ဂုတ်စိတ်၌ အဘယ်ကြောင့် ဝိရတီသုံးပါးကြဉ်ရပါသနည်း။

**ဖြေ။** သီလဝိသုဒ္ဓိ၏အစွမ်းအားဖြင့် ကောင်းစွာသုတ်သင်အပ်ပြီးသော ကာယပယောဂ,ဝစီပယောဂရှိသောပုဂ္ဂိုလ်အား စိတ်ကို ကောင်းစွာထားရုံမျှ သက်သက်ဖြင့် မဟဂ္ဂုတ်ဈာန်များဖြစ်နိုင်သောကြောင့် ကြဉ်ရပါသည်။

http://www.dhammadownload.com



**မေး။** မဟဂ္ဂုတ်ရှာန်များ ဖြစ်နိုင်ပုံ, မဖြစ်နိုင်ပုံကို သင်္ဂဟထောက်၍ ပြောပါ။

**ဖြေ။** ဝိရတိတ္တယဝဇ္ဇိတာကိုထောက်၍ သီလဝိသုဒ္ဓိကြောင့် ကာယပယောဂ, ဝစီပယောဂစင်ကြယ်ပြီးသောသူအား စိတ်ကိုကောင်းစွာထားရှုမှု သက်သက်ဖြင့် မဟဂ္ဂုတ်ရှာန်များ ဖြစ်နိုင်၏။

ကာယကံ,ဝစီကံကို သုတ်သင်သည်၏အစွမ်းအားဖြင့်၄င်း၊ ဒုစရိုက်, ဒုရာစိဝတို့ကို အကြွင်းမဲ့ဖြတ်ခြင်း, ငြိမ်းစေခြင်း၏အစွမ်းအားဖြင့်၄င်း၊ မဟဂ္ဂုတ်ရှာန်များ မဖြစ်နိုင်ပါ။

## " ကာမာဝစရသောဘဏစိတ်သင်္ဂဟနည်း "

**မေး။** ကာမာဝစရသောဘဏစိတ်တို့၌ အပ္ပမညာ,ဝိရတိတို့ အဘယ်ကြောင့် အသီးအသီးယှဉ်ရပါသနည်း။

**ဖြေ။** အပ္ပမညာတို့သည် သတ္တဝါပညတ်လျှင်အာရုံရှိသည်ဖြစ်၍၄င်း၊ ဝိရတိစေတသိက်တို့သည် ဝီတိက္ကမိတဗ္ဗဝတ္ထုကိုအာရုံပြုသည်ဖြစ်၍ ၄င်း၊ အာရုံကွဲပြားသောအားဖြင့် စိတ်တစ်ခုတည်း၌ အတူတကွမဖြစ်နိုင်ကြောင့် အသီးအသီးယှဉ်ရပါသည်။

**မေး။** မဟာကြိယာစိတ်၌ အဘယ်ကြောင့် ဝိရတိမယှဉ်ရပါသနည်း။

**ဖြေ။** လောကီဝိရတိတို့သည် စင်စစ်ကုသိုလ်သဘောရှိသောကြောင့် မဟာကြိယာစိတ်၌ ဝိရတိ မယှဉ်ပါ။

http://www.dhammadownload.com



**မေး။** လောကုတ္တရာဝိရတီတို့သည် လောကီဝိရတီတို့ကဲ့သို့ အဘယ်ကြောင့် ကုသိုလ်ကောန်မဖြစ်ရပါသနည်း။

**ဖြေ။** ဖိုလ်စိတ်သည် မဂ်နှင့် အလားတူသောကြောင့်၄င်း၊ ဒုစရိုက်ဒုရာဇီဝ တို့ကို တစ်ဖန်ငြိမ်းစေသောကြောင့်၄င်း၊ ကုသိုလ်ကောန်မဖြစ်နိုင်ပါ။

**မေး။** မဟာဝိပါက်စိတ်၌ အပ္ပမညာဝိရတီတို့ အဘယ်ကြောင့် မယှဉ်ရပါ သနည်း။

**ဖြေ။** မဟာဝိပါက်စိတ်တို့သည် ကာမတရားကို ကောန်အာရုံပြုသောကြောင့် ၄င်း၊ အပ္ပမညာတို့သည် သတ္တဝါပညတ်ကို အာရုံပြုသောကြောင့်၄င်း၊ ဝိရတီတို့သည်လည်း စင်စစ်ကုသိုလ်သဘောရှိသောကြောင့်၄င်း၊ မယှဉ်ပါ။

**မေး။** မဟဂ္ဂုတ်,လောကုတ္တရာဝိပါက်သည် မိမိဆိုင်ရာကုသိုလ်နှင့် အာရုံတူ သကဲ့သို့ မဟာဝိပါက်စိတ်သည် ပညတ်ကိုအာရုံပြုသော မဟာကုသိုလ် ကဲ့သို့ အဘယ်ကြောင့် ပညတ်တရားကို အာရုံမပြုပါသနည်း။

**ဖြေ။** ကျွန်မ၏သားသည် အမိနှင့်မစပ်ဆိုင်ဘဲ အရှင်သခင်နှင့်သာစပ်ဆိုင် သကဲ့သို့ မဟာဝိပါက်စိတ်သည် ကာမတဏှာနှင့်စပ်သော ကာမာဝစရ ကံ၏ အကျိုးဖြစ်သောကြောင့် ကာမတဏှာ၏အာရုံကိုသာ အာရုံပြုနိုင် သည့်အတွက် ပညတ်တရားကို အာရုံမပြုနိုင်ပါ။

**မေး။** အဘယ်ကြောင့် ဝိသေသကစေတသိက်ဟု ခေါ်ပါသနည်း။

**ဖြေ။** ပထမဈာန်စသည်တို့မှ ဒုတိယဈာန်စသည်တို့ကို ထူးခြားကွဲပြား အောင်ပြုတတ်သောကြောင့် ဝိသေသကစေတသိက်ဟုခေါ်ပါသည်။

http://www.dhammadownload.com



**မေး။** ဝိရတီဉာဏပီတိစ ပရိတ္တေသု ဝိသေသကာ၌ ဝိသေသကစေတသိက်တို့၏ အထူးပြုပုံကို အသီးအသီးရေးခဲ့ပါ။

**ဖြေ။** ဝိရတီသည် မဟာကုသိုလ်နှင့် ဝိပါက်,ကြိယာတို့ကို အထူးပြုပါသည်။ အပ္ပမညာသည် မဟာကုသိုလ်,မဟာကြိယာနှင့်မဟာဝိပါက်တို့ကို အထူးပြုပါသည်။ ဉာဏ်,ပီတိတို့သည် ပထမဒွေးစသည်နှင့်ဒုတိယဒွေးစသည်တို့ကို ထူးအောင်ပြုပါသည်။

**မေး။** အနုတ္တရေ ဈာနဓမ္မာ၌ ဈာနဓမ္မတို့၏ လောကုတ္တရာစိတ်၌ အထူးပြုပုံကို ရေးခဲ့ပါ။

**ဖြေ။** **ဝိတက်သည်** ပထမဈာန်၌ ယှဉ်၍ ဒုတိယဈာန်၌မယှဉ်၊ ဤသို့ ယှဉ်/မယှဉ် အားဖြင့် အထူးပြုပါသည်။

**ဝိစာရသည်** ပထမဈာန်,ဒုတိယဈာန်တို့၌ယှဉ်၍ တတိယဈာန်စသည်တို့၌ မယှဉ်၊ ဤသို့ ယှဉ်/မယှဉ်အားဖြင့် ပထမဈာန်,ဒုတိယဈာန်တို့နှင့် တတိယဈာန်စသည်တို့ကို ထူးအောင်ပြုပါသည်။

**ပီတိသည်** ပ,ဒု,တဈာန်တို့၌ ယှဉ်၍ စတုတ္ထဈာန်စသည်တို့၌ မယှဉ်၊ ဤသို့ ယှဉ်/မယှဉ်အားဖြင့် ပ,ဒု,တဈာန်တို့နှင့် စတုတ္ထဈာန်တို့ကို ထူးအောင်ပြုပါသည်။

**သုခသည်** ပ,ဒု,တ,စဈာန်တို့၌ ယှဉ်၏၊ ပဉ္စမဈာန်၌ မယှဉ်၊ ဤသို့ယှဉ်မယှဉ်အားဖြင့် ပ,ဒု,တ,စဈာန်တို့နှင့်ပဉ္စမဈာန်ကိုထူးအောင် ပြုပါသည်။

*******************

http://www.dhammadownload.com



## " အကုသိုလ်စိတ်သင်္ဂဟနည်း "

**မေး။** ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စတို့သည် ဒေါသမူဒွေး၌ အဘယ်ကြောင့် အသီးအသီးယှဉ်ပါသနည်း။

**ဖြေ။** အာရုံပြားသောကြောင့် အသီးအသီးယှဉ်ရပါသည်။

**မေး။** အဓိမောက္ခသည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ အဘယ်ကြောင့် မယှဉ်ရပါသနည်း။

**ဖြေ။** အဓိမောက္ခသည် ဆုံးဖြတ်သောအခြင်းအရာအားဖြင့် ဖြစ်သောကြောင့် နှလုံးနှစ်ခွဖြစ်ခြင်းသဘောရှိသော ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ မယှဉ်ရပါ။

## "အဟိတ်စိတ်သင်္ဂဟနည်း"

**မေး။** အဘယ်ကြောင့် မနောဓာတ်ဟုခေါ်ပါသနည်း။

**ဖြေ။** ထူးသောအာရုံကို သိခြင်းကိစ္စနှင့် မယှဉ်သည်ဖြစ်၍ အာရုံကိုသိခြင်းမျှသာ ဖြစ်သောကြောင့် မနောဓာတ်ဟု ခေါ်ပါသည်။

**မေး။** မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့၏အထူးကို ရေးပါ။

**ဖြေ။** ထူးသောအာရုံကို သိခြင်းကိစ္စနှင့်ယှဉ်သောဓာတ်သည် မနောဝိညာဏဓာတ်မည်၏။ အာရုံကိုသိခြင်းမျှသာဖြစ်သောဓာတ်သည် မနောဓာတ်မည်၏။

**မေး။** စိတ်တွေ့နှ သမ္ပယုတ်ဒ္ဓိသေအရ စေတသိက်ပေါင်း မည်မျှရှိသည်ကို သချာမျှ ပေါ်ပြပါ။

**ဖြေ။** စေတသိက်ပေါင်း (၂၃၇၀) ရှိပါသည်။

http://www.dhammadownload.com



## " ပကိဏ်းပိုင်း * အဖွင့် "

**မေး။** စေတသိက်ပိုင်းလာ ပကိဏ်းနှင့် ပကိဏ်းပိုင်းလာ ပကိဏ်းနှစ်ခုအထူးကို ရေးခဲ့ပါ။

**ဖြေ။** စေတသိက်ပိုင်း၌ သောဘဏစိတ်,အသောဘဏစိတ်တို့၌ ရောပြွမ်း၍ယှဉ်သောကြောင့် ပကိဏ်းဟုခေါ်ပါသည်။

ပကိဏ်းပိုင်း၌ စိတ်,စေတသိက်တို့ကို ဝေဒနာ,ဟိတ်စသည်တို့ဖြင့် ဝေဘန်သောအားဖြင့်၄င်း၊ ထိုထိုဝေဒနာစသည်အားဖြင့် ပြားသောစိတ်တို့ကို ဝေဘန်သောအားဖြင့်၄င်း၊ ရောပြွမ်း၍ပြရာအပိုင်းဖြစ်သောကြောင့် ပကိဏ်းဟုခေါ်ပါသည်။

**မေး။** စိတ်(၈၉)ပါး, စေတသိက်(၅၂)ပါးရှိပါလျက် အဘယ်ကြောင့် တေပညာသ ဟုဆို ါသနည်း။

**ဖြေ။** မိမိ,မိမိတို့၏ ဆိုင်ရာဆိုင်ရာလက္ခဏာတို့၏အစွမ်းအားဖြင့် ရေတွက်ခြင်းဖြစ်သောကြောင့် တေပညာသ ဟုဆိုရပါသည်။

**မေး။** အဘယ်ကြောင့် ဝေဒနာသင်္ဂဟဟုခေါ်ပါသနည်း။

**ဖြေ။** သုခစသော ဝေဒနာတို့ကို ဝေဘန်သောအားဖြင့်၄င်း၊ ဝေဒနာနှင့် တကွဖြစ်သော စိတ်တို့ကို ဝေဘန်သောအားဖြင့်၄င်း၊ ပေါင်း၍ယူရာ ယူကြောင်းဖြစ်သောကြောင့် ဝေဒနာသင်္ဂဟမည်ပါသည်။

**မေး။** တိဝိဓာ ဝေဒနာ ဟူသောသင်္ဂဟစကားနှင့် ဒွေမာ ဘိက္ခဝေ ဝေဒနာ ဟူသော ပါဠိတော်စကား မဆန့်ကျင်အောင် အဘယ်ကဲ့သို့ ယူရပါမည်နည်း။

http://www.dhammadownload.com



**ဖြေ။** သင်္ဂဟ၌ သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဟူသောဥပေက္ခာဝေဒနာတို့ကို အသီးအခြားယူ၍ "တိဝိဓာ ဝေဒနာ "ဟု ဆိုပါသည်။

ပါဠိတော်၌ အပြစ်မရှိသောဥပေက္ခာဝေဒနာကို သုခဝေဒနာ၌၎င်း၊ အပြစ်ရှိသောဥပေက္ခာဝေဒနာကို ဒုက္ခဝေဒနာ၌၎င်း၊ ပေါင်းယူ၍ "ဒွေ ဘိက္ခဝေ "ဟု ဟောထားသောကြောင့် သင်္ဂဟနှင့်ပါဠိတော် မဆန့်ကျင်ပါ။

"ဝေဒနာတစ်ပါးတည်းသာရှိ၏" ဟုဟောသောသုတ္တန်များ၌ကား ဝေဒနာအားလုံးသည် ဒုက္ခသဘောရှိသည်၏အပြစ်ကြောင့် သင်္ခါရဒုက္ခ အဖြစ်ဖြင့် "ဒုက္ခဝေဒနာ တစ်ခုတည်းသာရှိ၏" ဟု ဟောထားသည့်အတွက် မဆန့်ကျင်ပါ။

**မေး။** ဣန္ဒြိယဘေဒနည်းအားဖြင့် ဝေဒနာငါးမျိုးဖြစ်ပုံကို ရေးပါ။

**ဖြေ။** သုခဝေဒနာသည် သာတ,အသာတအားဖြင့် ကာယိကသုခ,မာနသိက သုခဟူ၍၎င်း၊ ဒုက္ခဝေဒနာသည်လည်း သာတ,အသာတအားဖြင့် ကာယိကဒုက္ခ, မာနသိကဒုက္ခဟူ၍၎င်း၊ အသီးအသီးနှစ်မျိုးပြား၍ သုခ, သောမနဿ,ဒုက္ခ,ဒေါမနဿဟူ ဝေဒနာလေးမျိုးဖြစ်၏။

ဥပေက္ခာသည်ကား အပြားမရှိသောကြောင့် တစ်မျိုးတည်းသာဖြစ်၏၊ ဤသို့အားဖြင့် ဝေဒနာငါးမျိုးဖြစ်ပါသည်။

## "ဟေတုသင်္ဂဟအဖွင့်"

**မေး။** အဘယ်ကြောင့် ဟိတ်ဟုခေါ်ပါသနည်း။

**ဖြေ။** ရေသောက်မြစ်သည် သစ်ပင်၏မြဲမြံစွာတည်ကြောင်း,ကြီးပွါး

http://www.dhammadownload.com



ကြောင်းဖြစ်သကဲ့သို့ အကျိုးသမ္ပယုတ်တရားတို့၏ တည်ကြောင်း, ကြီးပွါးကြောင်းဖြစ်ဇသာကြောင့် ဟိတ်ဟုခေါ်ပါသည်။

**မေး။** ကုသိုလ်,အကုသိုလ်,အဗျာကတတရားတို့၏ ဖြစ်ကြောင်းသည် အဘယ်နှင့်စပ်၍ဖြစ်ပါသနည်း။

**ဖြေ။** ကုသိုလ်သည် ယောနိသော မနသိကာရနှင့်စပ်၍ဖြစ်ပါသည်၊ အကုသိုလ်သည် အယောနိသောမနသိကာရနှင့် စပ်၍ဖြစ်ပါသည်။ အဗျာကတ၏အဖြစ်သည် အနုသယကင်းသော ရဟန္တာပုဂ္ဂိုလ်သန္တာန်နှင့်၄င်း(ကြိယာအဗျာကတ)၊ ကံနှင့်၄င်း(ဝိပါက်အဗျာကတ)၊ အဝိပါက အဖြစ်နှင့်၄င်း(ဝိပါက်,ကြိယာအဗျာကတ)၊ စပ်၍ဖြစ်ပါသည်။

## "ကိစ္စသင်္ဂဟအဖွင့်"

**မေး။** အဘယ်ကြောင့် ကိစ္စသင်္ဂဟဟုခေါ်ပါသနည်း။

**ဖြေ။** ပဋိသန္ဓေစသောကိစ္စတို့ကို ဝေဘန်သောအားဖြင့်၄င်း၊ ပဋိသန္ဓေစသောကိစ္စရှိကုန်သောစိတ်တို့ကို ပိုင်းခြားသည်၏အစွမ်းအားဖြင့်၄င်း၊ ပေါင်း၍ယူရာဖြစ်သောကြောင့် ကိစ္စသင်္ဂဟဟုခေါ်ပါသည်။

**မေး။** ပဋိသန္ဓေစသောကိစ္စတို့၏ အဓိပ္ပါယ်တို့ကို ရေးခဲ့ပါ။

**ဖြေ။** အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို စပ်ခြင်းသည် ပဋိသန္ဓေကိစ္စမည်ပါသည်။

အဆက်မပြတ်ဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့် ဖြစ်ဆဲပစ္စုပ္ပန်ဘဝ၏ အကြောင်းဖြစ်သောကိစ္စသည် ဘဝင်ကိစ္စမည်၏။

အာရုံ၌ ထိုထိုကိစ္စကိုပြီးစေတတ်သည်၏ အစွမ်းအားဖြင့် အကြိမ်များစွာဖြစ်စေ, တစ်ကြိမ်ဖြစ်စေ, လျင်မြန်သောအဟုန်ဖြင့် ဖြစ်ပေါ်

http://www.dhammadownload.com



လာခြင်းကို ဇောကိစ္စဟုခေါ်ပါသည်။

ဇောသည်ယူအပ်ပြီးသောအာရုံကို အာရုံပြုခြင်းသည် တဒါရုံကိစ္စမည်၏၊ ဖြစ်ဆဲဘဝမှ ရွေ့လျောခြင်းကို စုတိကိစ္စဟုခေါ်ပါသည်။

**မေး။** ပဋိသန္ဓေမှ တစ်သီးတစ်ခြားဖြစ်သော ဌာနမည်သည်မရှိဘဲ ပဋိသန္ဓိယာ ဌာနံ ပဋိသန္ဓိဌာနံဟု(ပဋိသန္ဓေ၏ဌာနဟု)ဆိုရပုံကို ထင်ရှားအောင် ရေးခဲ့ပါ။

**ဖြေ။** "ကျောက်သား၏ကိုယ် "ဟူသောစကား၌ ကျောက်သားနှင့်ကိုယ် မပြားသော်လည်းပြားသကဲ့သို့ အဘေဒူပစာနည်းအားဖြင့် ဆိုထားသည်နှင့်အတူ ပဋိသန္ဓေနှင့်ဌာနအရ မထူးခြား မကွဲပြားဘဲ ပြားသကဲ့သို့ ယူလွယ်စေခြင်းအကျိုးငှါ "ပဋိသန္ဓေ၏ဌာန"ဟုဆိုရပါသည်။

**မေး။** ဌာန(၂၅)ပါးကို အကျဉ်းချုပ် ရေတွက်ပြပါ။

**ဖြေ။** ပဋိသန္ဓေ(၁)ဌာန၊ ဘဝင်(၆)ဌာန၊ အာဝဇ္ဇန်း(၂)ဌာန၊ ပဉ္စဝိညာဏ်(၁)ဌာန၊ သမ္ပဋိစ္ဆိုင်း(၁)ဌာန၊ သန္တီရဏ(၁)ဌာန၊ ဝုဋ္ဌော(၂)ဌာန၊ ဇော(၆)ဌာန၊ တဒါရုံ(၂)ဌာန၊ စုတိ(၃)ဌာန၊ အားဖြင့် ဌာန(၂၅)ပါးဖြစ်ပါသည်။

***(ဆောင် ဂါထာ)*** သန္ဓိ ဧကံ ဆ ဘဝင်္ဂ၊ ဒွါ'ဝဇ္ဇနံ ပဉ္စာဒျေကံ။

ဒွေဝေါ ဇောဆ တဒါဒွေတိ၊ စုတီတိ ပဏ္ဍာဝီသတိ။

***အနက်***။ သန္ဓိ–ပဋိသန္ဓေဌာနသည်။ ဧကံ–တစ်ခုသာတည်း။ ဘဝင်္ဂ–ဘဝင်ဌာနသည်၊ ဆ–ခြောက်ခုတည်း။ အာဝဇ္ဇနံ–အာဝဇ္ဇန်းဌာနသည်၊ ဒွေ–နှစ်ခုတို့တည်း။ ပဉ္စာဒိ–ပဉ္စဝိညာဏ်စသည်သည်၊(ဝါ) ပဉ္စဝိညာဏ,သမ္ပဋိစ္ဆိုင်း,သန္တီရဏဌာနသည်၊ ဧကံ–တစ်ခုစီတည်း။

http://www.dhammadownload.com



ဝေါ–ဝုဍ္ဎောဌာနသည်၊ဒွေ–နှစ်ခုတည်း။ ဓော–ဓောဌာနသည်းဆ–ခြောက်ဌာနတည်း။ ထဒါ–တဒါရုံဌာနသည်၊ ဒွေ–နှစ်ခုတည်း။ စုတိ–စုတိဌာနသည်၊ တိ–သုံးခုတည်း။ ဣတိ–ဤသို့၊ ဌာနံ–ဌာနသည်၊ ပဏ္ဏဝီသတိ–(၂၅)ပါးဖြစ်သတည်း။

*(ဆောင်)* ကေ်–ပင်+သံ၊ ဘဝင်ဌာန်ဆ၊ ဝိညာဏ်,သန္တီ တစ်ဌာန်စီတည်း၊ နှစ်လီ အာ,ဍ္ဎော၊ ဓော ခြောက်ဌာန်ဖြစ်၊ နှစ် တဒါရုံ သုံးစုကြွေ၊ ပေါင်းတုံ နှစ်ဆဲ့ငါး။

**မေး။** ပဋိသန္ဓေ တစ်ဌာနနှင့် ဘဝင်(၆)ဌာနတို့ကို ရေတွက်ပြပါ။

**ဖြေ။** သန္ဓိဌာန စု–ဘဉ္စရုံ၊ ပ–အာ, ဓ–အာ, ဝေါ–အာ။

တ–စု, ဓ–စုန္တရုံ ဘဿ ၊ ဆဌာန် ပရိဒီပယေ။

**မေး။** အာဝဇ္ဇန်း နှစ်ဌာန၊ ပဉ္စဝိညာဏ်,သမ္ပဋိစ္ဆိုင်း,သန္တီရဏတစ်ဌာနစီ တို့ကို ရေတွက်ပြပါ။

**ဖြေ။** ဘ–ဝိ, ဘ–ဓန္တရုံယေဝ ၊ ဒွအာဌာန် အာ–သန္တရုံ။

ဝိဌာနေကံ ဝိ–တိန္တရုံ ၊ သံဌာနေကံ သံ–ဝေါန္တရုံ။

(မှတ်ချက်) ဝိ,ကို ပဉ္စဝိညာဏ်ဟုငှင်း၊ သံ,ကို သမ္ပဋိစ္ဆိုင်း ဟုငှင်း တီ,ကို သန္တီရဏဟုငှင်း၊ အာ,ကို အာဝဇ္ဇန်းဟုငှင်း၊ သိပါလေ။

**မေး။** ဝုဍ္ဎော(၂)ဌာန, ဓော(၆)ဌာန, တဒါရုံ(၂)ဌာန, စုတိ(၃)ဌာနတို့ကို ရေတွက်ပြပါ။

**ဖြေ။** တီဌာနေကံ ဒုဝေါဌာနံ၊ တီ ဓ , တီ–ဘန္တရုံ တထာ။

ဝေါ–တ, ဝေါ–ဘ, ဝေါ–စုန္တရုံ၊ အာ–တ, အာ–ဘ, အာ–စုန္တရုံ။

http://www.dhammadownload.com



ဈွာနံ ဆ ဓ–ဘ, ဓ–ဇုန္တရုံ၊ ဥဗယ္ဈံ ဒု တွာနံ။
တ–ပ, ဓ–ပ, ဘ–ပန္တရုံ၊ ဇုတိဈာနံ တိတာ မတံ။

***(အထူးမှာထားချက်)*** ဈာန(၂၅)ပါးကို နားလည်နိုင်ရန် ဝိထိကို ကျေပွန်အောင် လေ့လာထားသင့်ပါသည်။

***မေး။*** သန္တီရဏစိတ်(၃)ခုရှိပါလျက် သောမနဿသန္တီရဏသည် အဘယ်ကြောင့် ပဋိသန္ဓေကိစ္စမတပ်ရပါသနည်း။

***ဖြေ။*** ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဖြစ်ခြင်းသဘောမရှိသောကြောင့် ပဋိသန္ဓေကိစ္စမတပ်ရပါ။

***မေး။*** မနောဒွါရဝဇ္ဇန်းသည် ပရိတ္တာရုံဝိထိ၌နှစ်ကြိမ်,သုံးကြိမ်ဖြစ်ပါလျက် အဘယ်ကြောင့် ဇောကိစ္စမတပ်ရပါသနည်း။

***ဖြေ။*** အာရုံ၏အရသာကို ခံစားခြင်းမရှိသောကြောင့် ဇောကိစ္စမတပ်ရပါ။

***မေး။*** ဇောအရာ၌ တည်ပါလျက် ဇောမဟုတ်သောတရားကို ဖော်ပြပါ။

***ဖြေ။*** အာဝဇ္ဇန်းဒွေးဖြစ်ပါသည်။

***မေး။*** မဂ်စိတ်သည် တစ်ကြိမ်တည်းသာဖြစ်ပါလျက် အဘယ်ကြောင့် ဇောကိစ္စတပ်ရပါသနည်း။

***ဖြေ။*** ဇောသဘောရှိသောကြောင့် ဇောကိစ္စတပ်ရပါသည်။
(ဥပမာ)အလုံးစုံသောအာရုံကို သိနိုင်သောသတ္တိရှိသောကြောင့် သဗ္ဗညုတ အမည်ရသောဉာဏ်သည် အာရုံတစ်ခုခုကိုသာ သိရာ၌လည်း သဗ္ဗညုတ ဟူသောအမည်ကို မစွန့်သကဲ့သို့ တစ်ကြိမ်တည်းသာ ဖြစ်သော်

http://www.dhammadownload.com



လည်း ဇောသဘောရှိသောကြောင့် ဇောကိစ္စတပ်ရပါသည်။

## " ဒွါရသင်္ဂဟအဖွင့် "

**မေး။** ဒွါရသင်္ဂဟ၏အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** စက္ခုစသောဒွါရတို့ကို ပိုင်းခြားသည်၏ အစွမ်းအားဖြင့်၄င်း၊ ဒွါရ၌ဖြစ်သောစိတ်တို့ကို ပိုင်းခြားသည်၏အစွမ်းအားဖြင့်၄င်း၊ ပေါင်း၍ ယူရာဖြစ်သောသင်္ဂဟသည် ဒွါရသင်္ဂဟမည်၏။

**မေး။** အဘယ်ကြောင့် ဒွါရဟုခေါ်ပါသနည်း။

**ဖြေ။** အာဝဇ္ဇန်းစသောနာမ်တရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် တံခါးနှင့်တူသည့်အတွက် ဒွါရဟုခေါ်ပါသည်။

**မေး။** မနောဒွါရ၌ မနောအရ, မနောဒွါရအရတို့ကို ရေးခဲ့ပါ။

**ဖြေ။** မနောအရ အာဝဇ္ဇန်းစသော စိတ်တို့ကို ယူရပါသည်။
(တနည်း) ဘဝင်စိတ်ကို ယူရပါသည်။
**မနောဒွါရအရ** ဘဝင်္ဂုပစ္ဆေဒ(၁၉)ခုကို ယူရပါသည်။

**မေး။** စက္ခုဒွါရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ ၌ ယထာရဟ၏အဓိပ္ပါယ်ကိုရေးပါ။

**ဖြေ။** ဣဋ္ဌစသောအာရုံ၌ ယောနိသောမနသိကာရ, အယောနိသောမနသိကာရ, အနုသယမရှိသော ရဟန္တာတို့၏သန္တာန်စသည်တို့အားလျော်စွာ ဖြစ်ခြင်းကို ယထာရဟံဟုဆိုပါသည်။

http://www.dhammadownload.com



**မေး။** (၁၉)ပါးသောစိတ်ကို အဘယ်ကြောင့် ဒွါရဝိမုတ်စိတ်ဟု ခေါ်ပါသနည်း။

**ဖြေ။** စက္ခုစသောဒွါရ၌မဖြစ်သောကြောင့်၄င်း၊ မနောဒွါရဟုဆိုအပ်သော ဘဝင်သည် တစ်ပါးသောအာရုံကို ယူသည်၏အစွမ်းအားဖြင့် မဖြစ်သောကြောင့်၄င်း၊ ဒွါရဝိမုတ်စိတ်ဟုခေါ်ပါသည်။

**မေး။** ယထာရဟမေကဒွါရိကစိတ္တာနိနာမ–၌ ကေဒွါရိကစိတ်တို့၏ ယထာရဟဖြစ်ပုံကို ရေးခဲ့ပါ။

**ဖြေ။** ဒွေပဥ္စဝိညာဏ်တစ်ဆယ်တို့သည် အသီးအသီး အစဉ်အတိုင်း စက္ခုစသော ဆိုင်ရာဆိုင်ရာဒွါရ၌ဖြစ်ပါသည်။ မဟဂ္ဂုတ်,လောကုတ္တရာဇော (၂၆)ပါးတို့သည် မနောဒွါရ၌သာ ဖြစ်ပါသည်။ ဤသို့မိမိ မိမိတို့၏ ဒွါရအားလျော်စွာ ဖြစ်ခြင်းကို ယထာရဟံ ဟုဆိုပါသည်။

**မေး။** ဆဒွါရိကာနိစေဝ ဒွါရဝိမုတ္တာနိစ–၌ အဘယ်အခါ (၆)ဒွါရ၌ဖြစ်၍, အဘယ်အခါ (၆)ဒွါရမှ လွတ်ပါသနည်း။

**ဖြေ။** ပဥ္စဒွါရတို့၌ သန္တီရဏကိစ္စ, တဒါရုံကိစ္စတို့၏ အစွမ်းအားဖြင့် ဖြစ်သောအခါ၌၄င်း၊ မနောဒွါရ၌ တဒါရုံ၏အစွမ်းအားဖြင့် ဖြစ်သောအခါ၌၄င်း၊ (၆)ဒွါရ၌ဖြစ်၍၊ ပဋိသန္ဓေ,ဘဝင်,စုတိကိစ္စတို့၏အစွမ်းအားဖြင့် ဖြစ်သောအခါ ခြောက်ဒွါရမှလွတ်ပါသည်။

## " အာရမ္မဏသင်္ဂဟအဖွင့် "

**မေး။** အဘယ်ကြောင့် အာရမ္မဏသင်္ဂဟဟု ခေါ်ပါသနည်း။

**ဖြေ။** အာရုံ(၆)ပါးတို့ကို သရုပ်ထုတ်၍ ဝေဘန်သောအားဖြင့်၄င်း၊ ထိုအာရုံခြောက်ပါးလျှင် အာရုံရှိသောစိတ်တို့ကို ဝေဘန်သောအားဖြင့်၄င်း၊

http://www.dhammadownload.com



ပေါင်း၍ယူအပ်သောကြောင့် အာရမ္မဏသင်္ဂဟဟုခေါ်၏။

**မေး။** ရူပါရမ္မဏ် ၌ ရူပ၏အဓိပ္ပါယ်နှင့် အာရမ္မဏ၏အဓိပ္ပါယ်တို့ကို ရေးခဲ့ပါ။

**ဖြေ။** အဆင်းဖေါက်ပြန်ခြင်းသို့ ရောက်သည်ရှိသော် စိတ်၌ဖြစ်သောအလိုကို ပြတတ်သောကြောင့် ရူပဟုခေါ်ပါသည်။

အားနည်းသော ယောကျ်ားသည် တောင်ဝှေးစသည်ကို စွဲကိုင်အပ်သကဲ့သို့ စိတ်,စေတသိက်တို့သည် စွဲကိုင်အပ်သောကြောင့် အာရမ္မဏမည်၏။ (တနည်း) စိတ်,စေတသိက်တို့သည် လာ၍ မွေ့လျော်ရာဖြစ်သောကြောင့် အာရမ္မဏဟုခေါ်ပါသည်။

**မေး။** ဂန္ဓ နှင့် ရသတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** မိမိ၏ တည်ရာဝတ္ထုကို"ဤနေရာ၌ ရှိ၏ "ဟု ဂုံးတိုက်သကဲ့သို့ ပြတတ်သောကြောင့် ဂန္ဓဟုခေါ်ပါသည်။

သတ္တဝါတို့သည် သာယာအပ်သောကြောင့် ရသဟုခေါ်ပါသည်။

**မေး။** တဥ္စ ပစ္စုပ္ပန္နံ ၌ ပစ္စုပ္ပန်အပြားနှင့် ယူရမည့် ပစ္စုပ္ပန်ကိုရေးပါ။

**ဖြေ။** ပစ္စုပ္ပန်သည် ခဏပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, ဟုသုံးမျိုးရှိပါသည်။ ထိုတွင် ဤ၌ ခဏပစ္စုပ္ပန်ကိုယူရပါသည်။

**မေး။** ကာလဝိမုတ်မည်သောတရားတို့ကို အကြောင်းနှင့်တကွ ရေးခဲ့ပါ။

http://www.dhammadownload.com



**ဖြေ။** ပျက်စီးခြင်းမရှိသောကြောင့်၄င်း၊ အတိတ်စသောကာလ၏ အစွမ်းအားဖြင့် မဆိုထိုက်သောကြောင့်၄င်း၊ နိဗ္ဗာန်နှင့်ပညတ်ကို ကာလဝိမုတ်ဟုခေါ်ပါသည်။

**မေး။** မနောဒွါရိကစိတ္တာနံ (ပ) ယထာရဟမာရမ္မဏံ ပဝတ္တိ–၌ ယထာရဟ ၏အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ကာမာဝစရဇော, အဘိဉာဉ်ဇောမှကြွင်းသောမဟဂ္ဂုတ်စသောဇောတို့အား လျော်စွာအာရုံပြုခြင်းကို ယထာရဟံဟုဆိုပါသည်။

**မေး။** မနောဒွါရိကစိတ်တို့၏ အာရုံကို ယထာရဟံအရ အသီးအသီးခွဲခြားပြပါ။

**ဖြေ။** ဟသိတုပ္ပါဒ်ကြဉ်သော ကာမာဝစရဇောတို့သည် ပစ္စုပ္ပန်,အတိတ်, အနာဂတ်,ကာလဝိမုတ်ဖြစ်သော အာရုံ(၆)ပါးကို အာရုံပြု၏။

ဟသိတုပ္ပါဒ်သည် ပစ္စုပ္ပန်,အတိတ်,အနာဂတ်ဖြစ်သောအာရုံ(၆)ပါးကို အာရုံပြုပါသည်။

အဘိဉာဉ်ဇောသည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလဝိမုတ်ဖြစ်သော အာရုံ(၆)ပါးကို ထိုက်သည်အားလျော်စွာ အာရုံပြု၏။

ကြွင်းသောမဟဂ္ဂုတ်,လောကုတ္တရာဇောသည် အတိတ်,ကာလဝိမုတ်ဖြစ်သော အာရုံ(၆)ပါးကို ထိုက်သည်အားလျော်စွာ အာရုံပြု၏။

**မေး။** ဒွါရဝိမုတ္တာနဉ္စ သောပါဠိ၌ ယထာသမ္ဘဝံ၏ အဓိပ္ပါယ်ကို အကျဉ်းချုပ်ရေးခဲ့ပါ။

**ဖြေ။** ထိုထိုဘဝ၌ဖြစ်ကုန်သော ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏

http://www.dhammadownload.com



ထိုထိုဒွါရတို့ဖြင့်ယူအပ်သော အာရုံစသည်တို့၏အစွမ်းအားဖြင့် ဖြစ်သင့်သည်အားလျော်စွာဖြစ်ခြင်းကို ယထာသမ္ဘဝဟု ဆိုပါသည်။

**(အစီပွါယ်အကျယ်)**

ကာမာဝစရပဋိသန္ဓေ,ဘဝင်စိတ်တို့သည် ခြောက်ဒွါရဖြင့်ယူအပ်သော ပစ္စုပ္ပန်,အတိတ်ဖြစ်သော ကမ္မနိမိတ် ပဉ္စာရုံကို အာရုံပြု၏။ ကာမစုတိသည် ခြောက်ဒွါရဖြင့်ယူအပ်သော အတိတ်ဖြစ်သော ကမ္မနိမိတ် ပဉ္စာရုံကို အာရုံပြုပါသည်။

ကာမပဋိသန္ဓေ,ဘဝင်,စုတိစိတ်တို့သည် မနောဒွါရဖြင့်ယူအပ်သော အတိတ်ကမ္မနိမိတ် ဓမ္မာရုံကိုငှင်း၊ မနောဒွါရဖြင့်ယူအပ်သော ပစ္စုပ္ပန်ကေန် ဂတိနိမိတ်ဖြစ်သော ရူပါရုံကိုသာငှင်း အာရုံပြု၏။

မဟဂ္ဂုတ်ပဋိသန္ဓေတို့တွင် ရူပပဋိသန္ဓေ,ဘဝင်,စုတိနှင့် အာကာ, အာကိ ပဋိသန္ဓေ,ဘဝင်,စုတိစိတ်တို့သည် မနောဒွါရဖြင့် ယူအပ်သော ပညတ်ကမ္မနိမိတ် ဓမ္မာရုံကိုသာ အာရုံပြုပါသည်။

ဝိညာ , နေဝါ အရူပပဋိသန္ဓေ,ဘဝင်,စုတိစိတ်တို့သည် မနောဒွါရဖြင့်ယူအပ်သော အတိတ်ကမ္မနိမိတ်ဓမ္မာရုံကို အာရုံပြုပါသည်။

**မေး။** ယေဘုယျေန ဘဝန္တရေ ဥ္ဒ ဘဝန္တရအရ ယူရမည့်ဘဝကို ရေးခဲ့ပါ။

**ဖြေ။** ဘဝအရ အခြားမရှိလွန်ခဲ့ပြီးသော(အတီတာနန္တရ)ဘဝကို ယူရပါသည်။

(ဆဒွါရဂ္ဂဟိတံအရ သေခါနီးကာလ၌ ဖြစ်သော ဆဒွါရိကဇောကိုယူ)

**မေး။** နာမ်တရားလုံးဝမရှိသော အသညသတ်ဘုံသားတို့၏ စုတိသည် ဆဒွါရဂ္ဂဟိတံ–အရ ခြောက်ဒွါရဖြင့် အာရုံကိုယူနိုင် /မယူနိုင်ရေးခဲ့ပါ။

http://www.dhammadownload.com



**ဖြေ။** ယေဘုယျေနသဒ္ဒါဖြင့် အထူးပြု၍ဆိုခြင်းသည် အသညသတ်စုတိကို စင်စေလိုသောအားဖြင့် ဆိုထားသောကြောင့် ခြောက်ဒွါရဖြင့် မယူနိုင်ပါ။

**မေး။** အသညသတ်ဘုံမှစုတေသောသတ္တဝါတို့၏ ပဋိသန္ဓေသည် အဘယ်ကို အာရုံပြုပါသနည်း။

**ဖြေ။** အသညသတ်ဘုံသို့မရောက်မီ ရှေးရှေးဘဝကပြုခဲ့၍ ပဋိသန္ဓေကျိုးပေးခွင့်ကြုံသော အပရာပရိယဝေဒနီယကံသည် ဖြစ်စေအပ်သောကံ,ကမ္မနိမိတ်,ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။

**မေး။** အနာဂတ်အာရုံသည် ပဋိသန္ဓေစိတ်၏အာရုံ အဘယ်ကြောင့် မဖြစ်နိုင်ပါသနည်း။

**ဖြေ။** အနာဂတ်အာရုံသည် အတိတ်ကံ,ကမ္မနိမိတ်တို့ကဲ့သို့ ခံစားပြီးသည်လည်း မဟုတ်, ပစ္စုပ္ပန်ကမ္မနိမိတ်,ဂတိနိမိတ်တို့ကဲ့သို့ ထင်ခြင်းသို့ရောက်သောအာရုံလည်း မဟုတ်သောကြောင့် အနာဂတ်အာရုံသည် ပဋိသန္ဓေ၏အာရုံမဖြစ်နိုင်ပါ။

**မေး။** သမ္ပဋိစ္ဆန ကာမာဝစရာရမ္မဏာနေဝဒ္ဓိ သမ္ပဋိစ္ဆနအရကိုရေးပါ။

**ဖြေ။** သမ္ပဋိစ္ဆနအရ ခြောက်ဒွါရ၌ဖြစ်သောစိတ်, ခြောက်ဒွါရမှလွတ်သောစိတ်, အာရုံခြောက်ပါးရှိသောစိတ်တို့၏ အစွမ်းအားဖြင့်၊ ဖြစ်ခြင်းကို ယူရပါသည်။

**မေး။** တဒါရုံကောဒသ,ဟသိတုပ္ပါဒ်စိတ်တို့၏ ကာမတရားကို အာရုံပြုရာ၌ ကာလအားဖြင့် ခွဲခြားရေးသားခဲ့ပါ။

http://www.dhammadownload.com



**ဖြေ။** တဒါရုံကောဒသတို့သည် သန္တီရဏစသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သောအခါ-ပဋ္ဌာရုံ ကာမတရားကို အာရုံပြုပါသည်။

ပဋိသန္ဓေစသည်တို့၏အစွမ်းအားဖြင့်ဖြစ်သောအခါ အာရုံခြောက်ပါး ဟူသော ကာမတရားကို အာရုံပြုပါသည်။

## ဟသိတုပ္ပါဒ်စိတ်၏ အာရုံ

ကမ္ဘဋ္ဌာန်းအားထုတ်ရန် လျောက်ပတ်သောအရပ်ကိုမြင်၍ နှစ်သက်သော ရဟန္တာ၏ဟသိတုပ္ပါဒ်စိတ်သည် ရူပါရုံကို အာရုံပြုပါ သည်။

ဘဏ္ဍာဝေဘန်ရာအရပ်၌ ကျယ်လောင်သောအသံကိုကြား၍ ဤကဲ့သို့သော လောလုပ္ပတဏှာကို ငါပယ်အပ်ပြီးပြီဟု နှစ်သက်ဝမ်းမြောက်သော ရဟန္တာ၏ ဟသိတုပ္ပါဒ်စိတ်သည် သဒ္ဒါရုံကို အာရုံပြုပါသည်။

အမွှေးနံ့သာစသည်တို့ဖြင့် စေတီကိုပူဇော်သောအခါ နှစ်သက် ဝမ်းမြောက်သော ရဟန္တာ၏ ဟသိတုပ္ပါဒ်စိတ်သည် ဂန္ဓာရုံကို အာရုံပြုပါ သည်။

အရသာနှင့်ပြည့်စုံသောဆွမ်းကို သိတင်းသုံးဖေါ်တို့နှင့်ဝေဘန်၍ သုံးဆောင်သောအခါ နှစ်သက်ဝမ်းမြောက်သောရဟန္တာ၏ ဟသိတုပ္ပါဒ် စိတ်သည် ရသာရုံကို အာရုံပြုပါသည်။

အာဘိသမာစာရိကဝတ်ကို ဖြည့်ကျင့်သောအခါ နှစ်သက်ဝမ်း မြောက်သောအခါ ရဟန္တာ၏ ဟသိတုပ္ပါဒ်စိတ်သည် ဖောဋ္ဌဗ္ဗာရုံကို အာရုံ ပြုပါသည်။

ပုဗ္ဗေနိဝါသဉာဏ်စသည်တို့ဖြင့် ယူအပ်သောကာမာဝစရတရားကို အာရုံပြု၍ နှစ်သက်ဝမ်းမြောက်သော ရဟန္တာ၏ ဟသိတုပ္ပါဒ်စိတ်သည် ဓမ္မာရုံကို အာရုံပြုပါသည်။

http://www.dhammadownload.com



**မေး။** အကုသိုလ်ဒွါဒသ, ဉာဏဝိပ္ပယုတ် ကာမာဝစရဇော(၈)ခုတို့သည် အဘယ်ကြောင့် လောကုတ္တရာတရားကို အာရုံမပြုပါသနည်း။

**ဖြေ။** ၎င်းစိတ်တို့သည် မိုက်မဲသည်ဖြစ်၍ ဉာဏ်မရှိသောကြောင့် လောကုတ္တရာတရားကို အာရုံမပြုနိုင်ပါ။

(မှတ်ချက်) ဉာဏ်မရှိသူများ မဂ်,ဖိုလ်,နိဗ္ဗာန်ကို အာရုံမပြုနိုင်)

**မေး။** လောကုတ္တရဝဇ္ဇိတသမ္ပာရမ္မဏာနိ ၌ (၂၀)သောစိတ်တို့၏ အာရုံပြုပုံကို အသီးအသီးခွဲခြားရေးသားပါ။

**ဖြေ။** ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄)ပါးတို့သည် ကာမတရားတို့ကို အာရုံပြု၍ များသောအားဖြင့် သုံးသပ်သောအခါ, သာယာသောအခါ,နှစ်သက်သော အခါ၌ ကာမတရားကို အာရုံပြုပါသည်။

မဟဂ္ဂုတ်တရားတို့ကို များသောအားဖြင့်သုံးသပ်သောအခါ နှစ်သက် သောအခါ ,သာယာသောအခါ မဟဂ္ဂုတ်တရားကို အာရုံပြု၏။

ပညတ်တရားကို အာရုံပြု၍ များသောအားဖြင့် သုံးသပ်သောအခါ, နှစ် သက်သောအခါ,သာယာသောအခါ ပညတ်တရားကို အာရုံပြု၏။

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်(၄)ပါးတို့သည် ကာမ,မဟဂ္ဂုတ်,ပညတ်တရား တို့ကို အာရုံပြု၍ သာယာနှစ်သက်သောအခါ ကာမ,မဟဂ္ဂုတ်,ပညတ် တရားတို့ကို အာရုံပြုပါသည်။

ဒေါသမူစိတ်(၂)ပါးတို့သည် ပြစ်မှားခြင်း,နှလုံးမသာယာခြင်းတို့၏ အစွမ်းအားဖြင့်ဖြစ်သောအခါ ကာမ,မဟဂ္ဂုတ်,ပညတ်တရားတို့ကို အာရုံ ပြုပါသည်။

ဝိစိကိစ္ဆာသဟဂုတ်စိတ်သည် အာရုံကို မဆုံးဖြတ်နိုင်သည်၏အစွမ်း အားဖြင့် ဖြစ်သောအခါ ကာမ,မဟဂ္ဂုတ်,ပညတ်တရားကို အာရုံပြု၏။

http://www.dhammadownload.com



ဥဒ္ဓစ္စသဟဂုတ်စိတ်သည် ပျံ့လွင့်ခြင်း၊ မငြိမ်သက်ခြင်း၏အစွမ်းအားဖြင့် ဖြစ်သောအခါ ကာမ,မဟဂ္ဂုတ်,ပညတ်တရားကို အာရုံပြုပါသည်။

မဟာကုသိုလ်, မဟာကြိယာဉာဏဝိပ္ပယုတ်ဇော(၈)ခုတို့သည် ပုထုဇဉ်, သေက္ခ, ရဟန္တာပုဂ္ဂိုလ်တို့အား မရှိမသေလျှုခြင်း,ဆင်ခြင်ခြင်း တရားနာခြင်းစသည်တို့၌ ကာမတရားကိုအာရုံပြု၍ ဖြစ်သောအခါ ကာမတရားကို အာရုံပြုပါသည်။

အဝါးဝစ္စာလေ့လာအပ်ပြီးသော စျာန်တို့ကို ဆင်ခြင်သောအခါ မဟဂ္ဂုတ်တရားတို့ကို အာရုံပြုပါသည်။

ပထဝီကသိုဏ်းစသည်တို့၌ ပရိကမ်စသည်ပြုသောအခါ ပညတ်တရား ကို အာရုံပြုပါသည်။

**မေး။** မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်(၄)ခု, ကုသိုလ်အဘိဉာဉ်စိတ်သည် အဘယ်ကြောင့် အရဟတ္တမဂ်+ဖိုလ်ကို အာရုံမပြုပါသနည်း။

**ဖြေ။** ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌သာလျှင် ဖြစ်သောကြောင့် အာရုံမပြုနိုင်ပါ။

**မေး။** ပုထုဇဉ်တို့သည် အရိယာတို့၏စိတ်ကို သိနိုင်/မသိနိုင် အကြောင်းနှင့်တကွ ရေးပါ။

**ဖြေ။** ပုထုဇဉ်တို့သည် အရိယာတို့၏ သီးခြားပုဂ္ဂလိကဖြစ်သော မဂ်ဖိုလ်စိတ်တို့ကို မသိနိုင်ပါ။

(အကြောင်းကား) ထိုမဂ်စိတ်,ဖိုလ်စိတ်ကို မရဘူးသေးသောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



(မှတ်ချက်)အရိယာပုဂ္ဂိုလ်တို့၏သန္တာန်၌ဖြစ်သော လောကီစိတ်ကို ကား သိနိုင်ပါသည်။

**မေး။** ပုထုဇဉ်စသည်တို့သည် သောတာပန်စသည်တို့၏စိတ်ကိုမသိနိုင်ဘဲ လျက် အဘယ်ကြောင့် "အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ"ဟု ဆိုရပါသနည်း။

**ဖြေ။** သေက္ခပုဂ္ဂိုလ်တို့သည် မိမိ မိမိ၏ မဂ်ဖိုလ်ကိုဆင်ခြင်သောအခါ ၌၄င်း၊ သူတစ်ပါးသန္တာန်၌ရှိသော မဂ်ဖိုလ်လျှင်အာရုံရှိသော အဘိဉာဉ် ဖြင့် ပရိကမ်ပြုရာအခါ၌၄င်း၊ အဘိဉာဉ်စိတ်ဖြင့်ပင် မဂ်ဖိုလ်တို့ကို ပိုင်းခြား၍သိသောအခါ၌၄င်း၊ မိမိ၏၄င်း,မိမိနှင့်အဆင့်တူသောသေက္ခ ပုဂ္ဂိုလ်တို့၏၄င်း, အောက်ဖြစ်သောသေက္ခပုဂ္ဂိုလ်တို့၏၄င်း၊ မဂ်ဖိုလ် တို့ကို အာရုံပြု၍ ကုသိုလ်ဇောများဖြစ်နိုင်သောကြောင့် "အရဟတ္တမဂ္ဂ ဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ"ဆိုရပါသည်။
(အရဟတ္တမဂ်ဖိုလ်ကိုသာ ကြဉ်ရပါသည်ဟု ဆိုလိုပါသည်)

**မေး။** မဟာကုသိုလ်ဉာဏသမ္ပယုတ်(၄)ပါး+ကုသိုလ်အဘိဉာဉ်တို့သည် အာရုံ အားလုံးကို အာရုံပြုပုံကို(သဗ္ဗာရမ္မဏာဖြစ်ပုံကို) ရေးပါ။

**ဖြေ။** ပုထုဇဉ်,သေက္ခပုဂ္ဂိုလ်တို့၏ ရှိသေစွာအလှူပေးခြင်း, ဆင်ခြင် ခြင်း, တရားနာခြင်း, သဒ္ဓါရတရားတို့ကိုသုံးသပ်ခြင်း,ကသိုဏ်းပရိကမ် ပြုခြင်း စသည်တို့၌၄င်း၊ ထိုထိုကာမအာရုံစသည်တို့၌ဖြစ်ကုန်သော အဘိဉာဉ်တို့၏ ပရိကမ်ပြုရာအခါ၌၄င်း၊ ဂေါတြဘူ,ဝေါဒါန်စိတ်ဖြစ်ရာ အခါ၌၄င်း၊ ဒိဗ္ဗစက္ခုအဘိဉာဉ်စသည်တို့ဖြင့် ရူပါရုံစသည်တို့ကို သိသောအခါ၌၄င်း၊ ငါးပါးသောစိတ်တို့သည် ကာမ,မဟဂ္ဂုတ်,ပညတ်,

http://www.dhammadownload.com



အောက်အောက်မဂ်ဖိုလ်, နိဗ္ဗာန်ဟူသော အလုံးစုံသောအာရုံကို အာရုံပြုပါသည်။

**မေး။** သဗ္ဗတ္ထပိ သမ္မာရမ္မဏာနိ ၌ သဗ္ဗာရမ္မဏာအရကို ရေးခဲ့ပါ။

**ဖြေ။** ကာမာဝစရ, မဟဂ္ဂုတ်, လောကုတ္တရာတရားကိုးပါးဟူသော အာရုံ အားလုံးကို ယူရပါသည်။

**မေး။** လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ နှင့် သဗ္ဗတ္ထာပိ သဗ္ဗာရမ္မဏာနိ တို့၌ သဗ္ဗာရမ္မဏာနိနှစ်ခုအထူးကို ရေးခဲ့ပါ။

**ဖြေ။** လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ ၌ သပ္ပဒေသ သဗ္ဗာရမ္မဏာအာရုံ ကို ရပါသည်၊ သဗ္ဗတ္ထာပိ သဗ္ဗာရမ္မဏာနိ၌ နိပ္ပဒေသ သဗ္ဗာရမ္မဏာအာရုံ ကို ရပါသည် ။ဤသို့ထူးပါသည်။

**မေး။** သဗ္ဗတ္ထာပိ သဗ္ဗာရမ္မဏာနိ ၌ (၆)ပါးသောစိတ်တို့၏ အလုံးစုံသော အာရုံကို အာရုံပြုနိုင်ရာအခါကို ရေးခဲ့ပါ။

**ဖြေ။** မဟာကြိယာဉာဏသမ္ပယုတ်စိတ်(၄)ခု, ကြိယာအဘိဉာဉ်အားဖြင့် ငါးပါးသောစိတ်တို့သည် သဗ္ဗညုတဉာဏ်စသည်တို့၏အစွမ်းအားဖြင့် ဖြစ်သောအခါ အလုံးစုံသောအာရုံကို အာရုံပြုပါသည်။

ဝုဋ္ဌောသည် ထိုထိုသဗ္ဗညုတဉာဏ်စသည်တို့၏ ရှေ့သွားဖြစ်သော အခါ အလုံးစုံသောအာရုံကို အာရုံပြုပါသည်။

**မေး။** ဝိညာ,နေဝါဟူသော (၆)ပါးသောစိတ်တို့သည် အဘယ်ကြောင့် မဟဂ္ဂုတ်တရားကိုသာ အာရုံပြုပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ဝိညာ, နေဝါဟူသော ခြောက်ပါးသောစိတ်တို့သည် ပထမအရူပ, တတိယအရူပစိတ်လျှင် အာရုံရှိသည်၏အဖြစ်ကြောင့် မဟဂ္ဂုတ်တရားကိုသာ အာရုံပြုပါသည်။

**မေး။** ကာမာဝစရတရားကို အဘယ်ကြောင့် ပရိတ္တဟုခေါ်ပါသနည်း။

**ဖြေ။** ကာမာဝစရတရားသည် မဟဂ္ဂုတ်စသည်တို့ကို ထောက်၍ နည်းသော အာနုဘော်ရှိသည်ဖြစ်၍ ထက်ဝန်းကျင်မှ ပိုင်းဖြတ်အပ်သကဲ့သို့ ဖြစ်သောကြောင့် ပရိတ္တဟုခေါ်ပါသည်။

## "ဝတ္ထုသင်္ဂဟအဖွင့်"

**မေး။** ဝတ္ထုသင်္ဂဟေ ၌ ဝတ္ထု၏အဓိပ္ပါယ်နှင့် ဝတ္ထုသင်္ဂဟ၏အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** စိတ်,စေတသိက်တို့၏မှီရာအဖြစ်ဖြင့် စိတ်,စေတသိက်တို့၏နေရာ ဖြစ်သောကြောင့် ဝတ္ထုဟုခေါ်ပါသည်။

ဝတ္ထုတို့ကို ဝေဘန်သောအားဖြင့်၄င်း၊ထိုဝတ္ထုကိုမှီ၍ဖြစ်သော စိတ်, စေတသိက်တို့ကို ပိုင်းခြားသည်၏ အစွမ်းအားဖြင့်၄င်း၊ ပေါင်း၍ယူရာ ဖြစ်သောသင်္ဂဟသည် ဝတ္ထုသင်္ဂဟမည်၏။

**မေး။** ကာမဘုံ၌ အဘယ်ကြောင့် ဝတ္ထုရုပ်(၆)ပါးလုံးကို ရနိုင်ပါသနည်း။

**ဖြေ။** ကာမဘုံ၌သာ ဣန္ဒြေပြည့်စုံသောပုဂ္ဂိုလ်ကို ရအပ်ရနိုင်သောကြောင့် ဝတ္ထုရုပ်ခြောက်ပါးလုံးကို ရနိုင်ပါသည်။

http://www.dhammadownload.com



**မေး။** ။ တာနိ ကာမလောကေ သမ္ဘာနိပိ–၌ ပိသဒ္ဒါဖြင့် ပြအပ်သောအဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ပိသဒ္ဒါဖြင့် ဓဇ္ဈနုပုဂ္ဂိုလ်, ဓဇ္ဈမဓိရစသောပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် စက္ခုဝတ္ထု, သောတဝတ္ထုစသည်တို့ကို မရနိုင်ပုံကို ပြပါသည်။

**မေး။** ရူပဘုံ၌ ဃာန,ဇိဝှါ,ကာယဝတ္ထုသုံးပါးတို့ကို အဘယ်ကြောင့် မရပါသနည်း။

**ဖြေ။** ရူပဗြဟ္မာတို့သည် ကာမဝိရာဂဘာဝနာ၏အစွမ်းဖြင့် ဂန္ဓ,ရသ, ဖေါဋ္ဌဗ္ဗာရုံတို့၌ တပ်ခြင်းကင်းရကား ထိုအာရုံသုံးမျိုးလျှင် အာရုံရှိသော ပသာဒတို့၌လည်း တပ်ခြင်းကင်းသောကြောင့် ဃာန,ဇိဝှါ,ကာယဝတ္ထုသုံးပါးတို့ကို မရနိုင်ပါ။

**မေး။** ရူပဘုံ၌ စက္ခု, သောတဝတ္ထု(၂)ပါးကို အဘယ်ကြောင့် ရနိုင်ပါသနည်း။

**ဖြေ။** ဘုရားဖူးခြင်း, တရားနာခြင်းစသည်အကျိုးငှါ စက္ခု,သောတနှစ်ပါးတို့၌ တပ်ခြင်းမကင်းသောကြောင့် ရနိုင်ပါသည်။

**မေး။** အရူပဘုံ၌ ဝတ္ထုခြောက်ပါးလုံး အဘယ်ကြောင့် မရပါသနည်း။

**ဖြေ။** ရူပဝိရာဂဘာဝနာ၏အစွမ်းဖြင့် အရူပဘုံ၌ အချင်းခပ်သိမ်းရုပ်ဖြစ်ခြင်း မရှိသောကြောင့် ဝတ္ထု(၆)ပါးလုံးမရနိုင်ပါ။

**မေး။** ပဋိသန္ဓေဝိညာဏ်ဓာတုယောဂ၌ အဘယ်ကြောင့် ဓာတ်ဟုခေါ်ပါသနည်း။

**ဖြေ။** သတ္တလည်းမဟုတ်,ဇီဝလည်းမဟုတ်သောကြောင့်ဓာတ်ဟုခေါ်ပါသည်။

http://www.dhammadownload.com



**မေး။** အဘယ်ကြောင့် မနောဓာတ်ဟုခေါ်ပါသနည်း။

**ဖြေ။** သိခြင်းမျှသာဖြစ်၍ သတ္တ,ဇီဝမဟုတ်သောကြောင့် မနောဓာတ်မည်၏။

**မေး။** အဘယ်ကြောင့် မနောဝိညာဏဓာတ်ခေါ်ပါသနည်း။

**ဖြေ။** မနောဓာတ်, ပဉ္စဝိညာဏဓာတ်တို့ထက် ထူးသောသိခြင်းကိစ္စနှင့် ယှဉ်သည်ဖြစ်၍ သတ္တ,ဇီဝမဟုတ်သောကြောင့် မနောဝိညာဏဓာတ် ခေါ်ပါသည်။ (တနည်း) စိတ်၏ ဝိညာဏဓာတ်ဖြစ်သောကြောင့် မနောဝိညာဏဓာတ်မည်၏။

**မေး။** တဒါရုံကောဒသတို့သည် အဘယ်ကြောင့် အရူပဘုံ၌ မဖြစ်ပါသနည်း။

**ဖြေ။** စက္ခုစသောဒွါရတို့၌ မဖြစ်သောကြောင့်၄င်း၊ ကိစ္စမရှိသောကြောင့် ၄င်း၊ မဖြစ်ပါ။

**မေး။** ရူပဘုံ၌ ဒေါသမူဒွေးကို အဘယ်ကြောင့် မရပါသနည်း။

**ဖြေ။** ဒေါသသည် နီဝရဏအခိုက်အတန့်မှ ကင်းမှုမရှိသောကြောင့်(ဝါ) နီဝရဏအခိုက်အတန့်မှလွတ်သော ဒေါသမည်သည် မရှိသောကြောင့် မရနိုင်ပါ။ (အရူပဘုံ၌မေးလျှင်လည်း အတူတူပင်)

**မေး။** သောတာပတ္တိမဂ်ကို အရူပဘုံ၌ အဘယ်ကြောင့် မရပါသနည်း။

**ဖြေ။** အရူပဘုံ၌ သူတစ်ပါးထံမှ တရားနာရခြင်းဟူသော ပရတောဃောသ ပစ္စည်းမရှိသည်ဖြစ်၍ သာဝကများမဖြစ်သောကြောင့်၄င်း၊ ဘုရား, ပစ္စေကဗုဒ္ဓါတို့သည်လည်း လူ့ဘုံမှအခြားသောဘုံတို့၌ မဖြစ်သော

http://www.dhammadownload.com



ကြောင့်၄င်း၊ မရနိုင်ပါ။

**မေး။** အရူပဘုံ၌ ဟသိတုပ္ပါဒ်စိတ် အဘယ်ကြောင့် မရပါသနည်း။
**ဖြေ။** အရူပဘုံ၌ ရူပကာယမရှိသောကြောင့် ဟသိတုပ္ပါဒ်စိတ်ကို မရနိုင်ပါ။

**မေး။** ရူပါဝစရစိတ်တို့ကို အရူပဘုံ၌ အဘယ်ကြောင့် မရပါသနည်း။
**ဖြေ။** အရူပမြဟ္မာတို့သည် ရူပဝိရာဂဘာဝနာ၏ အစွမ်းအားဖြင့် ထိုရုပ်လျှင်အာရုံရှိသော ဈာန်တို့၌ တပ်ခြင်းကင်းသောကြောင့် မရပါ။

**မေး။** အဝသေသာ (ပ) နိဿာယဝါ အနိဿာယဝါ ၌ အဘယ်အခါ မှီ၍ အဘယ်အခါ မမှီပါသနည်း။
**ဖြေ။** ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုကိုမှီ၍၊ စတုဝေါကာရ ဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုကို မမှီပါ။

## ပကိဏ်ကပိုင်း အစီပွါယ်အဖွင့် ပြီး၏
## ပထမပယ်တန်း၌ ပထမကျမ်းပြီး၏

၁–၈–၉၄

http://www.dhammadownload.com